# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက် | ၂၀၁၇ ခုနှစ်၊ ဇူလိုင် ၃ ရက်၊ တနင်္လာနေ့ | အတွဲ (၅၆)၊ အမှတ်(၂၇၃)


## အမြဲတည်ခြင်းသည် မရှိချေ

အရိုးစု ၃၀၀ တို့ဖြင့် ဖွဲ့စည်းထားအပ်သော ဤခန္ဓာကိုယ်သည် အဆန်းတကြယ်ပြုလုပ်အပ်သော အရုပ်နှင့်တူ၏။ နာကျင်တတ်သောသဘောရှိ၏။ ယင်းခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီးခြင်းသို့ ရောက်ရ၏။ အမြဲတည်ခြင်းသည် မရှိချေ။ (ခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီး၍ အတည်မဲ့သော သဘောရှိသဖြင့် မစွဲလမ်း မနှစ်သက်အပ်ချေ။)

ဇရာဝဂ်(ဓမ္မပဒ - ၁၄၇)



သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ စုဒ္ဒသမအစည်းအဝေး ပထမနေ့ ကျင်းပစဉ် (သတင်းစဉ်)

# သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ စုဒ္ဒသမအစည်းအဝေး ပထမနေ့ကျင်းပ

**ရန်ကုန် ဇူလိုင် ၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ စုဒ္ဒသမအစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာ ရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသအမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ သာသနာရေးဦးစီးဌာနနှင့် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနတို့မှ အရာထမ်း/အမှုထမ်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသက သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ဘဒ္ဒန္တအဂ္ဂဓမ္မက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❁

## ဖောင်းပြင်မြို့နယ်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ သတိပြု

**နေပြည်တော် ဇူလိုင် ၂**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့၌ ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် လေးပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။ သို့ဖြစ်၍ ဖောင်းပြင်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်သည်။ (မိုး/ဇလ)

## တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မိုးပိုနေမည်

**နေပြည်တော် ဇူလိုင် ၂**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးပိုနေမည်။ (မိုး/ဇလ)

## ယနေ့ မာတိကာ


နိုင်ငံတော်ဩဝါဒါစရိယ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော်ကြီးအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ဖူးမြော်ကြည်ညို — စာ » ၅

အထူးစီးပွားရေးဇုန်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု — စာ » ၆

ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို ပီပီပြင်ပြင်ဖော်ဆောင်နိုင်ဖို့ဟာလည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်လိုပဲ နက်နဲရှုပ်ထွေးပါတယ် (မြန်မာနိုင်ငံဆိုင်ရာ တောင်အာဖရိကသံအမတ်ကြီးနှင့် တွေ့ဆုံမေးမြန်းခြင်း) — စာ » ၈

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို NCA စာချုပ်အတိုင်းသာ ဆက်လက်အကောင်အထည်ဖော်မည်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့က NCA စာချုပ်အကောင်အထည်ဖော်မှုဆိုင်ရာ ပြန်လည်သုံးသပ်ရန် ဖွဲ့စည်း — စာ » ၉





မြန်မာ့အလင်း

# ဘာသာတရားတို့၏ အဆုံးအမ အနှစ်သာရ

မကောင်းမှုဟူသမျှကိုမပြုရာ၊
ကုသိုလ်ကောင်းမှုနှင့် ပြည့်စုံစေရာ၏၊
မိမိ၏စိတ်ကို ဖြူစင်စေရာ၏၊
ဤသည်ကား ဘုရားရှင်တို့၏ အဆုံးအမပေတည်း။

မြတ်ဗုဒ္ဓ၏တရား အဆုံးအမ ဒေသနာတော်များအနက် ဆိုလိုရင်းကို တိုတိုရှင်းရှင်းဖြင့် အကြောင်းအရာ တူရာတူရာကို အစုလိုက်ဖော်ပြထားသည့် ဓမ္မပဒပါဠိတော်သည် ပုဒ်ရေအားဖြင့် ၄၂၃ ပုဒ်ပါဝင်သော ဂါထာ သို့မဟုတ် ကဗျာအစုအဖွဲ့ဖြစ်သည်။ ဗုဒ္ဓဘုရားရှင် ၄၅ ဝါပတ်လုံး ဟောကြားတော်မူခဲ့သော တရားဓမ္မများသည် ဖြစ်တည်မှု၏ တကယ့် အမှန်တရားတို့ကို ပြက်ပြက်ထင်ထင်ရှင်းပြတော်မူပြီး လွတ်မြောက်ရာလမ်းကိုလည်း နည်းလမ်းနှင့်တကွ ညွှန်ပြတော်မူထားခြင်းဖြစ်သည်။ ဗုဒ္ဓ၏ တရားတော်တို့ကို ရှုထောင့်စုံမှကြည့်မြင်ကာ တူရာအစု(ဝဂ္ဂ)များအဖြစ် ဓမ္မပဒ၌ဖော်ပြထားရာ အစုပေါင်း ၂၆ စုရှိပြီး ပစ္စုပ္ပန်တွင် လူသားဘဝ ဖူလုံပြည့်စုံစေရေး၊ တမလွန်တွင် ကောင်းမွန်စွာ ပြန်လည်မွေးဖွားလာရေးနှင့် အန္တိမပန်းတိုင်သို့ ရောက်ရှိစေရေးဟူသော အခြေခံရည်မှန်းချက်များရှိကြောင်းနှင့် အထက်တွင်ဖော်ပြခဲ့သော ဂါထာတော် စာစုလေးမှာ ဗုဒ္ဓဝါဒ၏အနှစ်ချုပ်ပင်ဖြစ်ကြောင်း ပညာရှိသူတော်စင်တို့က မိန့်ကြားထားရှိကြသည်။

ဗုဒ္ဓဘုရားရှင်သည် လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော်ကာလ ဘီစီခြောက်ရာစုအတွင်းက ပွင့်ပေါ်ခဲ့ခြင်းဖြစ်ရာ သမိုင်းအမြင်အရ အဆိုပါ ရာစုနှစ်သည် လူ့သမိုင်းတွင် အရေးကြီးသောကာလတစ်ရပ်ဖြစ်သည်ဟု သမိုင်းဆရာတို့က မှတ်တမ်းတင်ခဲ့သည်။ အဆိုပါရာစုနှစ်အတွင်း တရုတ်နိုင်ငံ၌ ကွန်ဖျူးရှပ်နှင့် လောင်ဇူ၊ ဂရိတွင် ပိုက်သာဂိုးရပ်စ်၊ ပါရှန်၌ ဇိုရိုအက်စတာ၊ အိန္ဒိယတိုက်ငယ်တွင် မဟာဝီရ(ဂျိန်း)နှင့် ဗုဒ္ဓတို့ပေါ်ပေါက်ခဲ့ခြင်းဖြစ်ပြီး လူသားတို့၏ အသိဉာဏ်အဆင့် မြင့်မားလာသော ရာစုနှစ်ဖြစ်သည်ဟု ဆိုကြသည်။ တစ်နည်းအားဖြင့် ဘီစီခြောက်ရာစု မတိုင်ခင်က လူသားတို့၏ အသိဉာဏ်အဆင့်မှာ အရွယ်မရောက်သေးဘဲ ဘီစီခြောက်ရာစုသို့ရောက်လာမှသာ လူသားတို့၏ အသိဉာဏ်အဆင့် အရွယ်ရောက်လာခြင်းဖြစ်သည်ဟု ဆိုသည်။ လူသားတို့ အသိဉာဏ်အကွေ့အပြောင်းသည် ဤရာစုနှစ်ဝန်းကျင်၌ စတင်ခဲ့ပြီး လောကအမြင်၊ ဘဝအမြင်များ ရှေးကနှင့်မတူဘဲ ပြောင်းလဲလာခဲ့ခြင်းဖြစ်သည်။

လူသားတို့ကိုးကွယ်ရာ ဘာသာတရားတိုင်းက လူသားတို့အား ကိုယ်ကျင့်တရားဖြင့် ဘဝကို ထိန်းကျောင်းရန်၊ ရိုင်းသည့်စိတ်ကို ယဉ်ကျေးအောင်ဆုံးမရန်၊ မိမိတို့၏စိတ်ကို အစိုးတရရှိကြရန်၊ စိတ်နှလုံးဖြူစင်ကြစေရန် ဆုံးမကြမြဲပင်ဖြစ်သည်။ ဗုဒ္ဓဘုရားရှင် ကိုယ်တော်တိုင်သည် အခြားသောဘာသာအယူဝါဒတို့အပေါ် ထောက်ထားစာနာပြီး မိမိကြောင့် သူတစ်ပါး ထိခိုက်နစ်နာမည်ကို မလိုလားကြောင်း မဇ္ဈိမနိကာယ်-ဥပါလိသုတ်နှင့် ဝိနည်း-မဟာဝဂ္ဂခန္ဓက၊ ဒီဃနိကာယ်၊ ဥဒုမ္ဗရိက သုတ်တို့၌ ဖတ်ရှုလေ့လာနိုင်သည်။ ဘုရားရှင် ပရိနိဗ္ဗာန်စံပြီးနောက် ဘီစီသုံးရာစုအတွင်း ဂျိန်းဘာသာမှ ဗုဒ္ဓဘာသာသို့ ကူးပြောင်းလာသူ အသောကမင်းကြီးရေးထိုးခဲ့သည့် သတ္တမကျောက်စာတွင်- သ ဝေ ဟိ တေ သံယမံ စ ဘဝသုဓိ ဣဆံတိ-ဟူ၍ရေးထိုးထားရာ အနက်အဓိပ္ပာယ်အားဖြင့် "အလုံးစုံသော စစ်မှန်သည့် အယူဝါဒများသည် ကိုယ်ကျင့်သိက္ခာစောင့်စည်းခြင်းကိုလည်းကောင်း၊ ပစ္စုပ္ပန်ဘဝ၏ စင်ကြယ်မြင့်မြတ်မှုကိုလည်းကောင်း အလိုရှိကြကုန်၏" ဟူ၍ဖြစ်သည်။

ဘာသာတရားတို့သည် အနှစ်သာရအားဖြင့် ပစ္စုပ္ပန်ကိုပဓာနထားကာ ရှင်သန်နေစဉ်ကာလအတွင်း ပျော်ရွှင်သော၊ ချမ်းမြေ့သော၊ ငြိမ်းချမ်းသော ဘဝများ၊ လူမှုအသိုက်အဝန်းများ ထူထောင်နိုင်ကြစေရန်အတွက် တစ်ဦးချင်းစီ၏ ကိုယ်ကျင့်သိက္ခာမြင့်မားစေရေး၊ ဘဝစင်ကြယ်မြင့်မြတ်စေရေးဆောင်ရွက်ရန်၊ ယင်းသို့ဆောင်ရွက်ခြင်းအားဖြင့် ပစ္စုပ္ပန်ကို ကျော်လွန်သည့် တမလွန်ဘဝကောင်းမွန်စေရန် ပြဋ္ဌာန်းထားခြင်းပင် ဖြစ်သည်။ မကောင်းမှုဟူသမျှကို ရှောင်ကြဉ်စေခြင်း၊ ကုသိုလ် ကောင်းမှုတို့နှင့် ပြည့်စုံစေခြင်း၊ မိမိတို့၏စိတ်နှလုံးတို့ကိုဖြူစင်စေခြင်း တို့သည် လူသားအားလုံးတို့အတွက်၊ လူသားကမ္ဘာကြီး ငြိမ်းချမ်းသာယာရေးအတွက်၊ လူတစ်ဦးချင်းစီနှင့် လူ့အသိုက်အဝန်းတို့အတွက် တစ်ဘဝတာ လိုအပ်ချက်များပင်ဖြစ်ပါကြောင်း။ ။

## တောင်ငူ၌ ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်ရွေးချယ်ပွဲ ကျင်းပ

**ပဲခူး ဇူလိုင် ၂**

ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေး ကော်မတီအဖွဲ့ဝင်ရွေးချယ်ပွဲကို ဇွန် ၃၀ ရက် မွန်းလွဲ ၂ နာရီက တောင်ငူမြို့နယ် စည်ပင်သာယာရေးရုံးခန်းမ၌ကျင်းပရာ ကော်မတီရွေးချယ်ကြီးကြပ်ရေးအဖွဲ့ဝင်များက ကြီးကြပ်ပြီး တောင်ငူခရိုင် ခြောက်မြို့နယ်မှ စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌခြောက်ဦး တက်ရောက်ကြကာ မဲပေးရွေးချယ်ကြသည်။



အဆိုပါ မြို့နယ်ကိုယ်စားပြု ခြောက်ဦးမှာ တောင်ငူမြို့နယ်မှ ဦးအေးလွင်၊ အုတ်တွင်းမြို့နယ်မှ ဦးသိန်းဝင်း၊ ရေတာရှည်မြို့နယ်မှ ဦးခင်မောင်ထွေး၊ ထန်းတပင်မြို့နယ်မှ ဦးတင်မြင့်၊ ကျောက်ကြီးမြို့နယ်မှ ဦးထွန်းဇော်ဦး၊ ဖြူးမြို့နယ်မှ ဦးအောင်သူရတို့ဖြစ်ကြပြီး ရေတာရှည်မြို့နယ်မှ ဦးခင်မောင်ထွေးက လေးမဲဖြင့် ခရိုင်ကိုယ်စားပြု တိုင်းဒေသကြီးစည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်ဖြစ်ခဲ့ကြောင်း သိရသည်။

**သူရ (တောင်ငူ)**

## ထင်သာမြင်သာ ပြုပြင်စရာ

## မလှိုင်မြို့ရှိ စာကြည့်တိုက်အတွင်း စာအုပ်များမရှိဘဲ ယိုယွင်းပျက်စီးနေသဖြင့် ပြုပြင်ပေးစေလို

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် မြို့မစည်ပင်သာယာပန်းခြံအတွင်းရှိ စာကြည့်တိုက်မှာ မည်သည့်စာအုပ်မျှမရှိဘဲ ပျက်စီးယိုယွင်းနေသည်မှာ ကြာလှပြီဖြစ်သည်။

မလှိုင်မြို့စည်ပင်သာယာပန်းခြံအတွင်း အများပြည်သူများ စာပေလေ့လာနိုင်ရန် ရည်ရွယ်၍ စာကြည့်တိုက်ပြုလုပ်ခဲ့သော်လည်း ယခုအခါ များစွာ ယိုယွင်းပျက်စီးနေပြီး အနယ်နယ်အရပ်ရပ်မှ လာသောဈေးဝယ်များက ဈေးအိမ်သာသဖွယ် အသုံးပြုနေကြောင်း သိရသည်။

"အရင်တုန်းက စာကြည့်တိုက်ပါ။ အားလုံး စာပေလေ့လာနိုင်အောင် စေတနာနဲ့ လုပ်ခဲ့ကြတာပါ။ အခုက ပျက်စီးနေပြီ။ စာအုပ်တွေလည်း မရှိပါဘူး။ ခက်တာက ဒီအဆောက်အအုံကို အကာအကွယ်လုပ်ပြီး ပန်းခြံထဲလာ၊ အပေ့ါအပါးသွားကြတာပါ။ အနံ့အသက်က ပတ်ဝန်းကျင်ကို ပျံ့လာတယ်။ ဈေးနားနီးတော့ အနယ်နယ်အရပ်ရပ်က လာတဲ့သူတွေက အပေ့ါအပါးအလွယ်သွားကြတာ။ ပတ်ဝန်းကျင်က ဒီအနံ့အသက်တွေကြောင့် များစွာ စိတ်အနှောင့်အယှက်ဖြစ်ရပါတယ်" ဟု ပန်းခြံအနီးရှိ ဆိုင်ပိုင်ရှင်တစ်ဦးကပြောသည်။



မြေပိုင်ရှင်နှင့် စာကြည့်တိုက်ပိုင်ရှင်တို့ ညှိနှိုင်းတိုင်ပင်နေကြောင်းသိရပြီး အလွယ်တကူ အပေ့ါအပါးသွားတတ်သူများကြောင့် ပတ်ဝန်းကျင်ရှိ ပြည်သူများ စိတ်အနှောင့်အယှက် များစွာဖြစ်ပေါ်နေသော စည်ပင်သာယာပန်းခြံအတွင်းရှိ စာကြည့်တိုက်အား ပြုပြင်ခြင်း သို့မဟုတ် ဖျက်ဆီးဖယ်ရှားပေးခြင်းများအား အမြန်ဆုံးပြုလုပ်ပေးနိုင်ရန် ပြည်သူများက မျှော်လင့်နေကြောင်း သိရသည်။

**ဘိုဘို (မလှိုင်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၂-၇-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၇၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၄၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၇၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၆၅၀/၆၇၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၅၀/၆၇၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၀၅/၇၃၀ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၇၀/၇၀၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၁ ·၀ |
| ဥရောပ | တစ်ယူရို | ၁၅၂၃ ·၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၈၁ ·၈၆ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ ·၀၉ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ·၁၀ |
| တရုတ် | တစ်ယွမ် | ၁၉၉ ·၆၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၇ ·၅၅ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - ဝင်းရွှေ |
| စာတည်းမှူး | - မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီရွှေ၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ခင်ရတနာ၊သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# နိုင်ငံသူ နိုင်ငံသားတို့ ညီညွတ်စည်းလုံးနေကြပါလျှင် တစ်နိုင်ငံလုံးဘေးရန်ကင်းကွာ ချမ်းသာနေမှာဖြစ်

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်**
**သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇) ပါးစုံညီ**
**စုဒ္ဒသမအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော**
**အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက**
**ဗန်းမော်ကျောင်းတိုက်ဆရာတော်**
**ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်၏**
**အစည်းအဝေးဖွင့် သာရဏီယဩဝါဒကထာ**

**၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၉ ရက်၊ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂ ရက်(တနင်္ဂနွေနေ့)**

သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ စုဒ္ဒသမအစည်းအဝေးသို့ ကြွရောက်တော်မူလာကြကုန်သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော် အရှင်မြတ်တို့ဘုရား-

ဆရာတော်အရှင်မြတ်တို့ ကိုယ်စိတ်နှစ်ဖြာ ကြည်သာရွှင်လန်းချမ်းမြေ့စွာဖြင့် သာသနာတော်အရေးကို အလေးဂရုပြုလျက် ကာယသာမဂ္ဂီ၊ စိတ္တသာမဂ္ဂီပေးကာ ကြွရောက်တော်မူလာကြသည်ကို တွေ့မြင်ရပါသဖြင့် သာသနာတော်အတွက် အားတက်ရွှင်လန်းဝမ်းမြောက်ရပါသည် ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား-**

ယနေ့ကျင်းပသော သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ စုဒ္ဒသမ အစည်းအဝေး၌ အပါဒါန်ပါဠိတော်+စရိယာပိဋက ပါဠိတော်တို့၌ လာသော-

**ဝိဝါဒံ ဘယတော ဒိသွာ၊ အဝိဝါဒဉ္စ ခေမတော။**
**သမဂ္ဂါ သခိလာ ဟောထ၊ သော ဗုဒ္ဓါနုသာသနီ။**

ဟူသော မြတ်စွာဘုရား၏ ရွှေနှုတ်တော်ထွက် ဓမ္မစက်ဒေသနာ ဩဝါဒဂါထာကိုပင် ရှင်းလင်းလျှောက်ထားလိုပါသည်ဘုရား။

ဤဂါထာ၌"ဝိဝါဒံ ဘယတော ဒိသွာ=ငြင်းခုံခြင်းကို ဘေးအားဖြင့် ရှုမြင်၍" ဟုဆိုရာဝယ် "ဝိဝါဒံ ဘယတော ဒိသွာတိ ဝိဝါဒံ ကလဟံ ဘယတော ဒိသွာ အပါယ ဘာဂီတိ ဒိသွာ ဉတွာ" ဟူသော အဋ္ဌကထာအဖွင့်နှင့်အညီ ပစ္စက္ခ၌ တွေ့ကြုံရမည့် အတ္တာနုဝါဒ+ပရာနုဝါဒ+ဒဏ္ဍဘေးများသာမက လွန်စွာကြီးလေးသည့် ဒုဂ္ဂတိဘေး တိုင်အောင် ကျရောက်နိုင်သည်ကို သိမြင်ကြ၍ လည်းကောင်း၊

"အဝိဝါဒဉ္စ ခေမတော=အငြင်းမပွားခြင်းကို ဘေးမဲ့တရားအနေဖြင့် ရှုမြင်၍" ဟု ဆိုရာဝယ် "အဝိဝါဒံ ဝိဝါဒတော ဝိရမဏံ 'နိဗ္ဗာနပ္ပတ္တိ' တိခေမတော ဒိသွာ ဉတွာ"ဟူသော အဋ္ဌကထာအဖွင့်နှင့်အညီ ပစ္စက္ခ၌ ဘေးရန်ကင်းငြိမ်းရုံမျှမက နိဗ္ဗာနဓာတ် အမြိုက်ရပ်သို့ ဆိုက်ကပ်နိုင်အောင်ပင် အကျိုးတရားကြီးမားလှသည် ကို သိမြင်ကြ၍လည်းကောင်း၊ ဆန့်ကျင်ဘက်စကားပြောကြားငြင်းခုံမှုကို အထူး ရှောင်ကြဉ်ကြရမည် ဖြစ်ပါသည်ဘုရား။

သမဂ္ဂါဟူသော ပါဠိအရ သာမဂ္ဂီသည်

(၁) ဂဏသာမဂ္ဂီ

(၂) ဓမ္မသာမဂ္ဂီ

(၃) အနဘိနိဗ္ဗတ္တိသာမဂ္ဂီ

ဟူ၍ သုံးမျိုးရှိသည်ကို မဟာနိဒ္ဒေသ ပါဠိတော်၌ ဟောတော်မူပါသည်။

ထိုသုံးမျိုးတို့တွင် များစွာသော ရဟန်းတော်တို့ ညီညီညွတ်ညွတ်ဝမ်းမြောက် ဝမ်းသာငြင်းခုံမှုမရှိဘဲ "နို့နှင့်ရေရောနှောသည့်ပမာ" အချင်းချင်းချစ်ခင်သော မျက်စိတို့ဖြင့် ကြည့်ရှုနေထိုင်ကြခြင်းသည် ဂဏသာမဂ္ဂီမည်ပါသည်။

ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးတို့ တစ်ပေါင်းတည်းကောင်းစွာ တည်ခြင်းသည် ဓမ္မသာမဂ္ဂီမည်ပါသည်။

အနုပါဒိသေသ နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ဝင်စံကုန်သော ရဟန်းတော်တို့၏



ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ

နိဗ္ဗာနဓာတ်၏ ယုတ်မှု ပြည့်မှုမထင်ခြင်းသည် အနဘိနိဗ္ဗတ္တိ သာမဂ္ဂီမည်ပါသည်။

ဤသာမဂ္ဂီသုံးမျိုးတို့တွင် ဤဂါထာလာ "သမဂ္ဂါ" ဟူသော ပါဠိအရ "သမဂ္ဂါ ဧကစိတ္တာ" ဟူသော အဋ္ဌကထာအဖွင့်ကို ထောက်ဆ၍ ဂဏသာမဂ္ဂီကို ယူရမည်ဖြစ်ပါသည်။ ထို့ကြောင့် ဘေးရန်ကင်းကွာ ချမ်းသာလိုသူတိုင်း စိတ်ဝမ်းမကွဲ တစ်စိတ်တည်းတစ်ဝမ်းတည်း ညီညွတ်ကြရမည်ဖြစ်ပါသည်။

ရဟန်းတော်အားလုံးစိတ်ဝမ်းမကွဲ တစ်သားတည်းညီညွတ်နေလျှင် တပည့်တော်တို့ တစ်သာသနာလုံး ဘေးရန်ကင်းကွာ ချမ်းသာနေမှာ ဖြစ်ပါသည်။ သန့်ရှင်းတည်တံ့ပြန့်ပွားနေမှာဖြစ်ပါသည်။ နိုင်ငံသူ နိုင်ငံသားတို့ တစ်စိတ်တစ်ဝမ်းတည်း ညီညွတ်စည်းလုံးနေကြပါလျှင် တစ်နိုင်ငံလုံးဘေးရန်ကင်းကွာ ချမ်းသာနေမှာ ဖြစ်ပါတယ်ဘုရား။

"သခိလာ" ဟူသောပါဠိ၌ "သခိလာ သိလိဋ္ဌာ မေတ္တာယ မုဒုဂတာယ သောဘ မာနာ ဟောထာတိအတ္ထော" ဟူသော အဋ္ဌကထာအဖွင့်နှင့်အညီ နူးညံ့ပြေပြစ် ချစ်ဖွယ်သောစကားကို ပြောဆိုတတ်သူသည် "သခိလ"မည်ပါသည်။ ထိုနူးညံ့ ပြေပြစ်ချစ်ဖွယ်သောစကားကို ပြောဆိုတတ်သူ၏ ဖြစ်ကြောင်းဖြစ်သော=(ထိုနူးညံ့ ပြေပြစ်ချစ်ဖွယ်သောစကားကို ပြောဆိုတတ်သူဖြစ်အောင် ပြုတတ်သော)မဟာ ကုသိုလ်၊ မဟာကြိယာစိတ္တုပ္ပါဒ်ကို "သာခလျ" ဟုခေါ်ဆိုပါသည်။

"တတ္ထ ကတမံ သာခလျံ၊ ယာ သာ ဝါစာ အဏ္ဍကာ ကက္ကသာ ပရကဋုကာ ပရာဘိသဇ္ဇနီ ကောဓသာမန္တာ အသမာဓိသံဝတ္တနိကာ တထာရူပိံ ဝါစံ ပဟာယ ယာ သာ ဝါစာ နေဠာ ကဏ္ဏသုခါ ပေမနီယာ ဟဒယင်္ဂမာ ပေါရီ ဗဟုဇနကန္တာဗဟုဇန မနာပါ တထာရူပိံ ဝါစံ ဘာသိတာ ဟောတိ၊ ယာ တတ္ထ သဏှဝါစတာ သခိလဝါစတာ အဖရုသဝါစတာ။ ဣဒံ ဝုစ္စတိ သာခလျံ"

ဟူသော ဓမ္မသင်္ဂဏီပါဠိတော်နှင့်အညီ တပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်အရှင်မြတ်တို့သည် သာသနာ့ကိစ္စအဝဝတို့ကို ပြောဆိုဆွေးနွေးတော်မူကြ ရာ၌ နူးညံ့ပြေပြစ် ချစ်ဖွယ်စကားပြောကြားမိန့်ဆိုတတ်သော "သခိလ" ပုဂ္ဂိုလ် မြတ်များ ဖြစ်တော်မူကြ၍ "သာခလျ"ဟုခေါ်ဆိုအပ်သော မဟာကုသိုလ်စိတ္တုပ္ပါဒ်များ အထပ်ထပ်ဖြစ်ပွားအောင်-

| | | |
|---|---|---|
| အဏ္ဍက | = | ခုံသန၊ ဝမ္ဘန စသောစကားတို့ဖြင့် မပြေမပြစ် အထစ်အဖုရှိသောစကား၊ |
| ကက္ကသ | = | ကြမ်းတမ်းသော၊ နားမချမ်းသာဖွယ်ဖြစ်သော စကား၊ |
| ပရကဋုက | = | သူတစ်ပါးတို့အတွက် ခါးစပ်သောအရသာနှင့်တူ သောစကား၊ |
| ပရာဘိသဇ္ဇနီ | = | သွားလိုရာသို့ သွားခွင့်မပေးဘဲ ငြိတွယ်တတ်သော ဆူးခက်ကဲ့သို့သူတစ်ပါးတို့စိတ်၌ ထိုးဆွ၍ ထိုးဆွ၍ လွန်စွာငြိကပ်တတ်၊ သူတစ်ပါးတို့စိတ်ကို ထိခိုက်စေတတ်သောစကား၊ |
| ကောဓ သာမန္တာ | = | အမျက်ဒေါသ၏ အနီးအပါး၌ဖြစ်သော၊ အမျက် ဒေါသထွက်လောက်အောင်ဖြစ်သောစကား၊ |
| အသမာဓိသံဝတ္တနိကာ | = | ဉပစာရသမာဓိ၊ အပ္ပနာသမာဓိကို မဖြစ်စေတတ် သောစကား၊ |

ဤခြောက်မျိုးသောစကားတို့ကို ပယ်ရှားတော်မူကြ၍-

| | | |
|---|---|---|
| နေဠ | = | အပြစ်ကင်းသောစကား၊ |
| ကဏ္ဏသုခ | = | နားချမ်းသာသော(နားဝင်ချိုသော)စကား၊ |
| ပေမနီယ | = | ချစ်နှစ်သက်ဖွယ် မြတ်နိုးဖွယ်ဖြစ်သော စကား၊ |
| ဟဒယင်္ဂမ | = | မထိခိုက်ဘဲချမ်းသာစွာ စိတ်နှလုံးသို့ သက်ဝင် သောစကား၊ |
| ပေါရီ | = | နေပြည်တော်သူမြို့ကြီးသူတို့ စကားသဖွယ် ယဉ်ကျေးသောစကား၊ |
| ဗဟုဇနကန္တ | = | လူအများနှစ်သက်အပ်သောစကား၊ |
| ဗဟုဇနမနာပ | = | နှစ်သက်မြတ်နိုးအပ်သည်၏အဖြစ်ဖြင့် လူအများ၏ စိတ်ကိုတိုးပွားစေတတ်သောစကား၊ |

ဤခုနစ်မျိုးသောစကားတို့ကိုသာ ပြောဆိုဆွေးနွေးတော်မူကြပါရန် လျှောက်ထား ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား-**

ဤအဆုံးအမဩဝါဒသည် ဂေါ်ဝိဋ္ဌသဲစုမက ပွင့်တော်မူကြကုန်ပြီးသော အဆူဆူ သော ဘုရားရှင်တို့၏ အဆုံးအမ ဩဝါဒတော်ဖြစ်ပါသည်။ ထို့ကြောင့် ဘုရားရှင် ၏ တပည့်သားတော်များ ဖြစ်ကြကုန်သော တပည့်တော်တို့ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ဝင် အရှင်မြတ်တို့သည် ဤအဆုံးအမ ဩဝါဒတော်ကို လေးလေး နက်နက်ခံယူကြကာ လိုက်နာကျင့်သုံးတော်မူကြပါရန် လျှောက်ထားလိုပါသည် ဘုရား။

**ဝိဝါဒံ ဘယတော ဒိသွာ၊ အဝိဝါဒဉ္စ ခေမတော။**
**သမဂ္ဂါ သခိလာ ဟောထ၊ သော ဗုဒ္ဓါနုသာသနီ။**

ဘိက္ခဝေါ=ရဟန်းတို့၊ ဝိဝါဒံ=သူမတရား ငါတရားနှင့်သူကား လွဲစင်ငါမှန်ထင်၍ ဆန့်ကျင်စကား အငြင်းပွားခြင်းကို၊ ဘယတော=ကြောက်ဖွယ်မအေး ဘေးအနေ အားဖြင့်၊ ဒိသွာစ= ယထာဘူတ သဘာဝဉာဏ်ဝင် အမှန်အတိုင်းသိမြင်ကြ၍ လည်းကောင်း၊ အဝိဝါဒံ=မေတ္တာရှေ့ထား အငြင်းမပွားခြင်းကို၊ ခေမတော= ဘေးရန် မသမ်း အေးချမ်းသောအနေအားဖြင့်၊ ဒိသွာစ=ယထာဘူတ သဘာဝဉာဏ်ဝင် အမှန်အတိုင်းသိမြင်ကြ၍ လည်းကောင်း၊ သမဂ္ဂါ=ကိုယ်စိတ်နှစ်ပါး မကွဲပြားဘဲ တစ်သားတည်းညီညွတ်ကြကုန်သည်လည်းကောင်း၊ သခိလာ= နူးညံ့ပြေပြစ် ချစ်ဖွယ် စကားပြောကြားကြကုန်သည် လည်းကောင်း၊ ဟောထ= ဧကန်စင်စစ်ဖြစ်ကြကုန် လော့၊ သော= ဤသည်ကား၊ ဗုဒ္ဓါနုသာသနီ= ဂင်္ဂါဝဠု သဲစုမကပွင့်တော်မူကြသည့် ဗုဒ္ဓမြတ်စွာ အစိန္တေယျာတို့၏ ကရုဏာနှလုံးအစဉ်သုံးလျက် ဆုံးမတော်မူချက်ဖြစ်ပါ သတည်းဟု လျှောက်ထားရင်း တပည့်တော်၏ ဩဝါဒကို နိဂုံးကမ္ပတ် အဆုံးသတ် ပါသည်ဘုရား။

**ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ**
**အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက**

# အရည်အသွေးပြည့်ဝသော အဝေးသင်ဘွဲ့ရပညာတတ်များ မွေးထုတ်ပေးနိုင်ရေး ဆွေးနွေး

**ရန်ကုန် ဇူလိုင် ၂**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးသည် ဗြိတိန်နိုင်ငံ Department For International Development (DFID)မှ ဝန်ကြီး Mr. Alistair Burt နှင့်အဖွဲ့အား ယနေ့ညနေပိုင်းတွင် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင် ကောင်စီခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် လူတိုင်းအကျုံးဝင် ပညာရေးတိုးမြှင့်ဆောင်ရွက်ရန်၊ သင်ရိုးညွှန်းတမ်းများ အဆင့်မြှင့်တင်ရန်၊ ဆရာ ဆရာမများအရည်အသွေးမြင့်မားစေရေး မွမ်းမံသင်တန်းများပေးရန်၊ နှစ်နှစ်သင် ပညာရေးကောလိပ်များကို လေးနှစ်သင် ပညာရေးကောလိပ်များအဖြစ် အဆင့်မြှင့် တင်ရေးဆောင်ရွက်ရန်၊ တတ်မြောက်မှု အကဲဖြတ်ခြင်း၊ စစ်ဆေးခြင်းဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် တိုင်းရင်းသားဘာသာစကား သင်ကြားပေးနေမှု၊ ရန်ကုန်တက္ကသိုလ် အဆင့်မြှင့်တင်ရေး လုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်ရန်၊ ဘာသာရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု အတွက် ဗြိတိန်နိုင်ငံတက္ကသိုလ်များ၏ အငြိမ်းစားပညာရှင် ပါမောက္ခများ ရန်ကုန်တက္ကသိုလ်တွင် လာရောက် သင်ကြားပေးနိုင်ရေး၊ တက္ကသိုလ်ဆရာ ဆရာမများ၏ အင်္ဂလိပ်စာအရည်အသွေး တိုးတက်မြင့်မားလာစေရေး၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၏စွမ်းဆောင် ရည်မြှင့်တင်ရေး၊ တက္ကသိုလ်ဆရာ ဆရာမ များ၊ ဝန်ထမ်းများအား ပညာသင်စေလွှတ် နိုင်ရေး၊ အဝေးသင်တက္ကသိုလ်များကို ပိုမိုထိရောက်သော နည်းပညာများ အသုံးပြုပြီး အရည်အသွေးပြည့်ဝသော အဝေးသင်ဘွဲ့ရပညာတတ်များ မွေးထုတ် ပေးနိုင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေး ခဲ့ကြသည်။

**(သတင်းစဉ်)**



# မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် မန္တလေးဗဟိုအကျဉ်းထောင်အား ကွင်းဆင်းစစ်ဆေး

**မန္တလေး ဇူလိုင် ၂**

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးစိုးသိန်းသည် ရုံးအဖွဲ့မှူး ဒေါ်အိအိခင်၊ ဒုတိယရုံးအဖွဲ့မှူး ဦးညိုဌေး၊ ခရိုင်တရားသူကြီး ဒေါ်ခင်လှကြည်နှင့် မြို့နယ်တရားသူကြီး ဦးမြင့်ဦးတို့နှင့်အတူ ဇွန် ၃၀ ရက် နံနက် ၁၀ နာရီက မန္တလေး ဗဟိုအကျဉ်းထောင်သို့သွားရောက်၍ စစ်ဆေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်နှင့်အဖွဲ့သည် မန္တလေး ဗဟိုအကျဉ်းထောင်ရှိ အကျဉ်းသား၊ အကျဉ်းသူများ နေထိုင်စားသောက်မှု၊ ကျန်းမာ ရေးစောင့်ရှောက်မှု၊ အမျိုးသမီးများ၏လုံခြုံမှုနှင့် ကာကွယ်စောင့်ရှောက်မှု၊ အသက် မွေးဝမ်းကျောင်းပညာ သင်ကြားမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုမေးမြန်းပြီး ကြန့်ကြာနေသော အချုပ်တရားခံအမှုများနှင့် ထောင်အယူခံ တင်သွင်းမှုအခြေအနေ၊ အချုပ်တရားခံအမှုများကို မြန်ဆန်စွာစစ်ဆေးပြီးပြတ်နိုင်ရေး၊ စစ်ဆေးဆဲ အမှု လက်ကျန်လျော့နည်းကျဆင်းရေးတို့ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ အကျဉ်းဦးစီးဌာနတို့နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ကြောင်း သိရသည်။ **တင်မောင်(မန္တလေး)**

## မုတ်သုံလေအားကောင်းနေ

**နေပြည်တော် ဇူလိုင် ၂**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ် အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။ (မိုး/ဇလ)



သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ စုဒ္ဒသမအစည်းအဝေး ပထမနေ့ ကျင်းပစဉ် (သတင်းစဉ်)

❀ *ရှေ့ဖုံးမှ*

အခမ်းအနားမှူး ဆရာတော်က အစည်းအဝေး စတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေးထမြောက်အောင်မြင်ကြောင်း ကြေညာသည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးက အစည်းအဝေးဖွင့်သာရဏီယသြဝါဒကထာကို မြွက်ကြားတော်မူသည်။ **(သာရဏီယသြဝါဒကထာကို စာမျက်နှာ ၃ တွင် ဖော်ပြထားပါသည်။)**

**အတည်ပြုချက်ရယူ**

ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများ လျှောက်ထားရာတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးသည် သက်တမ်းအားဖြင့် ၃၇ နှစ်ရှိခဲ့ပြီဖြစ်ပြီး အဆိုပါလွန်ခဲ့သောကာလများအတွင်း သံဃာ့ကိစ္စများကို အချိန်အခါအခြေအနေအရ လိုက်လျောညီထွေ ဆောင်ရွက်နိုင်ရေးအတွက် သံဃာ့အဖွဲ့အစည်းဆိုင်ရာ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများ၊ ဝိနိစ္ဆယလက်စွဲတို့ကို နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အစည်းအဝေးကြီးများသို့ တင်ပြအတည်ပြုချက်ရယူပြီး ပြင်ဆင်ခဲ့သည်များကို တွေ့ရှိရပါကြောင်း။

**သန့်ရှင်းစင်ကြယ်**

သာသနာတော် သန့်ရှင်းရေးလုပ်ငန်းများအနေဖြင့် ဝိဝါဒါဓိကရဏ်း၊ အနုဝါဒါဓိကရဏ်း၊ အဓမ္မဝါဒ၊ သမဏသာရုပ္ပမဖြစ်သော ကြည်ညိုဖွယ်မဆောင်သည့် အမှုများကို ဖြေရှင်းဆောင်ရွက်ရာ၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်း၊ ဝိနိစ္ဆယလက်စွဲ၊ ညွှန်ကြားလွှာများနှင့်အညီ တိုင်းဒေသကြီး/ပြည်နယ်၊ မြို့နယ်၊ ရပ်/ကျေးသံဃနာယက အဖွဲ့အစည်းအဆင့်ဆင့်အထိ ကြီးသောအမှုငယ်အောင်၊ ငယ်သောအမှုပပျောက်အောင် ညွှန်ကြားဆောင်ရွက်နေခြင်းသည် သာသနာတော် သန့်ရှင်းစင်ကြယ်အောင် ဆောင်ရွက်ခြင်းပင်ဖြစ်ပါကြောင်း။

**တည်ထောင်ဖွင့်လှစ်နိုင်ခဲ့**

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့နှင့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့သည် သာသနာ့အညစ်အကြေးများကို သန့်ရှင်းစင်ကြယ်စေခြင်း၊ အဓမ္မဝါဒများကို နှိမ်နင်းဖယ်ရှားခြင်းဟူသော သာသနာတော်သန့်ရှင်းရေးလုပ်ငန်းများကိုသာမက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်/မန္တလေး) အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်များကို တည်ထောင်ဖွင့်လှစ်နိုင်ခဲ့သည်ကိုလည်း တွေ့ရှိရပါကြောင်း။

**အဖွဲ့အစည်းကြီးဖြစ်**

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာ၊ ပညာရေးရာကိစ္စရပ်များကို သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း၊ ဝိနည်းဓမ္မကံအဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဝိနိစ္ဆယလက်စွဲ၊ သံဃာ့အဖွဲ့အစည်းဆိုင်ရာဥပဒေ စသည်တို့နှင့်အညီ ဓမ္မဝိနယလျော်ညီစွာ မယိမ်းမယိုင်ဆောင်ရွက်ခဲ့မှုတို့ကို ကြည့်ခြင်းအားဖြင့် အတွေ့အကြုံများစွာရှိပြီး ရင့်ကျက်သော အဖွဲ့အစည်းကြီးဖြစ်ပါကြောင်း။

**လမ်းစဉ်အတိုင်းရှောင်ကြဉ်**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးအနေဖြင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့က ပေးအပ်သောတာဝန်ကို ဆောင်ရွက်ခြင်းသည် သာသနာ့ဝန်ထမ်း ရဟန်းတော်များအတွက် မြတ်စွာဘုရားရှင် သတ်မှတ်ပေးတော်မူခဲ့သော ဂန္ထဓုရ၊ ဝိပဿနာဓုရနှစ်ဖြာကို မြတ်စွာဘုရားရှင်အလိုတော်ကျ ဆောင်ရွက်ခြင်းပင်ဖြစ်ပါကြောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးသည် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားလွှာများ၌ မပါဝင်သော လောကီလူမှုကိစ္စများတွင် ပါဝင်စွက်ဖက်ဆောက်ရွက်ခြင်းကိုမူကား ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ဟောဖော်ညွှန်ပြသည့် အဆုံးအမနှင့်အညီ ထေရဝါဒသာသနာ့ထိပ်ခေါင်တင် ဆရာတော်ဘုရားကြီးများ၏ လမ်းစဉ်အတိုင်းရှောင်ကြဉ်ခဲ့သည်ကို တွေ့ရှိရပါကြောင်း။

ယခုအခါ သတင်းအချက်အလက်နည်းပညာ (IT-Information Technology) ခေတ်ဖြစ်သည့်အားလျော်စွာ လျင်မြန်စွာ တိုးတက်ပြောင်းလဲလျက်ရှိပြီး အကောင်းအဆိုးပျံ့နှံ့စိမ့်ဝင်မှုသည်လည်း အလွန်လျင်မြန်လျက်ရှိပါကြောင်း။

**ထိထိရောက်ရောက်အရေးယူ**

ပွင့်လင်းမြင်သာသည့် ယနေ့ခေတ်အခါတွင် စာပေလွတ်လပ်ခွင့်နှင့် လွတ်လပ်စွာ ဟောပြောခွင့်များကို အခွင့်ကောင်းယူကာ အချို့ပုဂ္ဂိုလ်များက ဗုဒ္ဓဒေသနာတော်များကို ထိပါးရေးသားဟောပြောလာကြသည်ကို တွေ့မြင်နေရပါကြောင်း၊ ထို့အပြင် အဓမ္မဝါဒဟု ဆုံးဖြတ်ပြီးသောဝါဒများကို ပြန်လည်အသက်သွင်းကာ ရေးသားခြင်း၊ ဟောပြောခြင်း၊ ဝါဒဖြန့်ခြင်း၊ စာအုပ်စာတမ်းများကို မိတ္တူပွား၍ ဖြန့်ချိခြင်း၊ အချို့က ဗုဒ္ဓဘာသာဟူသော အသုံးအနှုန်းကိုယူ၍ ဝါဒသစ်ထူထောင်ခြင်းများ ပြုလုပ်ခြင်းဖြင့် အဓမ္မဝါဒများ ပြန်လည်ခေါင်းထောင်လာကြပါကြောင်း၊ သာသနာတော်မြတ်ကြီး၏ ပြင်ပရန်သူထက် အတွင်းမှ လိုက်စားနေသော ရန်သူများ၏ အန္တရာယ်ကိုလည်း သတိပြုကာ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် အဓမ္မဝါဒများကို တစိုက်မတ်မတ်စောင့်ကြည့်ပြီး ဆရာဒကာပူးပေါင်း၍ ဓမ္မစက်၊ အာဏာစက် ယှဉ်တွဲလျက် ထိထိရောက်ရောက်အရေးယူဆောင်ရွက်သွားရန် လိုအပ်လျက်ရှိကြောင်းကို လျှောက်ထားလိုပါကြောင်း။

အလွန်လျင်မြန်သော သတင်းမီဒီယာကြောင့် အချိန်နှင့်တစ်ပြေးညီ မကောင်းသတင်းတို့ ပျံ့နှံ့သွားတတ်သည်ကိုသတိမူထားပါမှ ကာယကံမှု၊ ဝစီကံမှုတို့ကို ထိန်းသိမ်းစောင့်စည်းနိုင်မည်ဖြစ်ပါကြောင်း။

**အကောင်းဆုံးပံ့ပိုး**

ယခုအခါ အချို့သော ပုဂ္ဂိုလ်အဖွဲ့အစည်းများသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးနှင့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့အား ပြိုကွဲပျက်စီးစေရန်နှင့် ဘာသာသာသနာ၏ ဂုဏ်ကျက်သရေကို ညှိုးနွမ်းယုတ်လျော့စေရန် နည်းအမျိုးမျိုးဖြင့် ဝေဖန်ရေးသားမှုများ တွေ့ရှိလာရာ အဆိုပါ ဝေဖန်ရေးသားမှုများကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ပြည်ပရေးရာအဖွဲ့အနေဖြင့် စဉ်ဆက်မပြတ်ဖတ်ရှုလေ့လာပြီး လိုအပ်ချက်အပေါ် မူတည်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ သြဝါဒနှင့်အညီ ကြိုတင်ကာကွယ်မှုများ၊ ပြန်လည်ဖြေရှင်းမှုများကိုလည်း စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည့်အတွက် တပည့်တော်တို့ဝန်ကြီးဌာနအနေဖြင့် အကောင်းဆုံးပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လျှောက်ထားသည်။

ယင်းနောက် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(တတိယအဖွဲ့ခွဲ)၏ စတုတ္ထအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာအကျဉ်းကို တာဝန်ကျအဖွဲ့ခွဲ၏ကိုယ်စား တွဲဖက်အကျိုးတော်ဆောင်ဆရာတော်က တင်သွင်းလျှောက်ထားသည်။

**ကဏ္ဍအလိုက် လျှောက်ထား**

ထို့နောက် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(တတိယအဖွဲ့ခွဲ)၏ စတုတ္ထအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာအကျဉ်းကို အဖွဲ့ဝင်ဆရာတော်ကြီးများက ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားသည်။

ယင်းနောက် ဝိနိစ္ဆယဆိုင်ရာကိစ္စများ၊ သာသနာ့ရေးရာကိစ္စများ၊ ပညာရေးဆိုင်ရာကိစ္စများကို တင်ပြလျှောက်ထားရာ တာဝန်ကျအဖွဲ့ခွဲဆရာတော်ကြီးများက ဝေဖန်ဆွေးနွေးတော်မူကြပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားသည်။

**တစ်နေ့တာဆွမ်း ဆက်ကပ်**

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများအား အလှူရှင် မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်(ငြိမ်း)နှင့် ဇနီးဒေါက်တာဒေါ်တင်လင်းမြင့်မိသားစုတို့က တစ်နေ့တာဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များဖွဲ့စည်းပုံ စည်းမျဉ်းဥပဒေဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၂**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များ ဖွဲ့စည်းပုံစည်းမျဉ်းဥပဒေဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်အမှာစကားပြောကြားသည်။ **(ယာပုံ)**

ပြည်ထောင်စုဝန်ကြီးက အားကစားယှဉ်ပြိုင်ရာ၌ အနိုင်/အရှုံးသည် အကြောင်းအချက်များစွာအပေါ် မူတည်နေပြီး သမားရိုးကျလေ့ကျင့်ခြင်းတစ်ခုတည်းနှင့် ဆောင်ရွက်၍မရတော့ဘဲ သိပ္ပံနည်းကျကျအာဟာရပံ့ပိုးမှု၊ အားကစားစိတ်ပညာ၊ အားကစားဆေးပညာ၊ အားကစားဆိုင်ရာ သိပ္ပံနည်းပညာ၊ အားကစားအသုံးအဆောင်ပစ္စည်းများ မဖြစ်မနေပေါင်းစပ်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ပြိုင်ပွဲများပြီးဆုံးတိုင်းနိုင်သည်ဖြစ်စေ၊ ရှုံးသည်ဖြစ်စေ ပြန်လည်သုံးသပ်ခြင်းများ ပြုလုပ်သင့်ပြီး ယခင်က လုပ်ဆောင်မှုများရှိခဲ့လျှင်လည်း ယခုပိုမို လုပ်ဆောင်သင့်ပါကြောင်း။

ယခုဖွင့်လှစ်နေသော BS.c Spotrs မှ ကျောင်းဆင်းများကို နေရာမှန်အသုံးချသွားရန်နှင့် သင်ကြားပေးနေသည့် သင်ရိုးများကို ပြန်လည်ဆန်းစစ်စေလိုကြောင်း၊ အားကစားနှင့်ကာယပညာသိပ္ပံများ ဖွင့်လှစ်ထားရှိခြင်းသည် မျိုးဆက်သစ်ရရှိရေးအတွက် အကျိုးသက်ရောက်မှုရှိရန် လိုအပ်ပါကြောင်း၊ ယခုလက်ရှိ အချိန်အထိ မည်မျှအကျိုးသက်ရောက်မှုရှိခဲ့သည်ကို ပြန်လည်သုံးသပ်ရန် လိုအပ်ပါကြောင်း၊ သင်တန်းသား/သင်တန်းသူများ ရွေးချယ်ရာ၌လည်း စနစ်ကျရန် လိုအပ်သကဲ့သို့ အားကစားနည်းအလိုက် အရည်အချင်းသတ်မှတ်ချက် ပီပြင်ရန်လိုအပ်ပါကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အားကစားကို စိတ်ပါဝင်စားလာစေရန်နှင့် ထိုမှတစ်ဆင့် ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန် မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် (Township Development Programme) များ ပီပြင်ရန်လိုအပ်ပါကြောင်း။

မြို့နယ်အားကစားမှူးများအနေဖြင့် မိမိ ဒေသနှင့်လျော်ညီသော အားကစားနည်းများ တိုးတက်အောင်မြင်အောင် မည်သို့လုပ်ဆောင်မည်ကို ထိုးထွင်းကြံဆလုပ်ဆောင်တတ်ရန် လိုအပ်ပါကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အားကစားကွင်း၊ အားကစားရုံ မည်မျှရှိသည်၊ မည်သည့် အားကစားနည်းများလေ့ကျင့်နိုင်သည်၊ အဆင့်သတ်မှတ်ချက် မည်မျှရှိသည်တို့ကို စာရင်းပြုစုထားရန် လိုအပ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အားကစားသတင်းများကို အချိန်နှင့် တစ်ပြေးညီ ပြည်သူများအားလုံးသိရှိနိုင်ရန် Website ကဏ္ဍ ပီပြင်အောင် ဆောင်ရွက်ရန် လိုအပ်ပါကြောင်းပြောကြားခဲ့သည်။

ဆက်လက်၍ အားကစားအဖွဲ့ချုပ်အလုပ်အမှုဆောင်များ ရွေးချယ်တင်မြှောက်ရေး၊ ကြီးကြပ်ရေးအဖွဲ့ခေါင်းဆောင် ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးအောင်ဒင်က အလုပ်ရုံဆွေးနွေးပွဲမှနေ၍ အားကစားအဖွဲ့ချုပ်များအတွက် နိုင်ငံတကာအဆင့်နှင့်အညီ Constitution များ အမြန်ဆုံးရေးဆွဲနိုင်ရန် ရည်ရွယ်ချက်နှင့်အညီ အကောင်အထည်ဖော်နိုင်ကြပါစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် အားကစားအဖွဲ့ချုပ် အလုပ်အမှုဆောင်များ ရွေးချယ်တင်မြှောက်ရေးကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးတင်အောင်က မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်ဖွဲ့စည်းပုံစည်းမျဉ်း (စံပြ)မှ အရေးကြီးသောအချက်များကို လည်းကောင်း၊ အားကစားအဖွဲ့ချုပ် အလုပ်အမှုဆောင်များ ရွေးချယ်တင်မြှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင် ဒေါက်တာမြလေးစိန်က မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များ အလုပ်ရုံဆွေးနွေးပွဲ Workshop တွင် ဆွေးနွေးရန် စုစည်းထားသောခေါင်းစဉ်များကို လည်းကောင်း တင်ပြကြသည်။

ဆက်လက်ပြီး တက်ရောက်လာကြသော တိုင်းဒေသကြီးနှင့်ပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ အားကစားအဖွဲ့ချုပ်များမှ တာဝန်ရှိသူများဖြင့် အုပ်စုငါးစုဖွဲ့၍ အလုပ်ရုံဆွေးနွေးပွဲကို ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# နိုင်ငံတော်သြဝါဒါစရိယ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော်ကြီးအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ဖူးမြော်ကြည်ညို

**နေပြည်တော် ဇူလိုင် ၂**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ယနေ့နံနက် ၈ နာရီတွင် စာချစာသင် (၇၅)နှစ်ပြည့် စိန်ရတုပူဇာမင်္ဂလာ အခမ်းအနားကျင်းပမည့် နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက်သို့ သွားရောက်ပြီး နိုင်ငံတော်သြဝါဒါစရိယ မဟာဝိသုတာရာမ စျေးကုန်း ကျောင်းတိုက်၏ ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဆရာတော်ကြီးက သြဝါဒစကားပြန်လည်မြွက်ကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



နိုင်ငံတော်သြဝါဒါစရိယ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက်၊ ပဓာနနာယကဆရာတော်ကြီးအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ဖူးမြော်ကြည်ညိုစဉ်

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း နိုင်ငံ့ဝန်ထမ်းပြန်တမ်းဝင်အရာရှိ ရေးဖြေစာမေးပွဲကျင်းပဖြေဆိုမှု လှည့်လည်ကြည့်ရှုအားပေး

**ရန်ကုန် ဇူလိုင် ၂**

ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကြော်ငြာခေါ်ယူခဲ့သည့် ဝန်ကြီးဌာန၊ အဖွဲ့အစည်း ၁၃ ခုတို့မှ ပြန်တမ်းဝင်အရာရှိ လစ်လပ်ရာထူး ၃၈၈ နေရာအတွက် ရာထူးဝင်ခွင့် ရေးဖြေစာမေးပွဲ



အမှတ်စဉ်(၂/၂၀၁၇)ကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မကွေးနှင့် မော်လမြိုင်မြို့များရှိ စာစစ်ဌာနငါးခုတွင် ဇူလိုင် ၁ ရက်နှင့် ၂ ရက်နေ့များတွင် တစ်ပြိုင်တည်းကျင်းပလျက်ရှိရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အလုံမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းနှင့် လမ်းမတော်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း စာဖြေဌာနနှစ်ခုသို့ သွားရောက်၍ သုတရေးရာ ဘာသာရပ်ဖြေဆိုမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စာမေးပွဲဖြေဆိုသူများကို အားပေးစကားပြောကြားသည်။ **(ဓာတ်ပုံ)**

အဆိုပါ ဝန်ကြီးဌာနနှင့်အဖွဲ့အစည်း ၁၃ ခုတို့တွင် လစ်လပ်လျက်ရှိသော ပြန်တမ်းဝင် အရာရှိရာထူး ၃၈၈ နေရာအတွက် ရာထူးဝင်ခွင့်ရေးဖြေစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုသူစုစုပေါင်း ၄၁၂၉ ဦးရှိကြောင်း သိရသည်။

ပြည်ထောင်စု ရာထူးဝန်အဖွဲ့သည် ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းအသီးသီးအတွက် လိုအပ်သော အရည်အသွေးမြင့်အရာထမ်းများကို ရွေးချယ်ပေးရာတွင် ယခင်က အသုံးပြုလျက်ရှိသော မေးခွန်းပုံစံများအစား ပြည်သူ့ဝန်ထမ်းတာဝန်ထမ်းဆောင်လိုခြင်း အရင်းခံအကြောင်း (Motivation)ကို ဖော်ထုတ်ပြသနိုင်မည့် မေးခွန်းပုံစံကို ၂၀၁၆ ခုနှစ်မှ စတင်ပြောင်းလဲကာ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သုတရေးရာ ဘာသာရပ်များကို စစ်ဆေးပြီး ရေးဖြေစာမေးပွဲ အောင်မြင်သူများကို စိတ်အခြေအနေနှင့် လူတွေ့နှုတ်ဖြေစစ်ဆေး၍ ရွေးချယ်ပေးလျက်ရှိကြောင်းနှင့် လစ်လပ်ရာထူးနေရာများအတွက် ရွေးချယ်ခြင်းခံရသူများကို ဗဟိုဝန်ထမ်းတက္ကသိုလ်များရှိ ပြည်သူ့ဝန်ထမ်းအကယ်ဒမီများတွင် ဖွင့်လှစ်သည့် အရာထမ်းလောင်းအခြေခံ သင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာသင်တန်းတို့ တက်ရောက်စေပြီးနောက် ဘွဲ့လွန်ဒီပလိုမာလက်မှတ်ချီးမြှင့်အပ်နှင်းကာ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်အဖွဲ့အစည်းအသီးသီးတွင် ပြန်တမ်းဝင်အရာရှိ ရာထူးခန့်အပ်၍ တာဝန်များထမ်းဆောင်စေလျက်ရှိကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# တကောင်း နီကယ်စက်ရုံအကြောင်း သိကောင်းစရာများ စကားဝိုင်းဆွေးနွေး

**မန္တလေး ဇူလိုင် ၂**

Myanmar Assocation of China Alumni (MACA) နှင့် Myanmar China Friendship Association (MCFA)တို့မှ ပူးပေါင်းကျင်းပသည့် တကောင်း နီကယ်စက်ရုံအကြောင်း သိကောင်းစရာဆွေးနွေးပွဲ (Table Talk)စကားဝိုင်းကို ဇွန် ၃၀ ရက် မွန်းလွဲ ၂ နာရီက မန္တလေးမြို့ ကမ်းနားလမ်း ၂၆ လမ်းနှင့် ၃၅ လမ်းကြားရှိ ကြင်တော်ယန် ဗုဒ္ဓဘာသာဘုရားကျောင်းဝင်း၌ ကျင်းပသည်။

ရှေးဦးစွာ ဗုဒ္ဓဘာသာဘုရားကျောင်းနှင့် FITC ကျောင်းအုပ်ကြီး ဒေါက်တာဦးထက်တီ (ခ)ဒေါက်တာဦးထွန်းနိုင်က မိတ်ဆက်အမှာစကားပြောကြားပြီး ဆွေးနွေးမည့်တာဝန်ရှိသူများနှင့် မိတ်ဆက်ပေးသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ကောင်စစ်ဝန်ချုပ် Mr. Wang Zong Ying (ခ) ဦးကျော်ရင်က ယခုအကြိမ်နှင့်ဆိုလျှင် Table Talk စကားဝိုင်းကျင်းပသည်မှာ ငါးကြိမ်ရှိပြီဖြစ်ကြောင်း၊ တကောင်း နီကယ်စက်ရုံသည် တကောင်းတောင်ခြေတွင် ရှိ၍ မန္တလေးနှင့် ကားဖြင့်သွားလျှင် လေးနာရီခန့်သာကြာကြောင်း၊ လွန်ခဲ့သော နှစ် ၂၀ က ယခုနေရာတွင် ရွာ မရှိသေးကြောင်း၊ ယခုစည်ကားသည့်နေရာတစ်ခုဖြစ်လာပြီး စာသင်ကျောင်း ကျန်းမာရေးစောင့်ရှောက်မှုရှိပြီး ကမ္ဘာတွင် အဆင့်မြင့် သတ္တုပို့ဆောင်ရေးစနစ် ကျင့်သုံးခဲ့ကြောင်းနှင့် စက်ရုံအကြောင်း ရှင်းလင်း ပြောကြားသည်။ ဆက်လက်၍ တကောင်း နီကယ် စက်ရုံ၏ တာဝန်ရှိသူ (CNMC NICEL Co.,Ltd. မှ Mr. Guo Ram(Ph.D)မှ တကောင်းစက်ရုံနှင့် ပတ်သက်လုပ်ဆောင်ထားရှိမှု စတင်၍ စာချုပ်ချုပ်ဆိုမှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်မီးရရှိရေး၊ လေထုညစ်ညမ်းမှု မရှိစေရေး ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားပြီး စက်ရုံတွင် ဝန်ထမ်း ၁၅၄၈ ဦးရှိပြီး မြန်မာဝန်ထမ်းပိုမိုများပြားကြောင်း၊ ဝန်ထမ်း ၇၀၀ ကို မွမ်းမံသင်တန်းပေးခဲ့ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မီဒီယာများက သိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည် ဖြေကြားသည်။ ယခုစက်ရုံကို နှစ်ရှည် နှစ် ၂၀ ငှားရမ်းစာချုပ်ဖြင့် လုပ်ကိုင်ခဲ့ကြောင်း ဝန်ထမ်းများတောင်းဆိုသည့်အချက် ၁၃ ချက်အနက် အချက် ၁၁ ချက်ကို လိုက်လျော၍ ညှိနှိုင်းပြေလည်ခဲ့ကြောင်း သိရသည်။ **ခင်ခင်ဝင်း(ပညာရေး)**

# မိုးမေတ္တာအခမဲ့ဆေးခန်းမှ ပြည်သူများအား အခမဲ့ဆေးဝါးကုသ

**မော်လမြိုင်ကျွန်း ဇူလိုင် ၂**

မော်လမြိုင်ကျွန်းမြို့ မိုးမေတ္တာအာယုဒါန အထွေထွေရောဂါကုသရေး အခမဲ့ဆေးခန်း၏ နှစ်နှစ်ပြည့် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးကို ဇူလိုင် ၂ ရက်က မိုးမေတ္တာ အခမဲ့ဆေးခန်းတည်ရှိရာ မော်လမြိုင်ကျွန်းမြို့ မိုးညိုပရိယတ္တိစာသင်တိုက်ဝင်းရှိ မိုးမေတ္တာအခမဲ့ဆေးခန်း၌ကျင်းပသည်။ ဆက်လက်၍ အသင်းနာယက ဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသ (မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်က သြဝါဒချီးမြှင့်ပြီး မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးကိုကိုကြီး၊ မြို့နယ်ခုတင် ၁၀၀ ဆံ့ဆေးရုံအုပ်ဒေါက်တာရီရီခင်နှင့် မိုးမေတ္တာအခမဲ့ဆေးခန်းဥက္ကဋ္ဌ ဦးအောင်မောင်းတို့က ပြည်သူများအတွက် အခမဲ့ဆေးခန်း ဖွင့်လှစ်ကုသရခြင်း၏အကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြကြသည်။ ၂၀၁၆-၂၀၁၇ ခုနှစ်အတွင်း မြို့နယ်ပြည်သူ ၅၆၇ ဦးတို့အား အခမဲ့ဆေးဝါးစောင့်ရှောက်ကုသနိုင်ခဲ့ပြီးဦးသောင်းညွန့်-ဒေါ်တင်ကြည် (ရွှေမြန်မာလယ်ယာသုံးရောင်းဝယ်ရေး)က တစ်နှစ်တာဆေး အလှူတော် ငွေကျပ်ငါးသိန်းနှင့် ကျန်အလှူရှင်နှစ်ဦးက ငွေကျပ်တစ်သိန်း စုစုပေါင်း ငွေကျပ်ခြောက်သိန်းတို့အား ပေးအပ်လှူဒါန်းကြသည်။ **မော်ကျွန်း-မြင့်အောင်**




# အမှုသွားအမှုလာ စီမံခန့်ခွဲမှု အစည်းအဝေးကျင်းပ

**ပုသိမ် ဇူလိုင် ၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ် တရားရုံး၌ မှုခင်းလက်ကျန်ကျဆင်းစေရေးအတွက် အမှုသွားအမှုလာ စီမံခန့်ခွဲမှု အစည်းအဝေးကို ဇွန် ၃၀ ရက် နံနက် ၁၀ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

မှုခင်းလက်ကျန်ကျဆင်းရေး ဆောင်ရွက်သည့် ညှိနှိုင်းအစည်းအဝေးတွင် တိုင်းဒေသကြီး တရားသူကြီးချုပ် ဦးသန်းထွန်းက အမှာစကားပြောကြားခဲ့ပြီး တက်ရောက်လာသူများနှင့် မှုခင်းလက်ကျန်ကျဆင်းစေရေးအတွက် ဆောင်ရွက်သင့်သည့်နည်းများကို အပြန်အလှန်ဆွေးနွေး ညှိနှိုင်းခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲသို့ တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဒေါ်စိုးခက်ခက်နှင့်အတူ ခရိုင်နှင့် မြို့နယ်တရားရုံးများမှ တရားသူကြီးများ၊ ဥပဒေအရာရှိများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများနှင့် လက်ရှိတရားခွင်များတွင် အမှုလိုက်နေသည့် ရှေ့နေများပါ စိတ်ဝင်တစားတက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သူဇာနွယ်(ဖျာပုံ)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဇူလိုင် ၂**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးပိုနေမည်။ **(မိုး/ဇလ)**

# အထူးစီးပွားရေးဇုန်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု

မောင်သန်းဝင်းရွှေ

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးတိုးတက်အောင် တည်ဆောက်ရေးတွင် အခြေခံအားဖြင့် မြေ (Land)၊ လုပ်အား (Labour)၊ အရင်းအနှီး (Capital)၊ နည်းပညာနှင့် စီမံခန့်ခွဲမှု (Technology and Management) တို့သည် လိုအပ်ချက်များဖြစ်သည်။ ခေတ်မီစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို တက်လှမ်းလိုလျှင် သင့်တင့်သည့် စီးပွားရေးနှင့် လူမှုရေး ကျောထောက်နောက်ခံပြု အခြေခံအဆောက်အအုံ (Economic and Social Infrastructures)၊ ခေတ်မီကုန်ထုတ်နည်းပညာ (Modernized Production Technology)၊ စွမ်းဆောင်ရည်ရှိသော စီမံခန့်ခွဲမှု၊ လူ့စွမ်းအား အရင်းအနှီးဖွံ့ဖြိုးမှု၊ ခေတ်မီစီးပွားရေးစနစ်အား အထောက်အကူပြု သတင်းအချက်အလက် (Information) နှင့် ဝန်ဆောင်မှုများ ထူထောင်ထားနိုင်ရန် လိုအပ်ပေသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဟုဆိုရာဝယ် နိုင်ငံခြားမှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (Foreign Direct Investment)နှင့် ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ရင်းနှီးမြှုပ်နှံမှု (Foreign Investment under Investment Law) ဟူ၍ နှစ်မျိုးနှစ်စား ခွဲခြားနိုင်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဈေးကွက်စီးပွားရေးစနစ်တွင် စတင်အခြေချမှုပြုဆဲကာလနိုင်ငံများအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို နှစ်မျိုးနှစ်စားသော အသွင်သဏ္ဌာန်များဖြင့် ဝင်ရောက်လာခြင်းသည် အကျိုးအရှိဆုံးဖြစ်သည်ဟု စီးပွားရေးပညာရှင်များက ယူဆကြပေသည်။ ထို့အတူ ရင်းနှီးမြှုပ်နှံမှုတွင်လည်း ပုံမှန်ဝင်ရောက်လာသည့် ရင်းနှီးမြှုပ်နှံမှုနှင့် အထူးစီးပွားရေးဇုန်များ သတ်မှတ်ရင်းနှီးမြှုပ်နှံမှုဟူ၍ နှစ်ရပ်ခွဲခြားပြီး မည်သည့်မြှုပ်နှံမှုပင်ဖြစ်စေ အရင်းအနှီးတိုးပွား၍ စီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူပြုနိုင်ကြသည်ချည်းသာဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၁)ဖြင့် မြန်မာအထူးစီးပွားရေးဇုန်ဥပဒေကို ပြဋ္ဌာန်းထားပါသည်။ ယင်းဥပဒေပြဋ္ဌာန်းရခြင်း၏ အဓိကရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပေသည်။

(က) အမျိုးသားစီးပွားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၏ အဓိကရည်ရွယ်ချက်များကို အထောက်အကူပြုရန်။

(ခ) ပြည်သူအများ အလုပ်အကိုင်ရရှိစေရန်၊ ယင်းတို့၏ လူနေမှုအဆင့်အတန်းမြင့်မားစေရန်၊ ကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားပြီး ပြည်ပပို့ကုန်တိုးတက်စေရန်နှင့် နိုင်ငံခြားဝင်ငွေတိုးတက်စေရန်။

(ဂ) နိုင်ငံတော်အတွင်း စက်မှုကဏ္ဍ၊ စီးပွားရေးနှင့် လူမှုရေးကဏ္ဍများ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားပေးခြင်း၊ မြှင့်တင်ခြင်းနှင့် ဆွဲဆောင်ခြင်းတို့ကို ဆောင်ရွက်ရန်။

(ဃ) နိုင်ငံတော်နှင့် အခြားနိုင်ငံများအကြား စက်မှုလုပ်ငန်း၊ စီးပွားရေးနှင့် ကုန်သန်းရောင်းဝယ်ရေးလုပ်ငန်း၊ ဝန်ဆောင်မှုနှင့် ငွေရေးကြေးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ရန်နှင့် နိုင်ငံသားများအား အသက်မွေးဝမ်းကျောင်းပညာသင်ကြားနိုင်မည့် အခွင့်အလမ်းများ ရရှိစေရန်။

(င) ရင်းနှီးတည်ဆောက်သူနှင့် ရင်းနှီးမြှုပ်နှံသူများအတွက် အခြေခံကောင်းများ တည်ဆောက်ခြင်းဖြင့် ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများကို အားပေးခြင်းနှင့် ဆွဲဆောင်ခြင်းပြုရန်။

(စ) အထူးစီးပွားရေးဇုန်တွင် ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်ရန်နှင့် အလုပ်အကိုင်သစ်များ ဖန်တီးပေးပြီး အထူးစီးပွားရေးဇုန်အတွင်းနှင့် ပတ်ဝန်းကျင်ရှိ စက်မှုလုပ်ငန်းများအကြား ရှေ့နောက်ချိတ်ဆက်ဆောင်ရွက်မှုများ ဖြစ်ပေါ်လာစေရန်။

အထူးစီးပွားရေးဇုန်အဖြစ် လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေသည့် အထူးစီးပွားရေးဇုန်သုံးရပ်နှင့် အလားအလာများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**ရင်းနှီးမြှုပ်နှံမှုတွင်လည်း ပုံမှန်ဝင်ရောက်လာသည့် ရင်းနှီးမြှုပ်နှံမှုနှင့် အထူးစီးပွားရေးဇုန်များ သတ်မှတ်ရင်းနှီးမြှုပ်နှံမှုဟူ၍ နှစ်ရပ်ခွဲခြားပြီး မည်သည့်မြှုပ်နှံမှုပင်ဖြစ်စေ အရင်းအနှီးတိုးပွား၍ စီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူပြုနိုင်ကြသည်ချည်းသာဖြစ်**

(က) **ထားဝယ်အထူးစီးပွားရေးဇုန်**။ ။ တနင်္သာရီတိုင်းဒေသကြီးအတွင်း ထားဝယ်မြစ်ဝတွင် တည်ရှိပြီး ဧရိယာ 204.5 $Km^2$(၅၀၅၃၁ ဧက) တွင် ရေနက်ဆိပ်ကမ်းနှင့် စက်မှုဇုန်ပါဝင်သည်။ ရထားလမ်း၊ ကားလမ်းများကို တည်ဆောက်၍ ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နိုင်ငံတို့သို့ တောင်ပိုင်းစီးပွားရေးစင်္ကြံအဖြစ် ချိတ်ဆက်သွားရန်နှင့် ထိုင်းနိုင်ငံ Kanchanaburi ပြည်နယ်သို့ Gas ပိုက်လိုင်းသွယ်တန်းရန် အစီအစဉ်ရှိပါသည်။ အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု အမြင့်မားဆုံးဒေသတစ်ခုအဖြစ် ဖွံ့ဖြိုးလာစေမည်ဟု ရည်မှန်းထားပါသည်။

(ခ) **သီလဝါအထူးစီးပွားရေးဇုန်**။ ။ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် သီလဝါဆိပ်ကမ်းအနီးတည်ရှိပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ၂၅ ကီလိုမီတာ၊ ရန်ကုန်မြို့တွင်းစီးပွားရေးအချက်အချာဒေသမှ ၃၀ ကီလိုမီတာ၊ ဒဂုံအရှေ့ပိုင်းစက်မှုဇုန်မှ ၂၄ ကီလိုမီတာ၊ အမှတ်(၁)အဝေးပြေးလမ်းမကြီးမှ ၅ ကီလိုမီတာနှင့် မြဝတီမြို့အနီး၊ ထိုင်းနိုင်ငံ မဲဆောက်မြို့အထိ ၄၆၅ ကီလိုမီတာ ကွာဝေးပါသည်။

(ဂ) **ကျောက်ဖြူအထူးစီးပွားရေးဇုန်**။ ။ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်တွင် တည်ရှိပြီး ဆိပ်ကမ်းမြို့တော်များဖြစ်သည့် စစ်တကောင်း၊ ရန်ကုန်၊ ကိုလ်ကတ္တားမြို့တို့နှင့် ကုန်သွယ်မှုပြုရာ ဗဟိုအချက်အချာအဖြစ် အသုံးပြုနိုင်ပါသည်။ မန္တလေးမြို့ကို ဖြတ်၍ တရုတ်နိုင်ငံအနောက်ပိုင်း ယူနန်ဒေသ၊ ကူမင်းမြို့အထိ ဆက်သွယ်မည့် လမ်းကြောင်းအတွက် အရေးပါပြီး ကျောက်ဖြူမြို့နှင့် တရုတ်နိုင်ငံ ရွှေလီမြို့တို့ကို ချိတ်ဆက်လမ်းဖောက်ရန်ရှိပါသည်။ ထို့အပြင် ကျောက်ဖြူမှ ကူမင်းအထိ ၁၀၆၀ ကီလိုမီတာရှည်လျားသော ရေနံပိုက်လိုင်းသွယ်တန်းပြီး တစ်ရက်လျှင် ရေနံစည်ပေါင်း ၄ သိန်း ပို့ဆောင်နိုင်မည်ဖြစ်ပါသည်။

မြန်မာ့အထူးစီးပွားရေးဇုန်တွင် အရင်းအနှီးတည်ဆောက်သူဆိုသည်မှာ အထူးစီးပွားရေးဇုန် ထူထောင်တည်ဆောက်သည့် လုပ်ငန်း၊ အထူးစီးပွားရေးဇုန်အတွင်း အခြေခံအဆောက်အအုံများ တည်ဆောက်သည့်လုပ်ငန်းနှင့် လုပ်ငန်းလည်ပတ်ခြင်း သို့မဟုတ် မွမ်းမံပြင်ဆင်ခြင်းဆိုင်ရာ လုပ်ငန်းများကို မြန်မာအထူးစီးပွားရေးဇုန် ဥပဒေပါပြဋ္ဌာန်းချက်နှင့်အညီ ကိစ္စတစ်ခုချင်းအလိုက် တာဝန်ယူဆောင်ရွက်ရန် သက်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ ခွင့်ပြုချက်အရ ဆောင်ရွက်သည့် ကုမ္ပဏီ၊ ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများပင် ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံသူ (Investor)ဟူသည် အထူးစီးပွားရေးဇုန်အတွင်း ခွင့်ပြုသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကို ကိစ္စရပ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်သည့် နိုင်ငံသား၊ နိုင်ငံခြားသားနှင့် ဖက်စပ်ထူထောင်သည့်နိုင်ငံသား၊ နိုင်ငံခြားသားတို့ ဖြစ်ပါသည်။ အရင်းအနှီးတည်ဆောက်မှုလုပ်ငန်းကို ပုဂ္ဂလိကဖြစ်စေ၊ အစိုးရကဖြစ်စေ၊ အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်း၍ဖြစ်စေ၊ အရင်းအနှီး တည်ဆောက်သူအဖြစ် ဆောင်ရွက်နိုင်သည်။ အထူးစီးပွားရေးဇုန် တည်ထောင်ရာတွင် ရာခိုင်နှုန်းပြည့် နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် သော်လည်းကောင်း၊ ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် သော်လည်းကောင်း၊ နိုင်ငံသားနှင့် နိုင်ငံခြားသား ဖက်စပ်ရင်းနှီးမြှုပ်နှံမှုဖြင့် သော်လည်းကောင်း၊ အစိုးရအချင်းချင်းရင်းနှီးမြှုပ်နှံမှုဖြင့် သော်လည်းကောင်း ရင်းနှီးတည်ဆောက်သူအဖြစ် ဆောင်ရွက်နိုင်သည်။ အထူးစီးပွားရေးဇုန်အတွင်း၌ ကင်းလွတ်ဇုန်၊ လုပ်ငန်းမြှင့်တင်ရေးဇုန်၊ အဆင့်မြင့်နည်းပညာဇုန်၊ သတင်းအချက်အလက်နှင့် နည်းပညာဇုန်၊ ပို့ကုန်ပစ္စည်း ထုတ်လုပ်မှုဇုန်၊ ဆိပ်ကမ်းနယ်မြေဇုန်၊ ထောက်ပံ့ရေးနှင့် သယ်ယူပို့ဆောင်ရေးဇုန်၊ သိပ္ပံနှင့်နည်းပညာဇုန်၊ ဖွံ့ဖြိုးတိုးတက်ရေးဇုန်၊ ဝန်ဆောင်မှုလုပ်ငန်းဇုန်၊ တစ်ဆင့်ခံ ကုန်သွယ်ရေးဇုန်များနှင့် ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာ သတ်မှတ်သည့်ဇုန်များ ပါဝင်ပါသည်။

ကင်းလွတ်ဇုန်ဟူသည် အထူးစီးပွားရေးဇုန်အတွင်း တည်ရှိသည့် ကုန်စည်များ၊ ယင်းဇုန်အတွင်း တင်သွင်းသည့် ကုန်စည်များနှင့် စပ်လျဉ်း၍ အကောက်ခွန်၊ အခြားအခွန်အခကောက်ခံခြင်းမှ ကင်းလွတ်ခွင့်ရှိပြီး သက်ဆိုင်ရာများနှင့် အကောက်ခွန်ဦးစီးဌာနတို့ ညှိနှိုင်းသတ်မှတ်သည့် နိုင်ငံတော်၏ ပြင်ပတွင်ရှိသည်ဟု မှတ်ယူရမည့်နယ်မြေကို ဆိုလိုခြင်းဖြစ်ပါသည်။ ကင်းလွတ်ဇုန်ဟူသော စကားရပ်တွင် ကင်းလွတ်ကုန်ဇုန်လုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှုနယ်မြေ၊ သယ်ယူထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများနေရာနှင့် လက်ကားရောင်းဝယ်ဖောက်ကားသည့် နေရာတို့လည်း ပါဝင်ပေသည်။

အထူးစီးပွားရေးဇုန်များအတွင်း အောက်ပါရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဆောင်ရွက်နိုင်သည်-

(က) ကုန်သွယ်ခြင်း၊

(ခ) အိမ်ရာ၊ ဟိုတယ်၊ အရောင်းစင်တာများအပါအဝင် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်း၊

(ဂ) နည်းပညာနှင့် ဒီဇိုင်း၊

(ဃ) ကုန်သိုလှောင်ရုံနှင့် ထောက်ပံ့ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း၊

(င) သုတေသနလုပ်ငန်းနှင့် ဖွံ့ဖြိုးရေးဝန်ဆောင်မှုများ၊

(စ) ကွန်ပျူတာဆော့ဖ်ဝဲဝန်ဆောင်မှု၊

(ဆ) စီးပွားရေး တွေ့ဆုံဆွေးနွေးသည့်နေရာများ၊ သတင်းအချက်အလက်များ ထုတ်လုပ်ပေးသည့်နေရာများ၊ လူသားအရင်းအမြစ်ဝန်ဆောင်မှု၊ အာမခံရှင်းလင်းရေး လုပ်ငန်းများ၊ ဥပဒေဆိုင်ရာ အချက်အလက်၊ ဆေးပညာဆိုင်ရာမှတ်တမ်း၊ ငွေပေးငွေယူ မှတ်တမ်းများ၊ အဝေးထိန်းလုပ်ငန်းများ၊ အခွန်စာရင်းများ၊ အထောက်အကူပြုစင်တာများ၊ ဝက်ဘ်ဆိုက်ဝန်ဆောင်မှု၊ အထူးဖန်တီးချက်နှင့် ဒီဇိုင်းများ ရေးဆွဲခြင်းစသည့် သတင်းအချက်အလက်ဆိုင်ရာ ဝန်ဆောင်မှုပေးသော လုပ်ငန်းများ၊

(ဇ) လက်လီလက်ကားရောင်းချခြင်းများ ပါဝင်သည့် ဖြန့်ချိရေးဝန်ဆောင်မှု၊

(ဈ) ငွေရေးကြေးရေး ဝန်ဆောင်မှု၊

(ည) ဥပဒေနှင့် စာရင်းကိုင်ဝန်ဆောင်မှုမပါ ကျွမ်းကျင်မှုဆိုင်ရာ ဝန်ဆောင်မှု၊

(ဋ) နှစ်တိုနှစ်ရှည်ငှားရမ်းခြင်းဝန်ဆောင်မှု၊

(ဌ) အကြံပေးလုပ်ငန်းအပါအဝင် အခြားဝန်ဆောင်မှုများ၊

(ဍ) ဆောက်လုပ်ရေးနှင့် အခြားသက်ဆိုင်သော ဝန်ဆောင်မှုများ၊

(ဎ) ပညာရေးဝန်ဆောင်မှု၊

(ဏ) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ဆောင်မှုများ၊

(တ) ဆေးရုံနှင့် ကျန်းမာရေး ဝန်ဆောင်မှုများ၊

(ထ) ခရီးသွားလုပ်ငန်းနှင့် ဆက်နွှယ်သော ဝန်ဆောင်မှုများ၊

(ဒ) အပန်းဖြေခြင်းနှင့် ဖျော်ဖြေဝန်ဆောင်မှုများ၊

(ဓ) ယဉ်ကျေးမှုနှင့် အားကစား ဝန်ဆောင်မှုများ၊

(န) သယ်ယူပို့ဆောင်ရေးနှင့် ပတ်သက်သော ဝန်ဆောင်မှုများ၊

အထူးစီးပွားရေးဇုန်အတွင်း အောက်ပါလုပ်ငန်းများကို လုပ်ကိုင်ခွင့်မပြုရပါ။

(က) လက်နက်၊ လက်နက်ကိရိယာ၊ စစ်သုံးဖောက်ခွဲရေးပစ္စည်း ထုတ်လုပ်တပ်ဆင်ခြင်းနှင့် စစ်ဘက်ဆိုင်ရာအတွက် ရည်ရွယ်၍ ဝန်ဆောင်မှုပေးခြင်းလုပ်ငန်းများ၊

(ခ) သဘာဝပတ်ဝန်းကျင် ဂေဟစနစ်ကို အန္တရာယ်ဖြစ်စေနိုင်သော ထုတ်လုပ်ခြင်း၊ ထုပ်ပိုးခြင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၊

(ဂ) ပြည်ပသို့ ဝန်ဆောင်မှုပေးသည့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုလုပ်ငန်းများ၊

(ဃ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများထုတ်လုပ်ခြင်း၊ ထုပ်ပိုးခြင်း၊

(င) အများပြည်သူကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသဖြင့် နိုင်ငံတကာစည်းမျဉ်းများ သို့မဟုတ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ တားမြစ်ပိတ်ပင်ထားသည့် အဆိပ်သင့်စေသော ဓာတုပစ္စည်းများ၊ အန္တရာယ်ရှိ ဓာတ်ရောင်ခြည်သင့်ပစ္စည်းများ၊ စိုက်ပျိုးရေးသုံး ပိုးသတ်ဆေးများနှင့် ဓာတုဆေးဝါးများပါဝင်သည့် အခြားပစ္စည်းများ တင်သွင်းခြင်း သို့မဟုတ် ထုတ်လုပ်ခြင်း၊ ထုပ်ပိုးခြင်း၊

(စ) နိုင်ငံခြားမှတင်သွင်းသော အန္တရာယ်ရှိသည့် စက်မှုစွန့်ပစ်ပစ္စည်းများကို အသုံးပြုသည့် စီးပွားရေးလုပ်ငန်းများ၊

(ဆ) အိုဇုန်းလွှာကို ထိခိုက်ပျက်စီးစေနိုင်သော တားမြစ်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ ထုပ်ပိုးခြင်း စီးပွားရေးလုပ်ငန်းများ၊

(ဇ) ကျောက်ဂွမ်းဖြင့် ပြုလုပ်ထားသည့် ပစ္စည်းထုတ်လုပ်ခြင်း၊ ထုပ်ပိုးခြင်းနှင့် ရောင်းချခြင်း၊

(ဈ) အများပြည်သူ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ကို အန္တရာယ်ဖြစ်စေနိုင်သည့် ပစ္စည်းများ ထုတ်လုပ်ခြင်း၊ ထုပ်ပိုးခြင်း။

နိုင်ငံခြားသားများသည် အထူးစီးပွားရေးဇုန်အတွင်း သက်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီကခွင့်ပြုသည့် မည်သည့်လုပ်ငန်းမဆို ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ နိုင်ငံသားနှင့်ဖက်စပ်ပြု၍ သော်လည်းကောင်း လုပ်ကိုင်နိုင်သည်။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှု တစ်စုံတစ်ရာ ပေါ်ပေါက်ပါက အငြင်းပွားသူပုဂ္ဂိုလ်များအကြား ချစ်ကြည်ရင်းနှီးစွာ ဖြေရှင်းဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်သော်လည်း ပြေလည်မှုမရရှိမှသာလျှင် သက်ဆိုင်ရာစာချုပ်၌ အငြင်းပွားမှု ဖြေရှင်းနည်းများနှင့် ဖြေရှင်းဆောင်ရွက်ရန်နှင့် အငြင်းပွားဖြေရှင်းနည်း သတ်မှတ်ထားခြင်းမရှိလျှင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများနှင့်အညီ ဖြေရှင်းဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုတစ်ရပ်တွင် အဓိကအရေးပါသော အချက်တစ်ရပ်မှာ မြေအသုံးပြုခွင့်ရရှိရေးပင်ဖြစ်သည်။ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများအနေဖြင့် ရင်းနှီးမြှုပ်နှံမှု အစီအစဉ် ချမှတ်၍ စီးပွားရေးချိန်ထိုးလှာတွင် အဓိကစဉ်းစားချက်မှာ ကာလရှည်မြေ အသုံးပြုခွင့် ရရှိရေးပင်ဖြစ်သည်။ ဤသည်က ရင်းနှီးမြှုပ်နှံမှု ဖိတ်ခေါ်ချက်များတွင် ဆွဲဆောင်မှုဖြစ်သည်။ အထူးစီးပွားရေးဇုန်များတွင် စီမံခန့်ခွဲမှုကော်မတီသည် မြေငှားရမ်းခွင့် သို့မဟုတ် မြေအသုံးပြုခွင့်အတွက် ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူအား မြေငှားရမ်းခ၊ မြေအသုံးပြု ခပေးသွင်းစေပြီး အနှစ် ၅၀အထိခွင့်ပြုနိုင်သည်။ ယင်းသက်တမ်းကုန်ဆုံးပြီးနောက် ရင်းနှီးမြှုပ်နှံသူက ဆက်လက်လုပ်ကိုင်လိုလျှင် ၂၅ နှစ်အထိသက်တမ်းတိုးမြှင့်ပေးနိုင်ပေမည်။ ထို့အတူလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရန် ခွင့်ပြုထားသည့် ကာလအတွင်း အခြားသူသို့မဟုတ် အခြားအဖွဲ့များသို့ မြေငှားရမ်းခြင်း၊ မြေအသုံးပြုခွင့်နှင့် အဆောက်အအုံများကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းတို့ကို စီမံခန့်ခွဲမှုကော်မတီ၏ သဘောတူညီချက်နှင့်အညီ ပြုလုပ်နိုင်ခွင့်ရှိပေသည်။ အထူးစီးပွားရေးဇုန်အတွင်းမှ မြေနေရာကို ရင်းနှီးတည်ဆောက်သူက ရောင်းချပိုင်ခွင့်မရှိပေ။

အထူးစီးပွားရေးဇုန်မှ ပို့ကုန်တင်ပို့မှုအတွက် ပို့ကုန်လိုင်စင်မလိုအပ်ပေ။ နိုင်ငံတကာမှ ထိန်းသိမ်းကန့်သတ်ထားရန် အကြံပြုထားသည့် အထူးဓာတုဗေဒ ကုန်ပစ္စည်းများ၊ အပင်နှင့် တိရစ္ဆာန်များ၊ ပစ္စည်းကိရိယာများ၊ တန်ဆာပလာများနှင့် နည်းပညာများ တင်ပို့ရာ၌ နိုင်ငံ၏တည်ဆဲဥပဒေနှင့် မြန်မာနိုင်ငံက ပါဝင်ဆောင်ရွက်လျက်ရှိသည့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်ပါ စည်းကမ်းချက်များနှင့် ဆန့်ကျင်မှုမရှိစေရန် လိုက်နာရမည်ဖြစ်သည်။ ကင်းလွတ်ဇုန်အတွင်းရှိ စီးပွားရေးလုပ်ငန်း သို့မဟုတ် ကင်းလွတ်ဇုန်လုပ်ငန်းအတွက် သို့မဟုတ် ရင်းနှီးတည်ဆောက်သူတို့အနေဖြင့် ကုန်ပစ္စည်းများ တင်သွင်းရာ၌ သွင်းကုန်လိုင်စင် ရယူရန်မလိုအပ်သော်လည်း တင်သွင်းမည့်ပစ္စည်းစာရင်းကို စီမံခန့်ခွဲရေး ကော်မတီသို့ ကြိုတင် တင်ပြရမည်ဖြစ်ပေသည်။ လုပ်ငန်းမြှင့်တင်ရေးဇုန်ရှိ စီးပွားရေးလုပ်ငန်း သို့မဟုတ် အခြားစီးပွားရေးလုပ်ငန်းတစ်ခုသည် အခွင့်ရလုပ်ငန်းဆောင်ရွက်ရန် လိုအပ်သော ပစ္စည်းကို စီမံခန့်ခွဲရေး ကော်မတီသို့တင်ပြီး တင်သွင်းလျှင် သွင်းကုန်လိုင်စင်မလိုပေ။

စာမျက်နှာ ၇ သို့

# ပျဉ်းမနားမြို့ ဈေးကုန်းကျောင်းတိုက်ကြီး၏ စာချစာသင် (၇၅)နှစ်ပြည့် စိန်ရတုမင်္ဂလာအခမ်းအနားကျင်းပ

**နေပြည်တော် ဇူလိုင် ၂**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနား မြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက်ကြီး၏ စာချစာသင် (၇၅)နှစ်ပြည့် စိန်ရတုမင်္ဂလာအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သြဝါဒစရိယ ဆရာတော်ကြီးများဖြစ်ကြသည့် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ မဟာဝိသုတာရာမ အလယ်တိုက် ပဓာနနာယက အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တဝိစာရမဟာထေရ်မြတ်ကြီး၊ ရေနံချောင်းမြို့ ရွှေတောင်ပရိယတ္တိစာသင်တိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တတေဇနိယနှင့် နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ နေပြည်တော် ကောင်စီအဖွဲ့ဝင်များနှင့် ဧည့်ပရိသတ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် အမှူးပြုသော ဧည့်ပရိသတ်အပေါင်းသည် ပခုက္ကူမြို့ မဟာဝိသုတာရာမအလယ်တိုက် ပဓာနနာယက အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တဝိစာရ မဟာထေရ်မြတ်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များမှ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည့် မေတ္တသုတ်ပရိတ်တရားတော်များအား နာယူကြသည်။

ထို့နောက် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရမှ သာရဏီယသြဝါဒကထာချီးမြှင့်တော်မူသည်။ ယင်းနောက် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ဆက်လက်၍ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ပခုက္ကူမြို့ မဟာဝိသုတာရာမ အလယ်တိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဝိစာရ မဟာထေရ်မြတ်ကြီးထံ လှူဖွယ်ပစ္စည်းများအား လည်းကောင်း၊ ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရထံ နဝကမ္မဝတ္ထုငွေများအား လည်းကောင်း ဆက်ကပ်လှူဒါန်းပြီး ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများနှင့် အခမ်းအနား တက်ရောက်လာကြသူများက ဆရာတော်သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် အခမ်းအနားတက်ရောက်လာကြသူများသည် ပခုက္ကူမြို့ မဟာဝိသုတာရာမ အလယ်တိုက်ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဝိစာရ မဟာထေရ်မြတ်ကြီးထံမှ အနုမောဒနာတရား နာကြား၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ပျဉ်းမနားမြို့မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက်ကြီး၏ စာချစာသင် (၇၅)နှစ်ပြည့် စိန်ရတုမင်္ဂလာအခမ်းအနားကျင်းပစဉ် (သတင်းစဉ်)

# ဆိပ်ဖြူမြို့နယ် လိပ်ခြံကျေးရွာ ရွှေနှင့်မြ ကိုယ့်အားကိုယ်ကိုး ကျေးလက်တံတားဖွင့်

**ဆိပ်ဖြူ ဇူလိုင် ၂**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ရွာသာအေးကျေးရွာအုပ်စု လိပ်ခြံကျေးရွာ ကိုယ့်အားကိုယ်ကိုး ရွှေနှင့်မြ တံတားဖွင့်ပွဲကို ဇူလိုင် ၂ရက် နံနက် ၉ နာရီက အဆိုပါတံတားဖွင့်ပွဲမုခ်ဦး၌ ကျင်းပခဲ့သည်။



ရွှေနှင့်မြကိုယ့်အားကိုယ်ကိုးတံတားသည် လိပ်ခြံ-ရေပုတ်-အုန်းမှင်ကျေးလက် လမ်းပေါ်တွင် တည်ရှိသည်။ လိပ်ခြံကျေးရွာနေ ပြည်သူအများ စိုက်ပျိုးရေရရှိရေးအတွက် ချစ်ချောင်းမှတစ်ဆင့် သွယ်ယူဖောက်လုပ်ထားရှိသော ရေသွယ်မြောင်းပေါ်တွင် တံတားအရှည် ၂၄ ပေ၊ အကျယ် ပေ ၃၀ သံကူကွန်ကရစ် အမျိုးအစားအား တည်ဆောက်ပေးခဲ့ပြီး ယခင်က နှစ်စဉ် ချစ်ချောင်းရေကြီးချိန်များ၌ စိုက်ပျိုးရေသွယ်မြောင်းမှတစ်ဆင့် ကျေးရွာအတွင်းသို့ ရေလျှံကာ လမ်းပျက်စီးမှုကြောင့် ဒေသခံပြည်သူများ သွားလာရေးအခက်အခဲများနှင့် ရင်ဆိုင်ခဲ့ရကြောင်း၊ ယခုရွှေနှင့်မြ ကိုယ့်အားကိုယ်ကိုးတံတားကို ကျေးရွာဘုန်းတော်ကြီး ဆရာတော် ဦးဝဏ္ဏိတ၏ ညွှန်ကြားမှုခံယူ၍ အလှူရှင် ရန်ကုန်မြို့ဆရာတော် ဦးသုရိယ၊ မန္တလေးမြို့ ဦးစက်မောင်-ဒေါ်နွယ်နွယ်အေး၊ သမီး မမေမြတ်နိုးခင် မိသားစုတို့၏ ဦးဆောင်မတည်ကာ ထိုင်းနိုင်ငံရောက် လူငယ်လေးများနှင့် ဒေသခံစေတနာအလှူရှင်များ၏ လှူဒါန်းမှု၊ ရပ်ရွာလူထု၏ လုပ်အားပါဝင်ကူညီမှုဖြင့် တံတားအတွက် ငွေကျပ်သိန်း ၁၁၂၃၂၀၀၀ ဖြင့် လည်းကောင်း၊ ကျေးရွာတွင်းလမ်းချဲ့ခြင်း၊ မြေနီခင်း လမ်းဖြောင့်ခြင်းအတွက် ငွေကျပ်သိန်း ၂၇၈၆၃၀၀၀ အကုန်အကျခံဆောင်ရွက်ပေးသည့်အပြင် ချစ်ချောင်းရေကျချိန်တွင် ရေသွယ်မြောင်းမှ ကျေးရွာအတွင်း ရေဝင်ရောက်မှုမရှိစေရန် ရေမြောင်းအဆင့်မြှင့်တင်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရွှေနှင့်မြကိုယ့်အားကိုယ်ကိုးတံတားဖွင့်ပွဲအခမ်းအနားတွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်သိုက်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်အေးတို့က အမှာစကားပြောကြားပေးခဲ့ပြီး တံတားအလှူရှင် ဦးစက်မောင်က တံတားလှူဒါန်း ပေးရခြင်းနှင့် တံတားတည်ဆောက်မှုလုပ်ငန်းများ၊ ကျေးရွာတွင်းလမ်းများဆောင်ရွက်ပေးရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ရွှေနှင့်မြ ကိုယ့်အားကိုယ်ကိုးတံတားကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်သိုက်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်အေးနှင့် အလှူရှင် ဦးစက်မောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ ထို့နောက်ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများက တံတားအလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ခဲ့ကြသည်။

**စိုးလင်းနိုင်(ပြန်/ဆက်)**

*စာမျက်နှာ ၆ မှ အဆက်*

ရင်းနှီးမြှုပ်နှံသူသည် အောက်ပါဝင်ငွေခွန် ကင်းလွတ်ခွင့်နှင့် သက်သာခွင့်တို့ကို ခံစားခွင့်ရှိသည်-

(က) ကင်းလွတ်ဇုန်အတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း သို့မဟုတ် ကင်းလွတ်ဇုန်လုပ်ငန်းတွင် စီးပွားဖြစ် လုပ်ငန်းစတင်လည်ပတ်သည့်နေ့မှ ပထမ ခုနစ်နှစ်အတွက် ဝင်ငွေခွန်ကင်းလွတ်ခွင့်၊

(ခ) လုပ်ငန်းမြှင့်တင်ရေးဇုန်အတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း သို့မဟုတ် အထူးစီးပွားရေးဇုန်နယ်နိမိတ်အတွင်းရှိ အခြားလုပ်ငန်းများတွင် စီးပွားဖြစ် လုပ်ငန်းစတင်လည်ပတ်သည့်နေ့မှ ပထမငါးနှစ်အတွက် ဝင်ငွေခွန်ကင်းလွတ်ခွင့်၊

(ဂ) ကင်းလွတ်ဇုန်နှင့် လုပ်ငန်းမြှင့်တင်ရေးဇုန်များအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွင် ဒုတိယငါးနှစ်အတွက် တည်ဆဲဥပဒေအရ သတ်မှတ်သည့် ဝင်ငွေခွန်နှုန်းထား၏ ၅၀ ရာခိုင်နှုန်း သက်သာခွင့်၊

(ဃ) ကင်းလွတ်ဇုန်နှင့် လုပ်ငန်းမြှင့်တင်ရေးဇုန်များအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွင် တတိယငါးနှစ်အတွက် လုပ်ငန်းမှရရှိသည့် အမြတ်ငွေကို ပြန်လည်ရင်းနှီးမြှုပ်နှံရန် သီးသန့်ရန်ပုံငွေထား၍ တစ်နှစ်အတွင်း ယင်းလုပ်ငန်းတွင် ပြန်လည်ရင်းနှီးမြှုပ်နှံလျှင် ထိုရင်းနှီးမြှုပ်နှံသည့် အမြတ်စွန်းငွေအပေါ် တည်ဆဲဥပဒေအရ သတ်မှတ်သည့် ဝင်ငွေခွန်နှုန်းထား၏ ၅၀ ရာခိုင်နှုန်း သက်သာခွင့်။

ရင်းနှီးတည်ဆောက်သူသည် အောက်ပါ ဝင်ငွေခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်တို့ကို ခံစားခွင့်ရှိသည်-

(က) စီးပွားဖြစ် စတင်လည်ပတ်သည့်နေ့မှ ပထမရှစ်နှစ်အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့်၊

(ခ) ဒုတိယငါးနှစ်အတွက် တည်ဆဲဥပဒေအရ သတ်မှတ်သည့်ဝင်ငွေခွန် နှုန်းထား၏ ၅၀ ရာခိုင်နှုန်း သက်သာခွင့်၊

(ဂ) တတိယငါးနှစ်အတွက် လုပ်ငန်းမှရရှိသည့် အမြတ်ငွေကို ပြန်လည်ရင်းနှီးမြှုပ်နှံရန် သီးသန့်ရန်ပုံငွေထား၍ တစ်နှစ်အတွင်း ယင်းလုပ်ငန်း၌ ပြန်လည်ရင်းနှီးမြှုပ်နှံလျှင် ထိုရင်းနှီးမြှုပ်နှံသည့် မြတ်စွန်းငွေအပေါ် တည်ဆဲဥပဒေအရ သတ်မှတ်သည့် ဝင်ငွေခွန်နှုန်းထား၏ ၅၀ ရာခိုင်နှုန်း သက်သာခွင့်။

အရင်းအနှီး တည်ဆောက်မှုသည် ဆွဲဆောင်မှုနှင့်သက်သာခွင့်များပေါ်တွင် အခြေခံသည့်နည်းတူ အကာအကွယ်ပေးမှု (Protection) သည်လည်း နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများ၏ လိုလားချက်တစ်ရပ်ဖြစ်သည်။ ရပ်ဝေးမြေခြား၌ ရင်းနှီးကြခြင်းသည် စွန့်စားမှုတစ်ရပ်ဖြစ်သည်နှင့်အမျှ စွန့်စားမှုကို အသိအမှတ်ပြုရန်အတွက် အထူးအခွင့်အရေးများ ပေးအပ်ခြင်းသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၏ နိုင်ငံတကာကျင့်စဉ်နှင့် ယဉ်ကျေးမှုအဖြစ် ရပ်တည်လာပေသည်။ ၂၀၁၄ ခုနှစ် မြန်မာ အထူးစီးပွားရေးဇုန် ဥပဒေပုဒ်မ-၈၃ တွင် "ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူပိုင်ဆိုင်သည့် ပစ္စည်းများ၊ အကျိုးအမြတ်များနှင့် အခြားအခွင့်အရေးများကို တည်ဆဲဥပဒေများနှင့်အညီ အသိအမှတ်ပြု အကာအကွယ်ပေးရမည်ဟု လည်းကောင်း၊ ပုဒ်မ-၈၄ တွင် ကင်းလွတ်ဇုန် မြှင့်တင်ရေးဇုန်မှ ထုတ်လုပ်သော ကုန်ပစ္စည်းဝန်ဆောင်မှုလုပ်ငန်း သို့မဟုတ် ပြည်ပပို့ကုန်များကို ဈေးနှုန်းကန့်သတ်ထိန်းချုပ်ခြင်း မပြုရဟူ၍ လည်းကောင်း၊ ပုဒ်မ-၈၆ တွင် အထူးစီးပွားရေးဇုန်အတွင်းရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ခွင့်ပြုထားသည့် သက်တမ်းကာလအတွင်း နိုင်ငံပိုင်သိမ်းယူခြင်းမပြုဟု အာမခံသည်ဟူ၍ လည်းကောင်း ပြဋ္ဌာန်းထားပေသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို လက်ခံခြင်းဖြင့် လက်ခံသည့် နိုင်ငံများတွင် စီးပွားရေးအကျိုးအမြတ်များအဖြစ် ရသင့်ရထိုက်သော အခွန်အခများ ရရှိစေခြင်း၊ နိုင်ငံသားများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရုံသာမက ကျွမ်းကျင်မှုဆိုင်ရာ နည်းပညာများ တိုးပွားခြင်း၊ အထူးသဖြင့် ဖက်စပ်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် ပြည်တွင်းလုပ်ငန်းရှင်များအမြင်ကျယ်၍ အတွေ့အကြုံများ ရရှိခြင်းစသော အကျိုးအမြတ်များကို မလွဲမသွေရရှိစေမည်ဖြစ်ပေသည်။

အထူးသဖြင့် နည်းပညာချို့တဲ့သော ဖွံ့ဖြိုးဆဲနိုင်ငံများတွင်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၏ အကျိုးအမြတ်များတွင် ပြည်တွင်းမှ ပိုလျှံလုပ်အားများကို အသုံးပြုဆောင်ရွက်မှုများကြောင့် နည်းပညာပိုင်းဆိုင်ရာ အခြေခံများ ရရှိခြင်းမှသည် နည်းပညာလွှဲပြောင်းရယူနိုင်မှု (Transfer of Technology)အဆင့်အထိ အဖိုးမဖြတ်နိုင်သော အကျိုးအမြတ်ကို ရရှိနိုင်ပါသည်။ လယ်ယာကဏ္ဍကဲ့သို့ လုပ်သားအင်အား လိုအပ်ချက်ထက်ပိုနေသော အခြေအနေတွင် ပိုလျှံလုပ်သားများသည် အခြားလုပ်ငန်းများသို့ ပြောင်းရွှေ့လုပ်ကိုင်ရန် အခွင့်အလမ်းရရှိစေခြင်းဖြင့် လယ်ယာကဏ္ဍ၏ ပိုလျှံလုပ်သား ပြဿနာကိုလည်း ဖြေရှင်းခြင်းနှင့်အတူ လယ်ယာကဏ္ဍမှ လုပ်သားတစ်ဦးကျ ဝင်ငွေမှာလည်း မြင့်တက်လာမည်ဖြစ်သည်။ မလိုအပ်ဘဲ လယ်ယာအလုပ်ခွင်တွင် လူပိုလူလျှံ ကင်းခြင်းဖြင့် ဖုံးကွယ်အလုပ်လက်မဲ့ပြဿနာလည်း ပပျောက်၍ လူမှုစီးပွားဖွံ့ဖြိုးမှုညွှန်းကိန်းများဖြင့် စီးပွားရေးဖွံ့ဖြိုးမှုဖြစ်စဉ်အတွက် လိုအပ်သော ဖွံ့ဖြိုးမှုအလင်းရောင်ကို တောက်ပလာစေနိုင်ပေသည်။

ထို့ကြောင့် နှစ်ဖြာအကျိုးကို သယ်ပိုးနိုင်မည့် မြန်မာ့အထူးစီးပွားရေးဇုန်သုံးရပ်၏ စီးပွားရေး၊ လူမှုရေးနှင့် နည်းပညာဖွံ့ဖြိုးရေးဆိုင်ရာ ရလဒ်ကောင်းများဖြင့် ဆင်းရဲမှုပပျောက်ရေး ရည်မှန်းချက်ပါ ပူးတွဲအောင်မြင်နိုင်စေမည်ဟု ယုံကြည်ရန်သာ ရှိပေသည်။

# ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို ပီပီပြင်ပြင်ဖော်ဆောင်နိုင်ဖို့ဟာလည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်လိုပဲ နက်နဲရှုပ်ထွေးပါတယ်

## (မြန်မာနိုင်ငံဆိုင်ရာ တောင်အာဖရိကသံအမတ်ကြီးနှင့် တွေ့ဆုံမေးမြန်းခြင်း)

**တွေ့ဆုံမေးမြန်း - သာစိန်၊ ကျော်ထိုက်စိုး**

**မြန်မာနိုင်ငံတွင် ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲရေး အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံနှင့် တောင်အာဖရိက နှစ်နိုင်ငံဆက်ဆံရေး မြှင့်တင်နိုင်မှုတို့နှင့်ပတ်သက်ပြီး မြန်မာနိုင်ငံဆိုင်ရာ တောင်အာဖရိကသံအမတ် Mr. Geoffrey Quinton Mitchell Doidge နှင့် မြန်မာ့သတင်းစဉ်တို့ တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြလိုက်ပါသည်-**

**မေး။ ။ မင်္ဂလာပါ အဆွေတော် သံအမတ်ကြီးခင်ဗျား တွေ့ရတာဝမ်းသာပါတယ်။ ကျွန်တော်တို့နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးဟာ နှစ်ပေါင်းနှစ်ဆယ်ကျော်ကြာမြင့်ခဲ့ပြီလို့ သိရပါတယ်။ သမိုင်းကြောင်းအရ ကြည့်မယ်ဆိုလျှင် မြန်မာနိုင်ငံနဲ့ တောင်အာဖရိကနိုင်ငံတို့ဟာ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုကို မြှင့်တင်နိုင်ကြတာတွေ့ရပါတယ်။ အခုလည်း အဆွေတော် မြန်မာနိုင်ငံကိုရောက်ရှိလာတဲ့အတွက် နှစ်နိုင်ငံဆက်ဆံရေးကို ထပ်မံတိုးမြှင့်နိုင်မယ်လို့ မျှော်လင့်ပါတယ်။ အဲ့ဒီအပေါ် အဆွေတော်ရဲ့အမြင်ကို သိချင်ပါတယ်။**

ဖြေ။ ။ မြန်မာနိုင်ငံနဲ့ တောင်အာဖရိကနိုင်ငံတို့ရဲ့ သံတမန်ဆက်ဆံရေးသက်တမ်းဟာ ဆယ်စုနှစ်နှစ်ခုမက ရှိလာပါပြီ။ ၂၀၁၀ ပြည့်နှစ်နောက်ပိုင်းမှာ မြန်မာနိုင်ငံက ရရှိခဲ့တဲ့တိုးတက်ပြောင်းလဲမှုတွေအပေါ် ကျွန်တော်တို့ အလွန်မှအားရကျေနပ်ပါတယ်။ မြန်မာနိုင်ငံဟာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို ဖော်ဆောင်နေဆဲဖြစ်ပြီး အဲဒီအပြောင်းအလဲနဲ့အတူ အောင်မြင်မှုတွေ စတင်ရရှိနေပြီဖြစ်ပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ကျင်းပခဲ့တဲ့ ပထမအကြိမ်ပင်လုံညီလာခံနဲ့ ဒုတိယအကြိမ် ပင်လုံညီလာခံတွေအပေါ် ကျွန်တော်တို့ အထူးတလည် စိတ်ဝင်စားလျက်ရှိပါတယ်။ ထို့အတူ တောင်အာဖရိကနိုင်ငံအနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ပတ်သက်ပြီး ဆောင်ရွက်ခဲ့တဲ့ အတွေ့အကြုံတွေကိုလည်း မြန်မာနိုင်ငံအတွက် မျှဝေပေးလိုပါတယ်။ ခေတ်အဆက်ဆက်က ဒီမိုကရေစီဖော်ဆောင်ရာမှာ ရရှိခဲ့တဲ့ တောင်အာဖရိကနိုင်ငံရဲ့ အတွေ့အကြုံတွေကို မျှဝေပေးခြင်းအားဖြင့် မြန်မာနိုင်ငံအတွက် အကျိုးများစွာရရှိမှာပါ။ ဒီနေရာမှာ အသွင်ကူးပြောင်းရေးနဲ့ပတ်သက်ပြီး ဘာလုပ်ရမလဲဆိုတာကို ကျွန်တော်တို့က မပြောလိုသော်လည်း ကျွန်တော်တို့ရဲ့အမှားတွေအပေါ်မှာတော့ သင်ခန်းစာယူနိုင်ဖို့အတွက် ကျွန်တော်တို့ရဲ့ အတွေ့အကြုံတွေကို မျှဝေပေးခြင်းသာ ဖြစ်ပါတယ်။

**မေး။ ။ မြန်မာနိုင်ငံအနေနဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနဲ့ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို လုပ်ဆောင်နေတာ အဆွေတော်သိပြီးဖြစ်မှာပါ။ ဖော်ပြပါ လုပ်ငန်းစဉ်တွေနဲ့ပတ်သက်ပြီး မြန်မာအစိုးရရဲ့ ကြိုးပမ်းအားထုတ်မှုအပေါ် အဆွေတော်ရဲ့အမြင်ကို သိချင်ပါတယ်။**

ဖြေ။ ။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ညှိနှိုင်းအဖြေရှာရတဲ့ကိစ္စဟာ ရှည်ကြာတဲ့လုပ်ငန်းစဉ်တစ်ခုပါ။ ထို့အတူ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို ပီပီပြင်ပြင်ဖော်ဆောင်နိုင်ဖို့ဟာလည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်လိုပဲ နက်နဲရှုပ်ထွေးပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ် ဖော်ဆောင်တာဟာ မလွယ်ကူလှတဲ့အတွက် အားလုံးပါဝင်ဖို့လိုအပ်သလို အချိန်များစွာယူဖို့လိုအပ်ပါတယ်။ တောင်အာဖရိကအနေနဲ့ အဲဒီလုပ်ငန်းစဉ်တွေကို နှစ်အတန်ကြာ ကြိုးပမ်းအကောင်အထည်ဖော်ခဲ့ရပါတယ်။ နယ်ဆန်မင်ဒဲလား မလွတ်မြောက်မီ ၁၉၈၀ ပြည့်နှစ် နှောင်းပိုင်းကာလကတည်းက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ကျွန်တော်တို့စေ့စပ်ညှိနှိုင်းမှုတွေ စတင်လုပ်ဆောင်ခဲ့ပါတယ်။ ၁၉၉၀ ပြည့်နှစ်မှာ နယ်ဆန်မင်ဒဲလား လွတ်မြောက်လာပြီးတဲ့နောက်ပိုင်းမှာ ဆွေးနွေးညှိနှိုင်းမှု အသစ်တစ်ရပ် လုပ်ဆောင်ခဲ့ကြပြီး အဲ့ဒီကနေတစ်ဆင့် ၁၉၉၄ ခုနှစ်မှာ ရွေးကောက်ပွဲကျင်းပနိုင်တဲ့အထိ ရောက်ရှိခဲ့ပြီး ဒီမိုကရေစီပုံစံရွေးကောက်ပွဲကို ပထမဦးဆုံးအကြိမ် ကျင်းပနိုင်ခဲ့ပါတယ်။ ဒီမိုကရေစီရွေးကောက်ပွဲနဲ့အတူ ပေါ်ပေါက်လာတဲ့ ပါလီမန်က နိုင်ငံကို ပြုပြင်ပြောင်းလဲမှု ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်နိုင်ဖို့အတွက် ဥပဒေပေါင်း ၇၀၀ ကျော်ကို ပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။ နယ်ဆန်မင်ဒဲလား တောင်အာဖရိကသမ္မတဖြစ်လာတဲ့အချိန်မှာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို စတင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ သို့သော်လည်း ယခင်အစိုးရအဆက်ဆက်ရဲ့ ဆိုးမွေတွေဖြစ်တဲ့ ဆင်းရဲမွဲတေမှု၊ မမျှတမှုနဲ့အခြားသော အခက်အခဲနဲ့ စိန်ခေါ်မှုတွေကိုတော့ တောင်အာဖရိကပြည်သူတွေ ရင်ဆိုင်ခံစားနေရဆဲဖြစ်ပါတယ်။ ပိုပြီးထူးခြားတာက အသွင်ကူးပြောင်းရေးကာလမှာ ကြုံတွေ့ရတဲ့အခက်အခဲတွေဟာ တောင်အာဖရိကပြည်သူတွေရဲ့ဘဝအပေါ်သက်ရောက်မှုရှိနေဆဲဖြစ်တဲ့အတွက် တောင်အာဖရိကနိုင်ငံအနေနဲ့ အသွင်ကူးပြောင်းရေးကို လုပ်ဆောင်နေဆဲလို့ပဲဆိုချင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ အသွင်ကူးပြောင်းရေးတွေ လုပ်ဆောင်ခဲ့ရာမှာ နိုင်ငံတော်တည်ဆောက်ရေးနဲ့ပတ်သက်ပြီး အပြည့်အဝလုပ်ဆောင်နိုင်ခဲ့ခြင်းမရှိသေးပါဘူး။ တစ်ဦးနှင့်တစ်ဦးအကြား၊တစ်ဖွဲ့နဲ့တစ်ဖွဲ့အကြားမှာ ငြိမ်းချမ်းရေးဖော်ဆောင်နေဆဲပဲဖြစ်ပါတယ်။ နိုင်ငံတစ်ဝန်းမှာ ငြိမ်းချမ်းရေးဖြစ်ထွန်းလာမှသာ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းလည်း အောင်မြင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး ပြောချင်တာက ကျွန်တော်တို့အားလုံးဟာ စိတ်ရှည်ဖို့လိုပါတယ်။ မြန်မာပြည်သူပြည်သားတွေလည်း စိတ်ရှည်ဖို့လိုပါတယ်။ တောင်အာဖရိကနိုင်ငံအနေနဲ့ လာမယ့် လေးနှစ်တာကာလအထိ မြန်မာနိုင်ငံအပေါ် စောင့်ကြည့်အကဲဖြတ်ရင်း မြန်မာနိုင်ငံနဲ့အတူ အတွေ့အကြုံတွေကို ဖလှယ်ချင်ပါတယ်။



တောင်အာဖရိကသံအမတ်ကြီး
Mr. Geoffrey Quinton Mitchell Doidge

**မေး။ ။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ နိုင်ငံတော်တာဝန် စတင်ရယူခဲ့တဲ့အချိန်ကစပြီး ငြိမ်းချမ်းရေးအတွက် တစိုက်မတ်မတ်လုပ်ဆောင်ခဲ့ပါတယ်။ ငြိမ်းချမ်းရေးကို ထိရောက်စွာအကောင်အထည်ဖော်နိုင်ဖို့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံ ကျင်းပခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ အကောင်အထည်ဖော်နေတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့တောင်အာဖရိကမှာ အကောင်အထည်ဖော်နေတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုနှိုင်းယှဉ်ပြီး အဆွေတော်ရဲ့အကြံပြုချက်ကို လိုချင်ပါတယ်။**

ဖြေ။ ။ တောင်အာဖရိကဟာ စနစ်တစ်ခုမှစနစ်တစ်ခုကို လွှဲပြောင်းပေးနိုင်ခဲ့တဲ့ အားသာချက်တွေရှိပါတယ်။ ဒါကတော့ မြန်မာနိုင်ငံနဲ့သက်ဆိုင်တဲ့ ကိစ္စတော့မဟုတ်ပါဘူး။ မြန်မာနိုင်ငံကတော့ သူ့အုပ်ချုပ်ရေးစနစ်နဲ့သူ ရှေ့ကိုခရီးဆက်နေပါတယ်။ ဒါကြောင့်မို့ သူ့ရဲ့စနစ်နဲ့အညီ ပြုပြင်ပြောင်းလဲမှုတွေကို လုပ်ဆောင်နေတာတွေ့ရပါတယ်။ ငြိမ်းချမ်းရေးညီလာခံတွေ ကျင်းပနိုင်ခဲ့တဲ့ မြန်မာနိုင်ငံရဲ့ ကြိုးပမ်းမှုအပေါ် မိမိတို့လေးစားရပါတယ်။ နိုင်ငံပြုပြင်ပြောင်းလဲရေးမှာ အခက်အခဲတွေ၊ စိန်ခေါ်မှုတွေ အမြဲရှိနေမှာပါ။ တောင်အာဖရိကနိုင်ငံပင်လျှင် စေ့စပ်ဆွေးနွေးညှိနှိုင်းမှုသုံးကြိမ်အထိ ပျက်ပြားခဲ့ရပါတယ်။ ပထမအကြိမ်ပျက်သွားခဲ့တယ်။ ဒုတိယအကြိမ် ထပ်မံကြိုးစားသော်လည်း ပျက်ပြားခဲ့တယ်။ တတိယအကြိမ်ရောက်မှ သဘောတူညီမှုတွေရရှိခဲ့တာကြောင့် အဲ့ဒီတတိယအကြိမ်ကို “ပါတီစုံစေ့စပ်ဆွေးနွေးညှိနှိုင်းမှုဖိုရမ်”လို့ ထင်ရှားကျော်ကြားခဲ့ခြင်းဖြစ်ပါတယ်။ ပထမအကြိမ်နဲ့ ဒုတိယအကြိမ်မှာ အောင်မြင်မှုနဲ့အလှမ်းဝေးခဲ့ကာ အားလုံးပါဝင်တဲ့ တတိယအကြိမ်ကျမှ သဘောတူညီမှုတွေရရှိခဲ့ကြပြီး လမ်းမှန်ပေါ်ကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာခဲ့ခြင်းဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ပတ်သက်ပြီး လုပ်ဆောင်စရာတွေ ရှိနေပါသေးတယ်။ ဒါကြောင့်မို့ အသွင်ကူးပြောင်းရေးနဲ့ နိုင်ငံတော်တည်ဆောက်ရေးဟာ များစွာရှုပ်ထွေးတဲ့အတွက် အဆောတလျင် လုပ်ဆောင်လို့မရနိုင်ပါဘူး။ အဲ့ဒီလုပ်ငန်းစဉ်မှာ ပါဝင်ပတ်သက်တဲ့သူတွေအနေနဲ့ အားလုံးပါဝင်တဲ့ လုပ်ငန်းစဉ်ကြီး တစ်ခုဖြစ်လာမှသာ အောင်မြင်မှုရနိုင်မယ်ဆိုတာ ရှင်းရှင်းလင်းလင်းသဘောပေါက်နားလည်ဖို့ လိုအပ်ပါတယ်။

**မေး။ ။ အဆွေတော်အနေနဲ့ ဝန်ကြီးတာဝန်လည်း ထမ်းဆောင်ခဲ့တယ်လို့သိရပါတယ်။ နိုင်ငံတည်ဆောက်ရေးနဲ့ပတ်သက်ပြီး အဆွေတော်မှာ အတွေ့အကြုံများစွာရှိမှာဖြစ်ပါတယ်။ ဒါ့ကြောင့် လက်ရှိ မြန်မာအစိုးရအသစ်ရဲ့ နိုင်ငံတော်တည်ဆောက်ရေးနဲ့ပတ်သက်ပြီး အဆွေတော်ရဲ့ဘက်စုံအမြင်ကို သိချင်ပါတယ်။**

ဖြေ။ ။ မြန်မာနိုင်ငံကိုလာရောက်တာ တောင်အာဖရိကအစိုးရရဲ့ နိုင်ငံခြားရေးဝန်ကြီးအဖြစ် ကိုယ်စားပြုလာရောက်ခဲ့တာဖြစ်ပြီး မြန်မာနိုင်ငံအစိုးရဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းတွေ အောင်မြင်တိုးတက်လာတဲ့အပေါ်မှာ ကျွန်တော်တို့ ချီးမွမ်းဂုဏ်ပြုပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အဆင့်ဆင့်မှာစိန်ခေါ်မှုတွေ အတူယှဉ်တွဲပြီး ပါလာတယ်ဆိုတာ ကျွန်တော်တို့သိရှိသဘောပေါက်ပါတယ်။ ပင်လုံညီလာခံမှာ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်တွေအားလုံး လက်မှတ်ရေးထိုးနိုင်ခြင်းမရှိသေးသည့်တိုင် တက်ကြွစွာပါဝင်ဆွေးနွေးတဲ့သူတွေနဲ့ ညီလာခံအထမြောက်အောင် ကျင်းပနိုင်ခဲ့တဲ့ မြန်မာအစိုးရကို ကျွန်တော်တို့ ချီးမွမ်းဂုဏ်ပြုပါတယ်။ ဆွေးနွေးပွဲမှာ လူတိုင်းလူတိုင်းလာရောက်ပြီး ပါဝင်ဆွေးနွေးနိုင်ဖို့ ကျွန်တော်တို့ တိုက်တွန်းအားပေးလိုပါတယ်။ ဒါမှသာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ပြီးပြည့်စုံတဲ့အဖြေတစ်ခုထွက်ပေါ်လာမှာဖြစ်ပါတယ်။ တောင် အာဖရိကနိုင်ငံအနေနဲ့ မြန်မာနိုင်ငံက ရရှိပြီးသားတိုးတက်အောင်မြင်မှုတွေအပေါ် ကျေနပ်အားရနေသလို ဆွေးနွေးပွဲမှာ ပိုပြီးပါဝင်လာကြဖို့နဲ့ ဆွေးနွေးပွဲ ပိုပြီးအောင်မြင်ဖို့ ဆန္ဒရှိနေပါတယ်။ သို့သော်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ စေ့စပ်ညှိနှိုင်းရေးလုပ်ငန်းစဉ်မှာ ရင်ဆိုင်နေရတဲ့ မတူညီတဲ့အမြင်တွေ၊ အခက်အခဲတွေနဲ့ပတ်သက်ပြီး ကျွန်တော်တို့အနေနဲ့ သတိထားဆင်ခြင်ရတဲ့အခြေအနေမှာရှိပါတယ်။ မည်သို့ပင်ဆိုစေ တောင်အာဖရိကနိုင်ငံဟာ မြန်မာနိုင်ငံနဲ့ အတွေ့အကြုံတွေ မျှဝေဖို့ ဆုံးဖြတ်ထားပြီးဖြစ်ပါတယ်။

**ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အဆင့်ဆင့်မှာ စိန်ခေါ်မှုတွေ အတူယှဉ်တွဲပြီး ပါလာတယ်ဆိုတာ ကျွန်တော်တို့ သိရှိသဘောပေါက်ပါတယ်။ ပင်လုံညီလာခံမှာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တွေအားလုံး လက်မှတ်ရေးထိုးနိုင်ခြင်း မရှိသေးသည့်တိုင် တက်ကြွစွာပါဝင်ဆွေးနွေးတဲ့သူတွေနဲ့ ညီလာခံအထမြောက်အောင် ကျင်းပနိုင်ခဲ့တဲ့ မြန်မာအစိုးရကို ကျွန်တော်တို့ ချီးမွမ်းဂုဏ်ပြုပါတယ်**

# မြို့သာ-မြင်းခြံရထား ကျောင်းဆင်းချိန်မီရန် အချိန်ပြောင်းလဲပြေးဆွဲ

**နွားထိုးကြီး ဇူလိုင် ၂**

မန္တလေး မြန်မာ့မီးရထားတိုင်း (၃)၏ မြို့သာ-မြင်းခြံ ခေါက်ပြန်ကားရထားကို ကျောင်းသား ကျောင်းသူများ ကျောင်းဆင်းချိန်မီရန် ဇူလိုင် ၁ ရက်မှစ၍ အချိန်ပြောင်းလဲ ပြေးဆွဲခဲ့ကြောင်း သိရသည်။

မြို့သာဘူတာမှ အစုန်ကားရထား (၁၁၆)သည် နံနက် ၆ နာရီမှ ထွက်ခွာ၍ မြင်းခြံဘူတာသို့ ၉ နာရီ ၁၀ မိနစ်တွင် ရောက်ရှိမည်ဖြစ်သည်။ မြင်းခြံဘူတာမှ (၁၁၅)အဆန်ရထားသည် မွန်းလွဲ ၂ နာရီ ၃၀ မှထွက်၍ မြို့သာဘူတာသို့ ညနေ ၅ နာရီ ၃၀ ရောက်ရှိမည် ဖြစ်သည်။

မြို့သာ-မြင်းခြံ ယခုကဲ့သို့ အချိန်ပြောင်းလဲပြေးဆွဲခြင်းမှာ ကျောင်း ပေါင်းစုံတက်နေသော ကျောင်းသားများ ကျောင်းဆင်းချိန်နှင့် ကိုက်ညီ၍ စီးနင်းလိုက်ပါနိုင်ရန် ရထားပြေးဆွဲခြင်းကို နာရီဝက် နောက်ကျပြေးဆွဲခြင်း ဖြစ်ကြောင်း သိရသည်။

ယခုရက်ပိုင်း ကားရထားမှာ ပုံမှန်နှစ်တွဲထွက်ခွာရာမှ တစ်တွဲတည်း ထွက်ခွာနေ၍ ဒေသတွင်းစီးနင်းသူတို့နှင့် မနိုင်မနင်းစီးနင်းနေရကြောင်း ဒေသခံများက ပြောသည်။

**ဌေးမြင့်မောင်**

# လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော် ဇူလိုင် ၂**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် ခြောက်ပေမှ ကိုးပေခန့် ရှိနိုင်သည်။ **(မိုး/ဇလ)**

# ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို NCA စာချုပ်အတိုင်းသာ ဆက်လက်အကောင်အထည်ဖော်မည်

## ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့က NCA စာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ပြန်လည်သုံးသပ်ရန်ဖွဲ့စည်း




PPST ၏ သတင်းစာရှင်းလင်းပွဲကျင်းပစဉ်

**ချင်းမိုင် ဇူလိုင် ၂**

နိုင်ငံရေးဆိုင်ရာ မူဘောင်ကိစ္စရပ်များနှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA)ပါ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ပြန်လည်သုံးသပ်ရန်အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) သည် ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ဇွန် ၂၈ ရက်မှ ဇူလိုင် ၂ ရက်အထိ တွေ့ဆုံဆွေးနွေးခဲ့ကြပြီး ယနေ့ မွန်းလွဲပိုင်း အစည်းအဝေး အပြီးတွင် သတင်းစာရှင်းလင်းပွဲပြုလုပ်၍ သတင်းမီဒီယာများ၏ မေးမြန်းမှုများအား ဖြေကြားခဲ့ကြသည်။

"ငါးရက်တာ အစည်းအဝေးအပြီးမှာ ဆုံးဖြတ်ချက် ၁၇ခုနဲ့ မှတ်တမ်းလေးခုရရှိပါတယ်။ အဲ့ဒီထဲကမှ တကယ့်အနှစ်သာရတွေကို ထုတ်ပြန်ချက်ထဲမှာ ထည့်သွင်းခဲ့ပါတယ်"ဟု ချင်းအမျိုးသားတပ်ဦး (CNF)၏ ဥက္ကဋ္ဌ ပူးဇင်းကျုံးက ပြောသည်။

"ငြိမ်းချမ်းရေးဖြစ်စဉ်တစ်ခုလုံးကို ပိုမိုထိရောက်အောင်မြင်ရေးအတွက် မူဘောင် (Frame work) အပြီးသတ်ရေးဆွဲနိုင်မှုမရှိသေးခြင်း၊ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများတွင် အားလုံး၏ နိုင်ငံရေးသဘောထားအမြင်များ ပါဝင်နိုင်မှု မရှိသေးခြင်း၊ အဆုံးအဖြတ်ပေးနိုင်သည့် ဆုံးဖြတ်ချက်များချတဲ့နေရာမှာ ရှုပ်ထွေးမှုများရှိနေခြင်းတို့ကို ပြန်လည်သုံးသပ်၍ သုံးသပ်ချက်များအပေါ် အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကြားညှိနှိုင်း၍ အကောင်းဆုံးပြင်ဆင်ဆောင်ရွက်သွားမည်"ဟု မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF) ဥက္ကဋ္ဌ ဦးသံခဲကလည်း ပြောကြားခဲ့သည်။

NCA စာချုပ်ပါ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ပြန်လည်သုံးသပ်ရခြင်းနှင့်ပတ်သက်၍ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်နာယက ခွန်ဥက္ကာက "ဘာကြောင့် ပြန်လည်သုံးသပ်တာနဲ့ သုံးသပ်ချက်တွေကို ကောင်းအောင်ပြင်ဆင်လဲ (Review and Reform ) ဆိုတော့ (၂၁) ရာစုပင်လုံဒုတိယ အစည်းအဝေးပြီးတဲ့အချိန်မှာ သုံးသပ်ချက်ထွက်လာတာက ကျွန်တော်တို့အဖွဲ့ဝင်ထဲမှာ နှစ်ဖွဲ့ရှိတယ်။ KNU သုံးသပ်ချက်နဲ့ RCSS သုံးသပ်ချက်ပါ။ ဒီတော့ PPST က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်စုံလုံးကို Review လုပ် သုံးသပ်မယ်၊ ပြီးမှ ပြန်လည်ပြင်ဆင်မှု Reform လုပ်မယ်ဆိုပြီး အချိန်ယူလုပ်တာဖြစ်တယ်။ ကျွန်တော်တို့ PPST ရဲ့ Review ရပြီဆို အစိုးရ၊ တပ်မတော်နဲ့ နိုင်ငံရေးပါတီတွေကို ခေါ်ပြီးတော့ Joint Review (ပူးတွဲသုံးသပ်မှု)တွေ ပြန်သွားရမယ်။ အားလုံးသုံးသပ်ချက်တွေရပြီဆိုတာနဲ့ Reform လုပ်မှာပါ။ လာမယ့် ဩဂုတ်လအတွင်းမှာ ပြီးအောင်ကြိုးစားလုပ်မယ်။ အာမခံချက်ရှိတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်လည်းဖြစ်အောင်၊ နိုင်ငံရေးဆွေးနွေးပွဲတွေလည်းဖြစ်အောင် ရည်မှန်းပြီးတော့ အပြုသဘောဆောင်ပြီး ပိုမိုကောင်းမွန်စေချင်တဲ့ ရည်ရွယ်ချက်နဲ့ ချဉ်းကပ်သုံးသပ်မှု (Review) လုပ်တာဖြစ်ပါတယ်"ဟု ပြောသည်။

NCA စာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းအဖွဲ့ကို အထူးဖိတ်ကြားထားသူနှစ်ဦးနှင့် NCA လက်မှတ်ထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းရှစ်ဖွဲ့မှ အစုအဖွဲ့အလိုက် တာဝန်ယူထားသူများဖြင့် ဖွဲ့စည်းမည်ဖြစ်ပြီး ဦးဆောင်သူအဖြစ် ပြည်ထောင်စုငြိမ်းချမ်းရေးပူးတွဲဆွေးနွေးမှုကော်မတီ (UPDJC) ဒုတိယဥက္ကဋ္ဌ ပဒိုစောကွယ်ထူးဝင်းက တာဝန်ယူ၍ ကိုယ်စားလှယ် ၂၁ ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ကြောင်း၊ ယင်းအဖွဲ့သည် သုံးသပ်ချက်များပြင်ဆင်မှု (Reform) ကို ဇူလိုင်လအတွင်း စတင်မည်ဖြစ်ပြီး ဇူလိုင်လအကုန်တွင် သုံးသပ်ချက်များကို PPST သို့ တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

ချင်းအမျိုးသားတပ်ဦး(CNF)၏ ဥက္ကဋ္ဌ ပူးဇင်းကျုံးက "Review နဲ့ Reform ဇူလိုင်လအတွင်းမှာ စမယ်။ ဇူလိုင်ကုန်တာနဲ့ ထွက်လာတဲ့ PPST ကို တင်ပြမယ်။ PPSTက တစ်ဆင့် EAOs ညီလာခံမှာ တင်ပြမယ်။ တစ်လခွဲအတွင်းမှာ အပြီးလုပ်နိုင်ဖို့ စီစဉ်နေပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ညီလာခံကိုလည်း ရှေ့လလောက်မှာလုပ်နိုင်ဖို့ စီစဉ်နေပါတယ်"ဟု ပြောသည်။

နိုင်ငံရေးဆိုင်ရာ မူဘောင်ကိစ္စရပ်များနှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ပြန်လည်သုံးသပ်ခြင်းသည် NCA လမ်းကြောင်းအတိုင်းသွားရန်နှင့် လမ်းကြောင်းနှင့် လွဲနေသည့်အချက်များကိုပြုပြင်၍ NCA စာချုပ် အတိုင်း ကြိုးပမ်းဆောင်ရွက်ခြင်းဖြစ်ကြောင်း ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST)၏ သတင်းစာရှင်းလင်းပွဲမှ သိရသည်။

**သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-အောင်အောင်-(ချင်းမိုင်)**

***❖ ကျောဖုံးမှ***

ထိုသို့သုံးသပ်ရာတွင် တိုင်းရင်းသားလူမျိုးများ၏ အဓိကလက္ခဏာရပ်များဖြစ်သော ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ၏ အခန်းကဏ္ဍ၊ ပြည်ထောင်စုနှင့် ပြည်နယ်များအကြား အာဏာခွဲဝေပိုင်းခြားထားရှိမှု၊ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ငြိမ်းချမ်းရေးသဘောတူညီချက်များ ပူးတွဲအကောင်အထည်ဖော်ခြင်း စသည့် အရေးကြီးသည့် အချက်အလက်များကို ဆက်လက်ဆွေးနွေးရမည်ဟု တွေ့ရှိရကြောင်း။

**သုံးသပ်တွေ့ရှိ**

ထို့ပြင် NCA ကိုအကောင်အထည်ဖော်ရာ၌ အစိုးရ၊ တပ်မတော်နှင့် NCA-S-EAO များအကြား NCA အပေါ် နားလည်မှုနှင့် အဓိပ္ပာယ်ဖွင့်ဆိုမှု မတူညီကြောင်းကို သုံးသပ်တွေ့ရှိရကြောင်း၊ ထို့ကြောင့် NCA ဆိုင်ရာ အခြေခံမူ၊ ခံယူချက်သဘောထားများနှင့် ကတိပြုချက်များအားလိုက်နာခြင်း၊ အကောင်အထည်ဖော်ခြင်းတို့အပေါ် သက်ရောက်မှုရှိခဲ့ပြီး လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုဆိုင်ရာ အခြေခံတို့နှင့် ပတ်သက်ပြီး အားနည်းမှုများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရကြောင်း။

ထို့ကြောင့် NCA အကောင်အထည်ဖော်မှုအပါအဝင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ခုလုံး ပိုမိုထိရောက်အောင်မြင်ရေးနှင့် NCA-S-EAO အဖွဲ့အစည်းများအတွင်း အမြင်သဘောထားရပ်တည်ချက်များ ပိုမိုခိုင်မာစေရေးတို့ကိုရည်ရွယ်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား ကျယ်ကျယ်ပြန့်ပြန့် ပြန်လည်သုံးသပ်ပြင်ဆင်သွားရန် သဘောတူညီခဲ့ကြောင်း။

**ညှိနှိုင်းဆွေးနွေး**

PPST သည် ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ရှေးရှု၍ NCA အကောင်အထည်ဖော်မှု လုပ်ငန်းစဉ်မှတစ်ဆင့် တွေ့ဆုံဆွေးနွေးရေးနည်းလမ်းဖြင့် သက်ဆိုင်သူများအကြား ညှိနှိုင်းဆွေးနွေးအဖြေရှာကာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားသည့် စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုကို တည်ဆောက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)တွင် လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းရှစ်ဖွဲ့မှာ KNU (ကရင်အမျိုးသားအစည်းအရုံး)၊ KNU/KNLA(P.C) ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ)၊ DKBA (ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်)၊ CNF (ချင်းအမျိုးသားတပ်ဦး)၊ PNLO (ပအိုဝ်း အမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်)၊ ABSDF (မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး)၊ RCSS (ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ)၊ ALP (ရခိုင်ပြည်လွတ်မြောက်ရေးပါတီ)တို့ ဖြစ်ကြသည်။

**(သတင်းစဉ်)**

# နာဂဒေသနန်းယွန်းနှင့် ပန်ဆောင်မြို့တို့တွင် GSM စခန်းများတည်ဆောက်ရန် အစီအစဉ်မရှိသေး

**စစ်ကိုင်း ဇူလိုင် ၂**

စစ်ကိုင်းတိုင်းဒေသကြီး နာဂဒေသ နန်းယွန်းမြို့နှင့် ပန်ဆောင်မြို့တို့၌ CDMA 450MHz စခန်းများ ဖွင့်၍ Power Supply အနေဖြင့် လျှပ်စစ်မီးမရသေးသဖြင့် အင်ဂျင်မီးစက်များ အသုံးပြု ဆောင်ရွက်လျက်ရှိကြောင်း တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းညွန့်ဝင်းထံမှ သိရသည်။

နန်းယွန်းမြို့နှင့် ပန်ဆောင်မြို့တို့၌ တယ်လီဖုန်းလိုင်းတပ်ဆင်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် မည်သည့်ကာလ၌ တပ်ဆင်ပေးမည်ကို သိရှိလိုကြောင်း နန်းယွန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိမ်းမောင်က ကျင်းပနေသော စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်တွင် မေးမြန်းရာ ဝန်ကြီးက ပြန်လည်ဖြေကြားခြင်းဖြစ်သည်။

"စစ်ကိုင်းတိုင်းဒေသကြီး နန်းယွန်းမြို့ CDMA 450MHz စခန်းကို ၂၀၁၁ ခုနှစ် ဩဂုတ် ၁၇ ရက်မှာ စတင်ဖွင့်ခဲ့သလို ပန်ဆောင်မြို့မှာ CDMA 450MHz စခန်းကို ၂၀၁၂ ခုနှစ် ဧပြီ ၂ ရက်မှာ ဖွင့်လှစ်ခဲ့ပါတယ်။ စဖွင့်ပြီး Power Supply အနေနဲ့ လျှပ်စစ်မီးမရသေးတဲ့အတွက် မီးစက်အင်ဂျင်သုံးနေရပါတယ်။ သုံးတဲ့မီးစက်ကို ည ၁၂ နာရီမှာ ခဏနားပြီး မနက် ၅ နာရီလောက်မှာ သုံးနိုင်ဖို့ စီစဉ်ထားပါတယ်"ဟု ဝန်ကြီး ဦးသန်းညွန့်ဝင်းက ပြောသည်။

CDMA450MHz စခန်းများအား MPT Satellite ဂြိုဟ်တုစနစ်အသုံးပြု၍ အခြားဒေသများသို့ ဆက်သွယ်နိုင်ရေးဆောင်ရွက်ထားပြီး အဆိုပါ MPT Satellite ဂြိုဟ်တုစနစ်သည် ရာသီဥတုအပေါ်မူတည်၍ မချိတ်ဆက်နိုင်မှုများကြောင့် တစ်ခါတစ်ရံ လိုင်းပြတ်တောက်မှုများ ရှိနိုင်ကြောင်း သိရသည်။ နန်းယွန်းနှင့် ပန်ဆောင်ဒေသသည် သွားလာရေးခက်ခဲသော ဒေသများဖြစ်ပြီး ဆက်သွယ်ရေးကွန်ရက်များ (Micro Fiber လမ်းကြောင်းများ) မရောက်ရှိသေးသဖြင့် ဖြစ်နိုင်သည့် အခြေအနေပေါ်မူတည်၍ MPT Satellite အနေဖြင့် ဆက်သွယ်ရေးရရှိနိုင်ရေးကို ဆောင်ရွက်ထားကြောင်း သိရသည်။

ယခုအခါ နန်းယွန်းနှင့် ပန်ဆောင်ဒေသအပါအဝင် နာဂဒေသသို့ GSM ကွန်ရက်များ တည်ဆောက်နိုင်ရန်အတွက် ဖောင်းပြင်-ခန္တီး-ဟုမ္မလင်း ဖိုင်ဘာဆက်ကြောင်းများ စတင်ဆောင်ရွက်လျက်ရှိပြီဖြစ်သည့်အတွက် နန်းယွန်းနှင့် ပန်ဆောင်မြို့များတွင် လတ်တလော အခြေအနေအရ GSM စခန်းများ တည်ဆောက်ပေးရန် အစီအစဉ်မရှိသေးကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



# ပျက်ကျခဲ့သည့် Y-8 လေယာဉ်၏ ကိုယ်ထည်အစိတ်အပိုင်းများ ထပ်မံဆယ်ယူရရှိ

**နေပြည်တော် ဇူလိုင် ၂**

တပ်မတော်(ရေ)မှ စစ်ရေယာဉ်များ၊ ကျွမ်းကျင်ရေငုပ်စစ်သည်များ၊ ဒေသခံငါးဖမ်းစက်လှေများပူးပေါင်း၍ ပျက်ကျခဲ့သည့် Y-8 လေယာဉ်၏ ကျန်ရှိအစိတ်အပိုင်းများထပ်မံဆယ်ယူရရှိရေးအတွက် ယနေ့တွင် လေယာဉ်အမြီးပိုင်းတွေ့ရှိသည့် နေရာအနီးတစ်ဝိုက်၌ ရှာဖွေရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်ခဲ့သည်။

ထို့သို့ဆောင်ရွက်ရာတွင် တပ်မတော်(ရေ)မှ ဆိုနာစနစ်ဖြင့် ရှာဖွေတွေ့ရှိသောနေရာများသို့ စစ်ရေယာဉ်များနှင့် ဒေသခံငါးဖမ်းစက်လှေများက ကြမ်းတိုက်ရှာဖွေခဲ့ရာ ယနေ့ညနေပိုင်းတွင် မြေပုံများပါဝင်သော စာရွက်စာတမ်းထုပ်တစ်ထုပ်နှင့် လေယာဉ်ကိုယ်ထည် အလူမီနီယံအစိတ်အပိုင်းများအား ထပ်မံဆယ်ယူရရှိခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ

# ဒမတ်စကတ်၌ ကားဗုံးခွဲတိုက်ခိုက်မှုသုံးကြိမ်ဖြစ်ပွားခဲ့ရာ လူအများအပြားသေဆုံး

**ဒမတ်စကတ် ဇူလိုင် ၂**

ဒမတ်စကတ်မြို့တွင် တနင်္ဂနွေနေ့က ဗုံးခွဲတိုက်ခိုက်မှု သုံးကြိမ်ဖြစ်ပွားခဲ့ကြောင်း ဒေသမီဒီယာက ဖော်ပြခဲ့သည်။ ဗုံးခွဲတိုက်ခိုက်မှုတစ်ခုတွင် သေဆုံးသူ ခုနစ်ဦးရှိခဲ့ကြောင်း ရဲတပ်ဖွဲ့အာဏာပိုင်များက ပြောကြားခဲ့သည်။

ပြီးခဲ့သည့် မတ်လအတွင်းက အသေခံဗုံးခွဲ တိုက်ခိုက်မှုအမြောက်အမြားဖြစ်ပွားခဲ့ပြီးချိန်မှ စတင်ကာ ဆီးရီးယားနိုင်ငံ၏ မြို့တော်အတွင်း၌ အကြီးဆုံး ပေါက်ကွဲမှုတစ်ခုလည်းဖြစ်ကြောင်း သိရသည်။



အသေခံဗုံးခွဲသမားတစ်ဦးသည် ဒမတ်စကတ်မြို့လယ်ကောင်ရှိ တက်ဟရာရင်ပြင်၌ သက်ဆိုင်ရာအရာရှိများ၏ ဝိုင်းရံထားခြင်းကို ခံလိုက်ရပြီးနောက်တွင် အသေခံကာ ဗုံးဖောက်ခွဲခဲ့ရာ လူခုနစ်ဦး သေဆုံးသွားခဲ့ပြီး ၁၃ ဦးထိခိုက်ဒဏ်ရာများရရှိခဲ့သည်ကို မြင်တွေ့လိုက်ရကြောင်း အခင်းဖြစ်ပွားရာတွင် ရောက်ရှိနေခဲ့သည့် ရဲတပ်ဖွဲ့အရာရှိတစ်ဦးက ပြောကြားခဲ့သည်။

နောက်ထပ် ကားဗုံးထောင်ထားမှု နှစ်ခုကို အာဏာပိုင်များက ဖျက်ဆီးနိုင်ခဲ့ကြောင်း ဒေသမီဒီယာကဖော်ပြခဲ့သည်။ အကြမ်းဖက်တိုက်ခိုက်သည့် အဖွဲ့အစည်းများသည် လူစည်ကားရာနေရာများကို ပစ်မှတ်ထားလျက် အသေခံဗုံးခွဲမှုများ ပြုလုပ်ရန် ရည်ရွယ်ထားပြီး လုံခြုံရေးအင်အားစုများက အကြမ်းဖက်အုပ်စုများ ၎င်းတို့၏ ပစ်မှတ်ဆီသို့ မရောက်ရှိစေရေးအတွက်ကာကွယ်တားဆီးမှုများဆောင်ရွက်နေသည်ဖြစ်ရာ လူအသေအပျောက် လျော့နည်းလာဖွယ်ရှိကြောင်း နိုင်ငံပိုင်ရုပ်မြင်သံကြားမှ ထုတ်လွှင့်ခဲ့သည်။

ဗုံးပေါက်ကွဲမှုကြောင့် လမ်းမပေါ်မှ မြေစိုင်မြေခဲများဖွာထွက်လွင့်စဉ်သွားခဲ့ပြီး ကားများ ဆိုးဆိုးရွားရွား ပျက်စီးသွားခဲ့သည့်မြင်ကွင်းကို ရုပ်မြင်သံကြားမှ ပြသခဲ့သည်။

ပြီးခဲ့သည့်မတ်လအတွင်းကလည်း ဒမတ်စကတ်၌ အိုင်အက်စ်စစ်သွေးကြွအဖွဲ့ကပြုလုပ်ခဲ့သည့် အသေခံဗုံးခွဲတိုက်ခိုက်မှုနှစ်ခုဖြစ်ပွားခဲ့ပြီး လူများစွာသေဆုံးခဲ့သည်။ သေဆုံးသူအများစုမှာ ရှီးယိုက်အစ္စလာမ်ဘာသာဝင်များ ဖြစ်သည်။

ပြီးခဲ့သည့်တစ်နှစ်အကြာက ဒမတ်စကတ်မြို့၏ ဆင်ခြေဖုံးရပ်ကွက်များရှိ သူပုန်တိုက်ခိုက်ရေးသမားများကို တိုက်ခိုက်နှိမ်နင်းခဲ့သည့် ဆီးရီးယားအစိုးရတပ်ဖွဲ့ဝင်အင်အားစုများသည် ယခုလက်ရှိတွင်လည်း ဒမတ်စကတ်အရှေ့ပိုင်း ဆင်ခြေဖုံးရပ်ကွက်များရှိ ဂျိုဘာနှင့် အိန်တာမာရေိယာတို့တွင် သူပုန်များနှင့် တိုက်ပွဲများဖြစ်ပွားနေဆဲဖြစ်သည်။ **(ရိုက်တာ)**

# ဒုက္ခသည်များနှင့် ရွှေ့ပြောင်းသွားလာသူများကို ကြိုဆိုလက်ခံသွားမည်ဟု ကနေဒါဝန်ကြီးချုပ်ပြောကြား

**အော့တဝါ ဇူလိုင် ၂**

ကမ္ဘာတစ်ဝန်းရှိ ဒုက္ခသည်များနှင့်ရွှေ့ပြောင်းသွားလာသူများကို ကနေဒါနိုင်ငံက လှိုက်လှိုက်လှဲလှဲကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း ကနေဒါဝန်ကြီးချုပ် ဂျပ်စတင်ထရူးဒိုးကပြောကြားခဲ့သည်။

ဝန်ကြီးချုပ်ထရူးဒိုးသည် ပြီးခဲ့သည့်စနေနေ့က မြို့တော်အော့တဝါ၌ ကနေဒါနိုင်ငံ၏ နှစ် ၁၅၀ ပြည့် မွေးနေ့အထိမ်းအမှတ်ကျင်းပချိန်အတွင်း ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

မည်သည့်နေရာမှလာရောက်သည်ဖြစ်စေ၊ မည်သည့်ဘာသာကိုးကွယ်သူဖြစ်စေ မိမိနိုင်ငံသို့ရောက်ရှိလာသည့် ဒုက္ခရောက်နေသူမှန်သမျှကို ကနေဒါနိုင်ငံကကြိုဆိုလက်ခံကြောင်း ထရူးဒိုးကဆိုသည်။

အထိမ်းအမှတ်ပွဲတွင်ပါဝင်ဆင်နွှဲခဲ့သည့် ဗြိတိန်မင်းသားချားလ်စ်က ကနေဒါနိုင်ငံကိုတရားမျှတခြင်း၏ သာဓကတစ်ခုအနေဖြင့် လူအများက ရှုမြင်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

ထို့အပြင်ချားလ်စ်က ကနေဒါနိုင်ငံသည် ကမ္ဘာပေါ်တွင် လူ့အခွင့်အရေးရပိုင်ခွင့်များကို ကာကွယ်ပေးသည့် ချန်ပီယံနိုင်ငံတစ်ခုအဖြစ် အသိအမှတ်ပြုခြင်းခံရသည့် နိုင်ငံဖြစ်ကြောင်း ပြောကြားခဲ့သည်။ **(အင်န်အိတ်ချ်ကေ)**




# အိန္ဒိယနိုင်ငံရှိ ကုမ္ပဏီတစ်သိန်းကျော်ကို လိုင်စင်ဖျက်သိမ်း

**နယူးဒေလီ ဇူလိုင် ၂**

ငွေမည်းများနှင့် အခွန်ရှောင်တိမ်းမှုကို တိုက်ဖျက်သည့် နောက်ဆုံးကြိုးပမ်းမှုတစ်ရပ်အနေဖြင့် အိန္ဒိယနိုင်ငံတွင် ဥပဒေစည်းမျဉ်းများကို ချိုးဖောက်လျက်ရှိသည့် ကုမ္ပဏီပေါင်းတစ်သိန်းကျော်တို့ကို မှတ်ပုံတင်ခြင်းမှပယ်ဖျက်လိုက်ကြောင်း အိန္ဒိယဝန်ကြီးချုပ်နာရိန္ဒြာမိုဒီကပြောကြားခဲ့သည်။

ပြီးခဲ့သည့်နိုဝင်ဘာလအတွင်းက တန်ဖိုးမြင့်ငွေစက္ကူများကို ချက်ချင်းပိတ်ပင်ရန် ဝန်ကြီးချုပ်မိုဒီကြေညာခဲ့ပြီးနောက်တွင် အစိုးရအဖွဲ့က အချက်အလက်စိစစ်မှုများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ခဲ့ပြီးနောက် အဆိုပါအချက်အလက်များကိုအခြေပြုလျက် ကုမ္ပဏီများအားမှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်ရန်ဆုံးဖြတ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

ငွေကြေးပိတ်ပင်မှု ပြုလုပ်ခဲ့ပြီးနောက်တွင် ကုမ္ပဏီပေါင်းသုံးသိန်းကျော်တို့ကို ပုံမှန်မဟုတ်သော လုပ်ငန်းများဟုတ်မဟုတ်စစ်ဆေးမှုများပြုလုပ်ခဲ့သည်။ ထိုသို့ စစ်ဆေးပြီးနောက် ကုမ္ပဏီပေါင်းတစ်သိန်းကျော်တို့၏ လုပ်ငန်း လိုင်စင်များကိုပယ်ဖျက်ခဲ့ခြင်းဖြစ်ကြောင်း မိုဒီက ပြောကြားခဲ့သည်။

သို့သော်လိုင်စင် ပယ်ဖျက်ခဲ့သည့် ကုမ္ပဏီများ၏ အမည်ကို ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိပေ။

အိန္ဒိယနိုင်ငံ၏အခွန်ဆိုင်ရာပြုပြင်ပြောင်းလဲမှုတစ်ရပ်ကိုစတင်ဆောင်ရွက်ခဲ့ပြီးနောက် နာရီများစွာအကြာတွင် စုဝေးရောက်ရှိနေကြသည့် စာရင်းကိုင်များအား မိုဒီက မိန့်ခွန်းပြောကြားရာတွင် ယခုဆုံးဖြတ်ချက်သည်သာမန်ဆုံးဖြတ်ချက်တစ်ခုမဟုတ်ကြောင်း အလေးအနက်ပြောဆိုခဲ့သည်။

ဥပဒေချိုးဖောက်သည့်ကုမ္ပဏီများကိုလည်း လာမည့်ရက်ပိုင်းအတွင်း နောက်ထပ်အရေးယူဆောင်ရွက်မှုများ ပြုလုပ်သွားဦးမည်ဖြစ်ကြောင်း သိရသည်။ မိုဒီသည် ၎င်း၏ဆုံးဖြတ်ချက်မှာ ဆင်းရဲနွမ်းပါးသူများအတွက်ကြိုးပမ်းလုပ်ဆောင်သည့် စစ်ဆင်ရေး တစ်ခုအဖြစ် ကာကွယ်ပြောဆိုခဲ့သည်။

အိန္ဒိယအစိုးရအနေဖြင့် တရားမဝင်လုပ်ငန်းများ တိတ်တဆိတ်ဆောင်ရွက်နေသည်ဟု သိရှိထားသည့် နောက်ထပ်လုပ်ငန်းပေါင်း ၃၇၀၀၀ကျော်တို့ကိုလည်း ဖော်ထုတ်ပြီး အရေးယူဆောင်ရွက်မှုများ ထပ်မံပြုလုပ်သွားဦးမည်ဖြစ်သည်ဟု ဝန်ကြီးချုပ်မိုဒီက ပြောကြားခဲ့ကြောင်း သိရသည်။ **(ရိုက်တာ)**

# အစ္စရေးဝန်ကြီးချုပ်ဟောင်း အကျဉ်းထောင်မှ လွတ်မြောက်

**တဲလ်အဗစ် ဇူလိုင် ၂**

အစ္စရေးဝန်ကြီးချုပ်ဟောင်း အီဟွတ်အောလ်မတ်သည် အကျင့်ပျက်ခြစားမှုဖြင့် အကျဉ်းထောင်အတွင်း၌ ၁၆ လကြာ နေထိုင်ခဲ့ပြီးနောက်တွင် တနင်္ဂနွေနေ့က တဲလ်အဗစ်အနီးရမ်လီရှိ အကျဉ်းထောင်တစ်ခုမှ ပြန်လည်လွတ်မြောက်လာခဲ့ကြောင်း သိရသည်။

အသက် ၇၁နှစ်ရှိပြီဖြစ်သည့် အောလ်မတ်အားပြင်ပ၌ ကောင်းမွန်စွာပြုမူနေထိုင်မည်ဟူသော ကတိစကားအရ ၎င်းအားပြစ်ဒဏ်ကုန်ဆုံးရက်မတိုင်မီ လွှတ်ပေးခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

အောလ်မတ်သည် ၎င်းဝန်ကြီးချုပ်အဖြစ် ဆောင်ရွက်ခဲ့ သည့် ၂၀၀၆ ခုနှစ်မတိုင်မီ ဂျေရုဆလင်မြို့တော်ဝန်အဖြစ် ဆောင်ရွက်ခဲ့စဉ်က အိမ်ခြံမြေဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သူတစ်ဦးထံမှ လာဘ်စားခဲ့မှုဖြင့် အပြစ်ရှိကြောင်း ၂၀၁၄ခုနှစ်တွင် ဖော်ထုတ်တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ပြင်းထန်သည့်ရာဇဝတ်မှုကြီးများကိုကျူးလွန်ခြင်းမရှိသူများအတွက် အစ္စရေးနိုင်ငံတွင် ကျင့်သုံးမြဲပုံစံအတိုင်း ဘုတ်အဖွဲ့က အောလ်မတ်အား မူလက အကျဉ်းထောင်အတွင်း၌ ၂၇ လကြာနေထိုင်ရန်ပြစ်ဒဏ်ချထားမှုကို လျှော့ချရန်ဆုံးဖြတ်ခဲ့ကြသည် ဟုဆိုသည်။

အကျင့်ပျက်ခြစားမှုကြောင့် အောလ်မတ်သည် ၂၀၀၈ ခုနှစ်တွင် အစ္စရေးဝန်ကြီးချုပ်အဖြစ်မှ နုတ်ထွက်ခဲ့ရသည်။

**(ရိုက်တာ)**



**အစ္စရေးဝန်ကြီးချုပ်ဟောင်း အီဟွတ်အောလ်မတ်အကျဉ်းထောင်အပြင်ဘက်သို့ ထွက်လာသည်ကို တွေ့ရစဉ်**

# တရုတ်နိုင်ငံတွင် သဘာဝဓာတ်ငွေ့ပိုက်လိုင်းတစ်ခုပေါက်ကွဲ

**ပေကျင်း ဇူလိုင် ၂**

တရုတ်နိုင်ငံကုန်းတွင်းပိုင်းရှိ လူနေရပ်ကွက်တစ်ခုအနီးတွင် သဘာဝဓာတ်ငွေ့ပိုက်လိုင်းတစ်ခုပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး လူတစ်ဦးထိခိုက်ဒဏ်ရာရရှိသွားကြောင်းသိရသည်။

ဓာတ်ငွေ့ပိုက်လိုင်းပေါက်ကွဲမှုသည် တရုတ်နိုင်ငံကွီကျိုးပြည်နယ်အနောက်ပိုင်းတွင် တနင်္ဂနွေနေ့နံနက် ၁၀နာရီ မိနစ် ၃၀ တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း တရုတ်နိုင်ငံရှိ သတင်းမီဒီယာတစ်ခုတွင်ဖော်ပြခဲ့သည်။

အင်တာနက်တွင်ဖော်ပြခဲ့သည့်ပုံများတွင် ကယ်ဆယ်ရေးလုပ်သားများရောက်ရှိလာကြပြီး ပေါက်ကွဲမှု ဖြစ်ပွားသည့်နေရာမှ လူအချို့ထွက်ပြေးသွားကြသည်ကို တွေ့မြင်ရသည်။

**(အင်န်အိတ်ချ်ကေ)**

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ယဉ်ကျေးမှုအမွေအနှစ်ဒေသများအား ဇုန် ကိုးဇုန် သတ်မှတ်ထိန်းသိမ်း

**မန္တလေး ဇူလိုင် ၂**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ယဉ်ကျေးမှုအမွေအနှစ်များနှင့် ရှေးဟောင်းအဆောက်အအုံ တည်ရှိရာဒေသများအား ဇုန်နယ်နိမိတ်အဖြစ် သတ်မှတ်ပြဋ္ဌာန်း၍ ကာကွယ်ထိန်းသိမ်း စောင့်ရှောက်ထားသည့် ဇုန်အရေအတွက်မှာ လက်ရှိတွင် ကိုးဇုန်ရှိကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန (မန္တလေးဌာနခွဲ)မှ သိရသည်။

ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ တည်ရှိရာ ဇုန်နှင့် ကာကွယ်ထိန်းသိမ်းထားသောဇုန်အဖြစ် အမရပူရ မြို့နယ်အတွင်းရှိ မဟာဝေယံသာဗားကရာကျောင်းတော်ကြီး၊ အောင်မြေသာစံမြို့နယ်အတွင်းရှိ မဟာအတုလဝေယံ အတုမရှိ ကျောင်းတော်ကြီး၊ ရွှေနန်းတော်ကျောင်း၊ နန်းမြေဘုံသာစံ နန်းတော်ရာ စန္ဒမုနိဘုရားနှင့် မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားတို့အား ၁၉၉၉ ခုနှစ် ဩဂုတ် ၆ ရက်တွင် အတည်ပြုသတ်မှတ်ခဲ့သည်။

ထို့ပြင် ၂၀၀၇ ခုနှစ် ဇွန် ၅ ရက်တွင် သပိတ်ကျင်းမြို့နယ် တကောင်းမြို့ဟောင်းဒေသကိုလည်းကောင်း၊ ၂၀၀၈ ခုနှစ် ဇွန် ၁၃ ရက်တွင် ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ်ရှိ အင်းဝမြို့ဟောင်းဒေသကိုလည်းကောင်း၊ ၂၀၀၈ ခုနှစ် ဩဂုတ် ၂၅ ရက်တွင် ကျောက်ဆည်ခရိုင်အတွင်းတွင် တည်ရှိသည့် ကျောက်ဆည်မြို့နယ် မြင်စိုင်းမြို့ဟောင်းဒေသ၊ တံတားဦးမြို့နယ် ပင်းယဒေသ၊ စဉ့်ကိုင်မြို့နယ် ပလိပ်ဒေသ၊ ရတနာ လာဘမုနိ ဆုတောင်းပြည့်မြွေဘုရား၊ ဇန်းမော်ကျောင်း၊ ကျိတ်ကုန်းကျောင်း၊ ပါဠလိကျောင်း၊ ဗောဓိကျောင်း၊ လေးထပ်ကျောင်းနှင့် နောက်တော်ပါကျောင်းတို့ကိုလည်းကောင်း၊ ၂၀၁၂ ခုနှစ် စက်တင်ဘာ ၃ ရက်တွင် နွားထိုးကြီးမြို့နယ် ဘုရားကြီးကျေးရွာအနီးရှိ ဝတီးမြို့ဟောင်း၊ မြစ်သားမြို့နယ် မိုင်းမောကျေးရွာအုပ်စုအတွင်းရှိ ပင်လယ်(မိုင်းမော)မြို့ဟောင်း နေရာတို့အား ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ တည်ရှိရာဇုန် ကာကွယ်ထိန်းသိမ်းထားသောဇုန်အဖြစ် သတ်မှတ်ခဲ့ပြီး ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်တွင် ကျောက်ဆည်မြို့နယ် ကြောင်ပန်းကုန်းကျေးရွာအနီးတွင် တည်ရှိသော တမုတ်ရွှေပင်ရွှေဂူကြီးစေတီတော်ပရိဝုဏ်အား ဆက်လက်အတည်ပြုသတ်မှတ်ခဲ့သည်။

ထို့အပြင် မန္တလေးစည်ပင်သာယာနယ်နိမိတ်အတွင်း ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံများအနေဖြင့် ပြည်ကြီးတံခွန်မြို့နယ်တွင် ခြောက်ခု၊ ချမ်းအေးသာစံမြို့နယ် တွင် ခြောက်ခု၊ မဟာအောင်မြေမြို့နယ်တွင် ၁၀ ခု အောင်မြေ သာစံမြို့နယ်တွင် ၃၁ ခု၊ ချမ်းမြသာစည်မြို့နယ်တွင် ၁၁ ခု နှင့် အမရပူရမြို့နယ်တွင် အခု ၂၀ စုစုပေါင်း ၈၄ ခု ကိုလည်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန (မန္တလေးဌာနခွဲ)က ထိန်းသိမ်းစောင့်ရှောက် ထားသည်။



ယခုအခါတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ မန္တလေးမြို့သို့ လာရောက်လေ့လာကြသည့် နိုင်ငံခြားသားများ အတွက် ဇုန်ဝင်ကြေးကောက်ခံမည့်နေရာများ တိုးချဲ့နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

# ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးနှင့်အဖွဲ့ ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ရောက်ရှိ

**စစ်တွေ ဇူလိုင် ၂**

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး Mr. Filippo Grandi နှင့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ စစ်တွေမြို့သို့ ရောက်ရှိပြီး ညနေပိုင်းတွင် စစ်တွေမြို့ ဒါးပိုင်ကယ်ဆယ်ရေးစခန်းသို့ သွားရောက် ကြည့်ရှုလေ့လာကြရာ စခန်းရှိ ဒေသခံများက ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးက ၎င်းအနေဖြင့် ရခိုင်ပြည်နယ်သို့ ပထမဆုံးအကြိမ် လာရောက်ခြင်းဖြစ်ကြောင်း၊ အားလုံးပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်မှုရရှိနိုင်မည်ဖြစ်ကြောင်း၊ စိတ်ရှည်သည်းခံပြီး ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

မဟာမင်းကြီးနှင့် တာဝန်ရှိသူများသည် အဆိုပါ ကယ်ဆယ်ရေးစခန်းရှိ မိသားစုများအား နေထိုင်စားသောက်မှု၊ ပညာရေး၊ ကျန်းမာရေးအခြေအနေများနှင့်စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းခဲ့သည်။

မဟာမင်းကြီးနှင့် တာဝန်ရှိသူများသည် ညပိုင်းတွင် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး၌ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ဝန်ကြီးများအား တွေ့ဆုံပြီး ဒေသတည်ငြိမ် အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများနှင့်စပ်လျဉ်း၍ အကျယ်တဝင့်ဆွေးနွေးကြကြောင်း သိရသည်။



**သတင်း-မြင့်မောင်စိုး၊ အောင်ကျော်ဦး**
**ဓာတ်ပုံ-သက္က**

# တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး မြောင်းမြအကျဉ်းထောင် စစ်ဆေး

**မြောင်းမြ ဇူလိုင် ၂**

ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဦးမျိုးညွန့်သည် တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဒေါ်စိုးခက်ခက်နှင့် မြောင်းမြခရိုင် တရားသူကြီး ဒေါ်ခင်မာဆွေတို့သည် ဇွန်လနောက်ဆုံးပတ်က မြောင်းမြအကျဉ်းထောင်နှင့် မြို့မ ရဲစခန်းအား စစ်ဆေးခဲ့ကြသည်။

**ဝန်ထမ်းများနှင့် တွေ့ဆုံ**

ထိုသို့စစ်ဆေးရာတွင် အကျဉ်းသား အကျဉ်းသူများ၊ အချုပ်သား အချုပ်သူများ နှင့်တွေ့ဆုံ၍ ဥပဒေနှင့်အညီ ရသင့်ရထိုက်သောအခွင့်အရေးများ ခံစားရရှိခြင်း ရှိ၊ မရှိ သင့်တင့်မျှတသော အစားအာဟာရ ရရှိမှု ရှိ၊ မရှိ ဆေးဝါးကုသခွင့် ရှိ၊ မရှိ အကျဉ်းသူ အချုပ်သူများအား အမျိုးသမီးလုံခြုံရေး အစောင့်အရှောက်ဖြင့် ထားရှိခြင်း ရှိ၊ မရှိတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို အကြံပြု ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြသည်။ ထို့နောက် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဦးမျိုးညွန့်သည် မြောင်းမြခရိုင်အတွင်းရှိ ခရိုင်/မြို့နယ် တရားသူကြီးများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ တရားစီရင်ရေးဆိုင်ရာ၊ စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များကို မှာကြားခဲ့ကြောင်း သိရသည်။

**အောင်မင်း (မြောင်းမြ)**

# ချင်းပြည်နယ်တွင် တန်ပိုဂိတ်များဖွင့်လှစ်၍ တန်ပိုကုန်စည်များကို စစ်ဆေးသိမ်းဆည်းမည်

**ဟားခါး ဇူလိုင် ၂**

မြန်မာ- အိန္ဒိယ နယ်စပ်ကုန်သွယ်ရေးတွင် ဒုတိယအကြီးဆုံး ပြုလုပ်ရာဖြစ်သည့် ကလေး-တီးတိန်-ရိခေါဒါရ်ကားလမ်းသည် ကုန်တင်ယာဉ်ကြီးများ အများဆုံးသွားလာသည့် ကားလမ်း တစ်ခုဖြစ်သည်နှင့်အညီ ချင်းပြည်နယ်အတွင်း မိုးရာသီကာလ ကားလမ်းများ ပျက်စီးမှုကြီးမားနေသည့်အတွက် ယခုနှစ် မိုးတွင်းမှစ၍ ချင်းတောင်ပေါ် သွားလာသည့်ယာဉ်များ သတ်မှတ်ထားသော ကုန်ချိန်ထက်ကျော်လွန်ကာ တန်ပိုတင်ဆောင် သွားလာနေသည်ကို စစ်ဆေးတွေ့ရှိပါက ပိုနေသည့် ကုန်စည်များအား စစ်ဆေးသိမ်းဆည်း အရေးယူမည်ဖြစ်ကြောင်း သိရသည်။



နှစ်စဉ် မိုးတွင်းကာလဖြစ်သော ဇွန်လမှစတင်ကာ အောက်တိုဘာလကုန်အထိ ချင်းပြည်နယ်အတွင်း သွားလာသည့်ယာဉ်များအနက် ၁၀ ဘီးနှင့် ၁၀ ဘီးအထက် ယာဉ်များသွားလာခွင့် ပိတ်ထားခဲ့သော်လည်း ယခုနှစ်တွင်မူ ယင်းကဲ့သို့ ပိတ်ထားမည်မဟုတ်ဘဲ တန်ပိုတင်ဆောင်သွားလာမှု ရှိ၊ မရှိစစ်ဆေးမည်ဖြစ်ကြောင်း၊ တန်ပိုတင်ဆောင်သည်ကို စစ်ဆေးတွေ့ရှိပါက ပါလာသည့်ကုန်စည်များကို တန်ပိုစစ်ဆေးသည့်ဂိတ်တွင်ချခိုင်း၍ သိမ်းဆည်းသွားမည်ဖြစ်ကြောင်း ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

“ချင်းပြည်နယ်မှာ လမ်းတွေက ခိုင်ခံ့မှုမရှိဘူးဆိုတော့ ၁၀ ဘီး၊ ၁၂ ဘီး ယာဉ်တွေကို နှစ်တိုင်း မိုးရာသီမှာ သွားလာခွင့်မပြုခဲ့ပါဘူး။ ယာဉ်ကြီးတွေအနေနဲ့ သတ်မှတ်ထားတဲ့ ကုန်ချိန်ထက် ပိုတင်တော့ လမ်းကပျက်စီးလွယ်တယ်။ အခု ကျွန်တော်တို့ချင်းတောင်ပေါ် ကားလမ်းအများစုကို အဆင့်မြှင့်တင်ပြုပြင်နေတဲ့အချိန်မှာ သတ်မှတ်ကုန်ချိန်ထက်ကျော်လွန်ပြီး အဆမတန်တင်ဆောင်လာတဲ့ယာဉ်ကြီးတွေကို တွေ့ရင်တော့ တန်ပိုတွေကို စစ်ဆေးအရေးယူသွားမှာ ဖြစ်ပါတယ်”ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ချင်းပြည်နယ်အတွင်း သွားလာနေသည့် ကုန်တင်တန်ပိုယာဉ် စစ်ဆေးသည့်ဂိတ်များကို စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အဆုံးနှင့် ချင်းပြည်နယ်အစပ်ဖြစ်သော ခိုင်ကမ်းမြို့အနီးတွင်လည်းကောင်း၊ တီးတိန်မြို့-ရိခေါဒါရ်မြို့နှင့် ရိဒ်နယ်စပ်သွားကားလမ်းရှိ မံဆောင်းတံတားအနီးတွင် လည်းကောင်း၊ ဟားခါးမြို့အဝင်တွင် လည်းကောင်း၊ ချင်းပြည်နယ်(တောင်ပိုင်း) မင်းတပ်မြို့နှင့် မတူပီမြို့ အကြား မင်းတပ်မြို့အထွက်တွင်လည်းကောင်း စုစုပေါင်း လေးနေရာတွင် ဇွန်လကုန်မှစတင်၍ စစ်ဆေးရေးဂိတ်များ ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

**နေစု (ချင်းရိုးမ)**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇူလိုင် ၂** - မှတ်သားဖွယ်ရာမိုးရေချိန်များမှာ တောင်ကုတ်မြို့တွင် ၅ ဒသမ ၂၀ လက်မ၊ ကျောက်တော်မြို့တွင် ၃ ဒသမ ၇၄ လက်မ၊ ကျောက်ဖြူမြို့တွင် ၃ ဒသမ ၆၆ လက်မ၊ ခန္တီးမြို့တွင် ၂ ဒသမ ၆၈ လက်မ၊ ခရမ်းမြို့တွင် ၂ ဒသမ ၆၀ လက်မ၊ မြောက်ဦးမြို့တွင် ၂ ဒသမ ၅၆ လက်မ၊ ဘီးလင်းမြို့တွင် ၂ ဒသမ ၂၈ လက်မ၊ တမူးမြို့တွင် ၂ ဒသမ ၀၅ လက်မ၊ ကလေးမြို့နှင့် ချောင်းဆုံမြို့တို့တွင် ၂ ဒသမ ၀၁ လက်မ စီတို့ဖြစ်ကြသည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။ (မိုး/ဇလ)

# ယခုနှစ် ပထမခြောက်လအတွင်း ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် ယာဉ်မတော်တဆမှု ၂၇၆ မှုဖြစ်ပွားခဲ့၍ သေဆုံးသူ ၆၃ ဦးရှိပြီး ဒဏ်ရာရရှိသူ ၄၉၂ ဦးရှိခဲ့

**နေပြည်တော် ဇူလိုင် ၂**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် ယာဉ်မတော်တဆမှုများ လျော့နည်းပပျောက်စေရန်အတွက် အမြန်လမ်းမကြီး ယာဉ်ကြီးကြပ်မှုထိန်းသိမ်းရေးကော်မတီမှ ကြီးကြပ်၍ ဆောက်လုပ်ရေးဝန်ကြီးဌာနမှလမ်းတံတားများ အဆင့်မြှင့်တင်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ အမြန်လမ်းတစ်လျှောက်လမ်းညွှန်ဆိုင်းဘုတ်များ၊ သတိပေး ဆိုင်းဘုတ်များ တပ်ဆင်ပေးထားခြင်းတို့ဆောင်ရွက်ထားလျက်ရှိသည်။ ထို့အပြင် အမြန်လမ်းရဲတပ်ဖွဲ့မှလည်း အမြန်လမ်းတစ်လျှောက် ရဲစခန်း ၁၆ ခုဖွင့်လှစ်၍ ၂၀၁၂ ခုနှစ် မေ ၂၀ရက်မှစ၍ အမြန်လမ်းတစ်လျှောက် ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

ယာဉ်မတော်တဆမှုများ လျော့နည်းပပျောက်ရေးအတွက် အမြန်လမ်းရဲတပ်ဖွဲ့အနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးခြင်းအား အမြန်လမ်းတစ်လျှောက် ဖြတ်သန်းသွားရာ ကျေးရွာများရှိ ပြည်သူများအား ပညာပေးလုပ်ငန်းများဆောင်ရွက်ပေခြင်း၊ အမြန်နှုန်းတိုင်းကိရိယာများ အသုံးပြု၍ သတ်မှတ်အမြန်နှုန်းထက်ပိုမိုမောင်းနှင်သောယာဉ်များအား ဖမ်းဆီးအရေးယူခြင်း၊ မော်တော်ယာဉ်မောင်းနှင်စီးနင်းသူများအား ခါးပတ်ပတ်စေခြင်း၊ ပညာပေးစာစောင်များ ဖြန့်ဝေပေးခြင်း၊ ယာဉ်စည်းကမ်းပညာပေးခြင်း စသည့်လုပ်ငန်းများအား ဆောင်ရွက်လျက်ရှိသည်။

ထို့ကဲ့သို့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို အချိန်နှင့်အမျှ ဆောင်ရွက်နေသော်လည်း ယာဉ်မောင်းများ၏ မဆင်မခြင် ပေါ့ဆစွာမောင်းနှင်မှုနှင့် ရာသီဥတုကြောင့်လည်းကောင်း၊ လမ်းကြောင့်လည်းကောင်း၊ ကျွဲ၊ နွား တိရစ္ဆာန်များကြောင့်လည်းကောင်း၊ စက်ဘီးဆိုင်ကယ်၊ အနေးယာဉ်များကြောင့်လည်းကောင်း၊ လယ်ယာသုံးယာဉ်၊ သုံးဘီးယာဉ်များကြောင့် လည်းကောင်း၊ ယာဉ်မတော်တဆမှုများဖြစ်ပွားလျက်ရှိရာ ၂၀၁၇ ခုနှစ်ပထမခြောက်လပတ်အတွင်း ယာဉ်မတော်တဆမှု ၂၇၆ မှုဖြစ်ပွားခဲ့ရာ အမျိုးသား ၄၄ ဦး၊ အမျိုးသမီး ၁၉ ဦး ပေါင်း ၆၃ ဦးသေဆုံးခဲ့ပြီး အမျိုးသား ၂၅၉ ဦး၊ အမျိုးသမီး ၂၃၃ ဦး ပေါင်း ၄၉၂ ဦး ဒဏ်ရာရရှိခဲ့သည်။

သို့ပါ၍ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် အမြန်လမ်းရဲတပ်ဖွဲ့စခန်းများ စတင်ဖွင့်လှစ်သည့် ၂၀၁၂ ခုနှစ် မေ ၂၀ ရက်မှ ဒီဇင်ဘာလကုန်အထိ ယာဉ်မတော်တဆမှု ၁၀၃ မှုဖြစ်ပွားခဲ့ရာ အမျိုးသား ၄၃ ဦး၊ အမျိုးသမီး ၁၄ ဦး ပေါင်း ၅၇ ဦးသေဆုံးခဲ့ပြီး အမျိုးသား ၁၂၀၊ အမျိုးသမီး ၆၅ ဦး ပေါင်း ၁၈၆ ဦး ဒဏ်ရာရရှိခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် ယာဉ်မတော်တဆမှုပေါင်း ၂၅၉ မှု ဖြစ်ပွားခဲ့ရာ အမျိုးသား ၈၁ ဦး၊ အမျိုးသမီး ၃၂ ဦး၊ပေါင်း ၁၁၃ ဦးသေဆုံးခဲ့ပြီး အမျိုးသား ၃၄၂ဦး၊အမျိုးသမီး ၂၈၀ ပေါင်း ၆၂၂ ဦး ဒဏ်ရာရရှိခဲ့သည်။

၂၀၁၄ ခုနှစ်တွင် မတော်တဆမှု ၄၁၂ မှုဖြစ်ပွားခဲ့ရာ အမျိုးသား ၁၁၄ ဦး၊ အမျိုးသမီး ၄၃ ဦး ပေါင်း ၁၅၇ ဦးသေဆုံးခဲ့ပြီး အမျိုးသား ၄၈၇ဦး၊ အမျိုးသမီး ၂၇၉ ဦး ပေါင်း ၇၆၆ ဦး ဒဏ်ရာရရှိခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် ၄၅၃ မှုဖြစ်ပွားခဲ့ရာ အမျိုးသား ၈၃ ဦး ၊ အမျိုးသမီး ၄၁ ဦး ပေါင်း ၁၂၄ ဦးသေဆုံးခဲ့ပြီး အမျိုးသား ၆၂၀ ၊ အမျိုးသမီး ၄၁၃ ဦး ပေါင်း ၁၀၃၃ ဦး ဒဏ်ရာရရှိခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် ၇၄၄ မှုဖြစ်ပွားခဲ့ရာ အမျိုးသား ၁၀၇ ဦး၊အမျိုးသမီး ၆၃ ဦး ပေါင်း ၁၇၀ သေဆုံးခဲ့ပြီး အမျိုးသား ၇၈၂ ဦး၊ အမျိုးသမီး ၅၂၂ ဦး ပေါင်း ၁၃၀၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အမြန်လမ်းရဲတပ်ဖွဲ့စခန်းမှ သိရသည်။ သို့ပါ၍ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတစ်လျှောက် အမြန်လမ်းရဲစခန်းများ စတင်ဖွင့်လှစ် တာဝန်ချထားသည့် ၂၀၁၂ ခုနှစ် မေ ၂၀ ရက်မှစ၍ ၂၀၁၇ ခုနှစ် ပထမခြောက်လပတ်ကုန်အထိ အမြန်လမ်းမကြီး၌ ယာဉ်မတော်တဆမှုပေါင်း ၂၂၄၇ မှုဖြစ်ပွားခဲ့၍ သေဆုံးသူ ၆၈၄ ဦးနှင့် ဒဏ်ရာရရှိသူ ၄၄၀၃ ဦးရှိခဲ့ကြောင်း သိရသည်။

**သန်းဦး (လေးမျက်နှာ)**

# ထိုင်းနိုင်ငံမှမြန်မာနိုင်ငံသို့ ပြန်လာသောရွှေ့ပြောင်းအလုပ်သမားများအားကြိုဆို

**ဘားအံ ဇူလိုင် ၂**

ကရင်ပြည်နယ် မြဝတီနှင့်ဘုရားသုံးဆူမြို့ဝင်ပေါက်မှ ထိုင်းနိုင်ငံအစိုးရအနေဖြင့် နိုင်ငံခြားသား အလုပ်သမားများ စီမံခန့်ခွဲရေးဥပဒေ ကျင့်သုံးခြင်းကို ရက်ပေါင်း ၁၂၀ ရပ်ဆိုင်းလိုက်သဖြင့် မြန်မာအလုပ်သမားဦးရေထောင်နှင့်ချီ ပြန်လာနေဆဲဖြစ်ရာ ဇူလိုင် ၁ ရက် ညနေ ၄ နာရီခွဲက တာဝန်ရှိသူများသည် ဘုရားသုံးဆူဘက်မှဝင်ရောက်လာသော မြန်မာအလုပ်သမားများအား ကြိုဆိုခဲ့ကြကြောင်း သိရသည်။**(အောက်ပုံ)**

ထိုသို့ပြန်လာသူ ဦးရေသည် မြဝတီဘက်မှ ဇွန် ၂၉ ရက်မှ ဇူလိုင် ၁ ရက်အထိ မြန်မာအလုပ်သမား စုစုပေါင်း ၁၂၃၇၇ ဦးရှိပြီး ဘုရားသုံးဆူမြို့ဘက်မှ ဇူလိုင် ၁ ရက်က မြန်မာအလုပ်သမား ၂၇၁ ဦး ဝင်ရောက်လာကြောင်း သိရသည်။



ထိုသို့ မြန်မာအလုပ်သမားများ ပြန်လည်ဝင်ရောက်လာရာတွင် နေရပ်ပြန်ရန် အခက်အခဲရှိသူများ၊ ခေတ္တတည်းခိုနေထိုင် စားသောက်ရေးအတွက် ဘုရားသုံးဆူမြို့ တပ်နယ်(၄)ဗဟို အကြံပေး ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စောဒေါဒါဦးစီး၍ နယ်မြေခံတပ်ရင်း ကရင်ငြိမ်းချမ်းရေး နယ်ခြားစောင့်တပ်၊ ဒီကေဘီအေ နယ်ခြားစောင့်တပ်နှင့် ဘုရားသုံးဆူမြို့ ဌာနဆိုင်ရာများပူးပေါင်းပြီး ထိုင်းနိုင်ငံမှ မြန်မာ နိုင်ငံ(ဘုရားသုံးဆူ)ဘက်မှ ဝင်ရောက်လာသော ရွှေ့ပြောင်းအလုပ်သမား ၂၇၁ ဦးအား နွေးထွေးစွာကြိုဆိုကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# ထိုင်းနိုင်ငံမှ ပြန်လာသူများ အခက်အခဲမရှိ ရောက်ရှိလာ

**တာချီလိတ် ဇူလိုင် ၂**

ထိုင်းနိုင်ငံ၏ အလုပ်သမားဥပဒေသစ်အရ ထိုင်းနိုင်ငံ ချင်းရိုင်းခရိုင်ရှိ ပြောင်းဖူးထုတ်ကုန်စက်ရုံတွင် အလုပ်လုပ်ကိုင်နေကြသည့် အထောက်အထားမရှိ မြန်မာရွှေ့ပြောင်းအလုပ်သမား အမျိုးသား ၂၂ဦး၊ အမျိုးသမီး ၂၂ဦး စုစုပေါင်း ၄၄ဦးသည် ဇူလိုင် ၁ ရက်က ထိုင်းနိုင်ငံမြောက်ပိုင်းဒေသမှ တာချီလိတ်မြို့ အမှတ် (၁)ချစ်ကြည်ရေးတံတားမှတစ်ဆင့် ပြည်တွင်းသို့ ပြန်လာကြရာ ခရိုင် စီမံခန့်ခွဲမှုကော်မတီနှင့်ထိုင်းနိုင်ငံတာဝန်ရှိသူများ၏ ကြိုတင်ညှိနှိုင်းဆောင်ရွက်ထားမှုကြောင့် လမ်းခရီးတစ်လျှောက် ငွေကြေးတောင်းခံခြင်းအပါအဝင် မည်သည့်အခက်အခဲမှ မရှိဘဲ မြန်မာနိုင်ငံသို့ ချောမွေ့လွယ်ကူစွာ ပြန်လည်ရောက်ရှိလာကြကြောင်း သိရသည်။ **မောင်ယဉ်ကျေး**




# ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမား ၇၂ ဦး ကော့သောင်းနယ်စပ်ဂိတ်မှ ဝင်ရောက်

**ကော့သောင်း ဇူလိုင် ၂**

ထိုင်းနိုင်ငံသို့ အလုပ်သွားရောက်လုပ်ကိုင်လျက်ရှိသည့် အထောက်အထား မပြည့်စုံသည့် မြန်မာအလုပ်သမားများနှင့် အထောက်အထားလုံးဝမရှိသည့် မြန်မာအလုပ်သမားများအား ထိုင်းနိုင်ငံအတွင်း ဖမ်းဆီးလျက်ရှိရာ ထိုင်းနိုင်ငံ တောင်ပိုင်းဒေသများတွင် သွားရောက် အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာအလုပ်သမား ၇၂ ဦး ဇူလိုင် ၁ ရက် ညနေပိုင်းက ထိုင်းနိုင်ငံ ရနောင်းမြို့မှတစ်ဆင့် ရေလမ်းခရီးဖြင့် ကော့သောင်းနယ်စပ်ဂိတ်မှ ပထမ အသုတ်အဖြစ် ပြန်လည်ဝင်ရောက်လာကြောင်း သိရသည်။

နေရပ်ပြန်လာသည့် မြန်မာအလုပ်သမားများအား မြန်မာအလုပ်သမားသံအရာရှိ ဦးအောင်ခင်မြင့်နှင့် ထိုင်းနိုင်ငံအခြေစိုက် မြန်မာ့အလုပ်သမားအရေး ဆောင်ရွက်ပေးလျက်ရှိသည့် NGO အဖွဲ့အစည်းများမှ တာဝန်ရှိသူများက ကူညီ လာရောက်ပို့ဆောင်ပေးရာခရိုင်ဒုတိယအုပ်ချုပ်ရေး မှူး ဦးခင်သိန်းမောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်သိန်း၊ ခရိုင်/မြို့နယ်ရဲတပ်ဖွဲ့မှူး ၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ တာဝန်ရှိသူများ၊ ကော့သောင်းမြို့နယ်ကမ်းနီးအဖြူရောင် ပရဟိတအဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့များ ကြိုဆိုလက်ခံကူညီကြပြီး ပြည်သူ့ကျန်းမာရေးဌာနမှ လိုအပ်သည့် ကျန်းမာရေးပြုစုရှောက်မှုများ ဆောင်ရွက်ပေးပြီး မိမိဒေသများသို့ မော်တော်ယာဉ်များဖြင့် အခမဲ့ ပြန်လည်ပို့ဆောင်ပေးခဲ့သည်။

ယနေ့ ပြန်လည်ဝင်ရောက်လာသည့် အထောက်အထားမဲ့မြန်မာအလုပ်သမားများသည် ထိုင်းနိုင်ငံတောင်ပိုင်းခရိုင်များဖြစ်သည့် ဖန်ငှား ၊ ဖူးခက်နှင့် စူရပ်ခရိုင်များ၏ ဆောက်လုပ်ရေးလုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်းနှင့် ဈေးရောင်းလုပ်ငန်းများတွင် အလုပ်လုပ်ကိုင်နေသူများဖြစ်ပြီး ထိုင်းနိုင်ငံ အလုပ်သမားဥပဒေသစ်အရ ဆက်လက်အလုပ်လုပ်ကိုင်ရန် မဖြစ်နိုင်သည့်အတွက် ထိုင်းအခြေစိုက် အလုပ်သမားအရေး ကူညီဆောင်ရွက်ပေးလျက်ရှိသည့် DISAC ၊ RGS ၊ MNP နှင့် FED စသည့်အဖွဲ့များအကူအညီဖြင့် ရနောင်းမြို့မှတစ်ဆင့် မြန်မာနိုင်ငံ ကော့သောင်းမြို့သို့ ပြန်လည်ဝင်ရောက်လာခြင်းဖြစ်ပြီး ပဲခူးတိုင်းဒေသကြီးနှင့် မြိတ်၊ ထားဝယ်၊ မော်လမြိုင်၊ ရခိုင်ပြည်နယ်တို့တွင် နေထိုင်ကြသည့် မြန်မာနိုင်ငံသားများဖြစ်ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**



# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများ၌ တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၁ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၅၄ စီး၊ သွင်းကုန် ၆၀၂ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၅ စီး၊ သွင်းကုန် ၁၄၄ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၃ ဒသမ ၄၆၈ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၉ ဒသမ ၅၆ သန်းခန့် စုစုပေါင်းတားဆီးမှု ကိုးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၅၃ ဒသမ ၀၂၈ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇူလိုင် ၁ ရက်က လားရှိုးနှင့် သိန်းနီကြား ရှောင်ကွင်းလမ်း၌ သတင်းအရ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က လိုက်လံရှင်းလင်းရှာဖွေခဲ့ရာ LIFAN အမျိုးအစားခြောက်ဘီးယာဉ်ပေါ်တွင် တရားဝင်စာရွက် စာတမ်းအထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်း ကျောက်တုံးအရွယ်စုံ ၂၈ တုံး (4300) kg နှင့် သယ်ဆောင်သည့် ယာဉ်တစ်စီး စုစု ပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၂ သန်းခန့်အားတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အင်းလျားကန်အတွင်း ရေနစ်သူတစ်ဦးအလောင်းအား ရှာဖွေတွေ့ရှိ

**ရန်ကုန် ဇူလိုင် ၂**

ရန်ကုန်မြို့ အင်းလျားကန်အတွင်း ဇူလိုင် ၁ ရက် ညနေ ၃ နာရီက ရေနစ်ပျောက်ဆုံးသူ တောင်ငူမြို့ အုတ်တွင်းဉယျာဉ်ခြံကျေးရွာနေ မောင်ရဲလင်းထက်၏ အလောင်းအား ဇူလိုင် ၂ ရက် နံနက် ၉ နာရီက ရှာဖွေတွေ့ရှိပြီဖြစ်ကြောင်း ရဲတပ်ဖွဲ့ဝင်တစ်ဦးထံမှ သိရသည်။ လှိုင်မြို့နယ် (၁၀)ရပ်ကွက် တံတားဖြူမှတ်တိုင်ရှေ့တည့်တည့်တွင် ဇူလိုင် ၁ ရက် ညနေ ၃ နာရီက လူငယ်နှစ်ဦးရေဆင်းကူးစဉ် ၎င်းတို့အနက် တစ်ဦးမှာ ရေနစ်ပျောက်ဆုံးခဲ့ခြင်းဖြစ်သည်။

ယင်းနေ့ ညနေပိုင်းက အခင်းဖြစ်ရပ်သို့ အနောက်ပိုင်းခရိုင် မီးသတ်ဦးစီးမှူး ဦးဌေးဝင်းဦးဆောင်သော ရေပြင်အသက်ကယ် မီးသတ်တပ်ဖွဲ့ဝင် ၁၉ ဦး၊ မီးသတ်အမြန်ရေယာဉ်တစ်စီး၊ စည်ပင်သာယာရေးရဲတပ်ဖွဲ့မှ မော်တော်ဘုတ်တစ်စီးတို့နှင့်ပေါင်းစပ်ပြီး ည ၈ နာရီ မိနစ် ၂၀ အထိရှာဖွေမှုများဆောင်ရွက်ခဲ့သော်လည်း မတွေ့ရှိရဘဲ ဇူလိုင် ၂ ရက် နံနက်ပိုင်းက ဆက်လက်ရှာဖွေမှုများဆောင်ရွက်ခဲ့ရာ နံနက် ၉ နာရီတွင် ရေနစ်သူ၏ အလောင်းအား ရှာဖွေတွေ့ရှိခဲ့သဖြင့် ရန်ကုန်ဆေးရုံကြီးသို့ပို့ဆောင်၍ စစ်ဆေးမှုများဆောင်ရွက်ခဲ့ကြောင်း တာဝန်ကျရဲတပ်ဖွဲ့ဝင်တစ်ဦးထံမှ သိရသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**

# သီပေါမြို့မရဲစခန်းအတွင်း မိုင်းနှင့်ပစ်၍ထွက်ပြေးသဖြင့် ရဲတပ်သားတစ်ဦးဒဏ်ရာရ

**သီပေါ ဇူလိုင် ၂**

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ဆန်- နမ္မတူ၊ မန်တုံမြို့နယ်များသို့ ပြည်ပဒေသနှင့် ဆက်သွယ်ပေးထားသော သီပေါမြို့ နမ့်ပေါ့ချောင်းကူးတံတားအနီးရှိ မြို့မရဲစခန်း ဘန်ကာအနီး ယနေ့ နံနက် ၄ နာရီခွဲက အမည်မသိ ဆိုင်ကယ်စီးနင်းလာသူတစ်ဦးက ဒေသန္တရ လက်လုပ်မိုင်းတစ်လုံးဖြင့် ရဲစခန်းအတွင်းသို့ပစ်၍ မောင်းနှင်ထွက်ပြေးသွားခဲ့သည်။




အဆိုပါပေါက်ကွဲမှုကြောင့် ဘန်ကာအနီးရှိ ရဲစခန်းအုတ်တံတိုင်းနံရံပျက်စီးသွားပြီး သက်သေခံယာဉ်တစ်စီး၏ စပယ်ယာဘီးပျက်စီးသွားခဲ့ကာ ဘန်ကာဘေးတွင် ကင်းစောင့်နေသော ရဲတပ်သားဟိန်းဇော်ဦး၏ ယာဘက်ခြေကျင်းဝတ်တွင် ဒဏ်ရာ (မစိုးရိမ်ရ) ရရှိသွားသည်။

အဆိုပါမောင်းနှင်ထွက်ပြေးသွားသည့် ဆိုင်ကယ်နောက်သို့ သီပေါရဲစခန်းမှ နယ်ထိန်းတာဝန်ခံ ရဲအုပ်ရဲမြင့်အောင်နှင့် တပ်ဖွဲ့ဝင်များက လိုက်လံစုံစမ်းရှာဖွေလျက်ရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ၁၂ ဘီးကုန်တင်ယာဉ် ဝင်တိုက်၍ တစ်ဦးသေဆုံး၊ တစ်ဦးဒဏ်ရာအပြင်းအထန်ရ

**သထုံ ဇူလိုင် ၂**

မွန်ပြည်နယ် သထုံမြို့နယ် နောင်ကုလားကျေးရွာတွင် ဇူလိုင် ၂ ရက် နံနက်က အလှူအိမ်သို့ တရားနာရန်သွားရောက်သည့် အမျိုးသမီးနှစ်ဦးအား ကြက်စာကုန်ကြမ်းများတင်လာသည့် ၁၂ ဘီး ကုန်တင်ယာဉ်တစ်စီးက နောက်မှဝင်ရောက်တိုက်မိခဲ့သဖြင့် တစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာပြင်းထန်စွာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ သထုံမြို့နယ် နောင်ကုလားကျေးရွာ လွှတ်တော်လမ်းအနီး ရန်ကုန်-မော်လမြိုင် အဝေးပြေးလမ်း မိုင်တိုင်အမှတ် (၁၄၇/၀ )နှင့် (၁၄၇/၁)ကြားတွင် ရန်ကုန်ဘက်မှ သထုံဘက်သို့ ယာဉ်မောင်း ဦးမြင့်လှိုင် (၅၇ နှစ်) လှိုင်သာယာနေသူ မောင်းနှင်လာသည့် ယာဉ်အမှတ် 5E/ ---- ၁၂ ဘီး ကုန်တင်ယာဉ်သည် လားရာတူမှ လမ်းလျှောက်လာသည့် နောင်ကုလား ရွာကြီး လမ်းမတန်းတွင်နေသူများဖြစ်သော ဒေါ်စန်း (၅၇ နှစ်)နှင့် ဒေါ်လှမွန် (၅၇ နှစ်) တို့နှစ်ဦးအား နောက်မှ ဝင်ရောက်တိုက်မိခဲ့ရာ ဒေါ်လှမွန်မှာ နေရာတွင် သေဆုံးခဲ့ပြီး ဒေါ်စန်းမှာ ဒဏ်ရာပြင်းထန်စွာဖြင့် သထုံခရိုင်ဆေးရုံသို့ အရေးပေါ်တင်ပို့ကုသထားရကြောင်း၊ ယာဉ်တိုက်မှုဖြစ်စဉ်တွင် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက် သန်းလှိုင်တို့မှာ ထွက်ပြေးတိမ်းရှောင်နေကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ၁၂ ဘီး ကုန်တင်ယာဉ်မောင်း မြင့်လှိုင်အား မြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# လှိုင်သာယာ မီးခွက်ဈေးအောက်ထပ်တည်းခိုခန်းအနီးမှ ပြည့်တန်ဆာတို့ကိုဖမ်းဆီး

**ရန်ကုန် ဇူလိုင် ၂**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် မီးခွက်ဈေးအောက်ထပ် အမှတ်(၆)ရပ်ကွက်အပိုင်ရှိ တည်းခိုခန်းအနီးအများပြည်သူအမြင်မတင့်တယ်သော ပြည့်တန်ဆာလုပ်ကိုင်နေသူတို့ကို ဇူလိုင် ၁ ရက် မွန်းလွဲပိုင်းက မြို့မရဲစခန်းနယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ကျော်ခိုင်သက်နှင့်အဖွဲ့က ဖမ်းဆီးခဲ့ကြောင်း သိရသည်။

“မီးခွက်ဈေး အောက်ထပ်မှာ တည်းခိုခန်းရှိသလို စက်မှုဇုန်နဲ့လည်း ကားလမ်းပဲခြားတာ။ လူစည်ကားတဲ့အတွက် ဒုစရိုက်သမားတွေမျက်စိကျတယ်။ ရပ်ကွက်ထဲမှာ ကျူးကျော်တဲဆောက်ပြီး နေထိုင်သူတွေက မကောင်းတာ လုပ်စားနေတာလည်း ရှိတယ်။ ညနက်ပိုင်းပိုဆိုးတယ်။ ပြည့်တန်ဆာလုပ်စားတဲ့ အဖွဲ့တွေလည်း ရှိတယ်။ ပြည့်တန်ဆာလုပ်ငန်းအား ချုပ်ကိုင်သူတွေကို ဖမ်းဆီးမယ်ဆိုရင် ပပျောက်သွားနိုင်တယ်။ အကိုင်းအခက်ပဲ ခုတ်နေရင် ပြန်ပြီးအရှက်ထွက်လာမှာပဲ”ဟု မီးခွက်ဈေးအောက်ထပ်ရှိ ဈေးဆိုင်ပိုင်ရှင်တစ်ဦးက ပြောသည်။

အဆိုပါနေ့ မွန်းလွဲပိုင်းက မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ကျော်ခိုင်သက်နှင့် တပ်ဖွဲ့ဝင်တို့က အမှတ်(၆) ရပ်ကွက် မီးခွက်ဈေးအောက်ထပ်ရှိ တည်းခိုခန်းသို့ ဝင်ရောက်မည့် ပြည့်တန်ဆာလုပ်ငန်းလုပ်ကိုင်သည့် အမျိုးသမီးသုံးဦးအား သက်သေခံအမှတ်အသားများဖြင့် ဖမ်းဆီး ရမိခဲ့၍ အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**

# လူမနေသောအိမ်များအတွင်းမှ ပစ္စည်းများခိုးယူရောင်းချသူအား အရေးယူ

**နေပြည်တော် ဇူလိုင် ၂**

ပြည်ထောင်စုနယ်မြေ ဒက္ခိဏသီရိမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ဝေယံအောင်နှင့်အဖွဲ့သည် ဇွန် ၂၈ ရက်က လှည့်ကင်းဆောင်ရွက်စဉ် ဒက္ခိဏသီရိ ရပ်ကွက် အာသာဝတီလမ်းနှင့် ဝေဒလမ်းဆုံအနီး ဆိုင်ကယ်စီးနင်းလာသည့် မသင်္ကာသူတစ်ဦးတွေ့ရှိသဖြင့် စစ်ဆေးရာ ရဲပြည့်ဖြိုးပိုင်(၂၅နှစ်) အမှတ်(၆) ရပ်ကွက် ခန်းမလမ်း လယ်ဝေးမြို့နေသူဖြစ်ကြောင်းသိရပြီး ၎င်းနှင့်အတူ ဖောက်ထွင်းရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား တွေ့ရသဖြင့် ဖမ်းဆီးစစ်ဆေးခဲ့သည်။



စစ်ဆေးမေးမြန်းချက်အရ လွန်ခဲ့သော တစ်လခန့်က ဒက္ခိဏသီရိရပ်ကွက် မိုးဝေ(၄)လမ်းထောင့်ရှိ လူမနေသည့် အိမ်အတွင်း ညသန်းခေါင်ကျော်ခန့်တွင် နေအိမ်ခြံစည်းရိုး ကျော်ဝင်ပြီးပွင့်နေသော တံခါးမှဝင်ရောက်ကာ အဲကွန်းနှစ်ခု၊ ရေပူစက်တစ်လုံးတို့ကို ခိုးယူခဲ့ပြီး သပြေကုန်းရပ်ကွက်ရှိ IT Aircon Service ဆိုင်၌ အဲကွန်းနှစ်လုံးကို ငွေကျပ် ၁၂၀၀၀၀၊ ရေပူစက်ကို ငွေကျပ် ၃၀၀၀၀ ဖြင့် ရောင်းချခဲ့ကြောင်း၊ လွန်ခဲ့သော ခုနစ်ရက်က ဒက္ခိဏသီရိရပ်ကွက် လူမနေသော အိမ်အတွင်းဝင်ရောက်၍ Chigo နှင့် Mitsubishi အမျိုးအစား အဲယား ကွန်းသုံးလုံးခိုးယူခဲ့ပြီး ပျဉ်းမနားမြို့ ရွှေချီ ရပ်ရှိ KZ Aircon Service ဆိုင်တွင် အဲကွန်းသုံးလုံးကို ငွေကျပ် ၂၂၀၀၀၀ ဖြင့်ရောင်းချခဲ့ကာ ဒက္ခိဏသီရိရပ်ကွက် ရတီလမ်းရှိ လူမနေသောအိမ်တစ်အိမ် အတွင်း ဝင်ရောက်၍ ဆိုင်ကယ်နှစ်စီးခိုးယူပြီး တစ်စီးကို အခြားလူမနေသော အိမ်အတွင်း၌ ဝှက်ထားခဲ့ကြောင်း၊ တစ်စီးချင်း ပြန်လည်ယူဆောင်၍ ပျဉ်းမနားမြို့ ရွာကောက်ကွေ့သံလမ်းအနီး ဆိုင်ကယ်ရောင်းဝယ်ရေးဆိုင်၌ ဆိုင်ကယ်တစ်စီးကို ငွေကျပ် ၂၈၀၀၀၀ ဖြင့်လည်းကောင်း၊ ကျန်တစ်စီးကို ငွေကျပ် ၃၂၅၀၀၀ ဖြင့် လည်းကောင်း ရောင်းချခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။ ပြစ်မှုကျူးလွန်သူ၏ ခိုးရာပါ ပစ္စည်းများအား စနစ်တကျ ပြန်လည် သိမ်းဆည်းခဲ့ပြီး ရဲပြည့်ဖြိုးပိုင်(၂၅နှစ်)အား ဥပဒေအရ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ရဲရဲ(ပျဉ်းမနား)**

# အမျိုးသမီးတစ်ဦးထံမှ ရွှေဆွဲကြိုးလုယက်သူ နှစ်ဦးအား အချိန်တိုအတွင်း ဖမ်းမိ

**ဖြူး ဇူလိုင် ၂**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ဝဲဒေါင့် ကျေးရွာနေ ဒေါ်မော်မော်ကြည် (ခ) မမော်(၄၅နှစ်) သည် ဇွန် ၃၀ ရက် ည ၈ နာရီခန့်က နေအိမ်သို့ စက်ဘီးဖြင့် ပြန်လာခဲ့ရာ ဝဲဒေါင့်ရွာ နေအိမ်အနီးအရောက် လည်ပင်း၌ဆွဲထားသေ ဆွဲကြိုးအား နောက်မှဆိုင်ကယ်ဖြင့် လိုက်လာသူ အမည်မသိ လူနှစ်ဦးက ဆွဲကြိုးဖြတ်ပြေးကြောင်း ဖြူးမြို့မရဲစခန်းသို့ တိုင်တန်းခဲ့သည်။

တိုင်တန်းချက်အရ ဖြူးမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ကျော်ဇင်ထိုက် နှင့်အဖွဲ့က အချိန်မီလိုက်လံစုံစမ်းခဲ့ရာ ဆွဲကြိုးဖြတ်သူ နှစ်ဦးဖြစ်သည့် စောလင်း ဦး (ခ) မင်းညို (၁၉ နှစ် )၊ (၂၆)လမ်း ဘူတာတောင် ရပ်ကွက်နေ အောင်သန်း (၁၈နှစ်)တို့နှစ်ဦးအား မင်းဂံရိုးရွာနှင့် ဆားဂွန်းရွာလမ်းသို့ ဆက်သွယ်သော လမ်းတွင် DAYAN အမျိုးအစား ၅၆ ယ /---- ဆိုင်ကယ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိပြီး ၎င်းတို့ ဖြတ်ယူပြေးလာသော ဆွဲကြိုးအလေးချိန် ၅ ပဲ ၊ ၄ ရွေးခန့် ကာလတန်ဖိုး ငွေကျပ် ၂၈၀၀၀၀ခန့် တန်ဖိုးရှိဆွဲကြိုး အပြတ်တစ်ကုံးတို့အား နာရီပိုင်းအတွင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့နှစ်ဦးအား ဖြူးမြို့မရဲစခန်းက အရေးယူထားသည်။

**ဖြူး-မြင့်ဦး**

# သန်လျင်၌ ခရီးသည်တင်ယာဉ်နှင့် ကိုယ်ပိုင်ယာဉ် တိုက်မိ ခရီးသည်တင်ယာဉ်တိမ်းမှောက်၍ ကိုးဦးဒဏ်ရာရ

**ရန်ကုန် ဇူလိုင် ၂**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ကျိုက်ခေါက်ဘုရားလမ်း နာရီစင်မီးပွိုင့်လမ်းဆုံ၌ ခရီးသည်တင်ယာဉ်နှင့် ကိုယ်ပိုင်ယာဉ်တို့ ဇူလိုင် ၂ ရက် နံနက် ၆ နာရီ ၄၅ မိနစ်က ယာဉ်တိုက်မှုဖြစ်ပွားခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ သန်လျင်မြို့ ကျိုက်ခေါက်ဘုရားဘက်မှ နာရီစင်ဘက် (တောင်မှမြောက်သို့)၊ အမှတ် (၁၁၁) ဆင်ကန်ရပ်ကွက်၊ ကျောက်တန်းမြို့နယ်နေသူ ယာဉ်မောင်း ဝင်းစိုး (၃၈နှစ်) မောင်းနှင်လာသော 7I /---- ဟွန်ဒိုင်း အမျိုးအစား (၃၃) ခရီးသည်တင်ယာဉ်နှင့် သန်လျင်မြို့သိပ္ပံလမ်းအတိုင်း အုတ်ဖိုစုဘက်မှ နာရီစင်ဘက်သို့ အမှတ် (D-13) ဓမ္မစေတီလမ်း ရုံးတော်ရပ်ကွက်၊ သန်လျင်မြို့နေသူ ယာဉ်မောင်း ထွန်းလင်းလှုံလတ်(၂၀ နှစ်) မောင်းနှင်လာသော 5M/---- ဟွန်ဒိုင်းအမျိုးအစား မီနီဘတ်ကိုယ်ပိုင်ယာဉ်နှင့် နာရီစင် မီးပွိုင့်လမ်းဆုံ၌ ဝင်ရောက်တိုက်မိခဲ့သည်။

ထိုသို့ ဝင်ရောက်တိုက်မိခဲ့သဖြင့် 7I /---- ဟွန်ဒိုင်း အမျိုးအစား (၃၃) ခရီးသည်တင်ယာဉ်ပေါ်၌ လိုက်ပါစီးနင်းလာသူ မတင့်တင့်ထွန်း (၂၄နှစ်)ပါ ကိုးဦးတွင် ဒဏ်ရာများရရှိသဖြင့် သန်လျင်အထွေထွေရောဂါကုဆေးရုံ၌ အတွင်းလူနာ (မစိုးရိမ်ရ) ဖြင့် ဆေးဝါး ကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

အဆိုပါ ယာဉ်နှစ်စီးတိုက်မိကာ လူဒဏ်ရာရရှိ၊ ယာဉ်နှစ်စီးပျက်စီးစေသူ ယာဉ်မောင်း ဝင်းစိုးနှင့် ထွန်းလင်းလှုံလတ်တို့အား သန်လျင်မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**သက်ခိုင် (သန်လျင်)**




# စိန်ဖူးတော်ဖြုတ်ယူသူအား သံဃာတော်နှင့်ရဲတပ်ဖွဲ့တို့မှ ဖမ်းဆီး

**ရန်ကုန် ဇူလိုင် ၂**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၂)ရပ်ကွက်ရှိ ဝဠကြွေးတော်ပြေဘုရားဝင်းရှိ အမျက်တော်ပြေစေတီမှ စိန်ဖူးတော်ဖြုတ်ယူနေသူအား ဇူလိုင် ၂ ရက် နံနက် ၂ နာရီခွဲက သံဃာတော်များနှင့် ရဲတပ်ဖွဲ့တို့က ဖမ်းဆီးခဲ့ကြောင်း သိရသည်။

အဆိုပါဘုရားဝင်းအတွင်းနေထိုင်သော ကျော်မိုးထိုက်(၄၃နှစ်)က အမျက်တော်ပြေစေတီတော်၏စိန်ဖူးတော်အား ဖြုတ်ယူနေစဉ် သံဃာတော်များက ရဲတပ်ဖွဲ့အား အကြောင်းကြားခဲ့ပြီး ရဲတပ်ဖွဲ့နှင့်အတူ သံဃာတော်များကဝိုင်းဝန်းဖမ်းဆီးခဲ့ကာ စိန်ဖူး တော်ဖြုတ်ယူသူအား ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**(၁၆၄)**

# ပုသိမ်ကြီးမြို့နယ်၌ သံပိုက်လုံးများ တင်ဆောင်ထားသောထော်လာဂျီနှင့် ရထားနှင့်တိုက်မိ

**မန္တလေး ဇူလိုင် ၂**

မတ္တရာဘူတာမှ နံနက် ၉ နာရီတွင် ထွက်ခွာသောအမှတ် (မ-၄၂) အစုန်မတ္တရာ-မန္တလေးရထားသည် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မြနန္ဒာဘူတာနှင့် အိုးဘိုဘူတာကြား၌ ကွန်ကရစ်ပိုက်လုံးများတင်ထားသော ထော်လာဂျီတစ်စီး ရထားသံလမ်းနှင့် မလွတ်ကင်းဘဲ ရပ်နားထားရာမှ ရထားဖြင့် တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ္တရာ-မန္တလေးရထားသည် ဇူလိုင် ၂ ရက် ၁၀ နာရီခွဲတွင် မြနန္ဒာဘူတာနှင့် အိုးဘိုဘူတာကြား မိုင်တိုင်အမှတ် (၃၈၉/၆၇ )ကြားအရောက် ပုသိမ်ကြီးမြို့ သရက်တစ်ပင်ကျေးရွာနေသူ ဦးညီညီ မောင်းနှင်လာသော ယာဉ်နံပါတ်မပါထော်လာဂျီယာဉ်သည် သံလမ်းနှင့် မလွတ်ကင်းဘဲရပ်ထားရာမှ တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရ၍ အမှတ် (၄) တပ်ခွဲ မန္တလေးရဲစခန်းမှူး ရဲအုပ်စိုးဦး၊ အိုးဘိုဘူတာရုံပိုင် ဦးဇော်ဝင်းတို့ အဖွဲ့သည် အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးခဲ့ရာ ရထားနှင့်ထော်လာဂျီယာဉ် တိုက်မှုကြောင့် ခရီးသည်ဝန်ထမ်းထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ ရထားစက်ခေါင်းအမှတ် DD 966 ၏ ညာဘက်ခြမ်းလက်ကိုင်ကောက်ကွေး၊ မိုင်းလစ်ကြိုးပြတ်တောက်ပျက်စီးခဲ့သည်။ ဆက်လက်၍ အမှတ် (မ -၄၂) အစုန်မတ္တရာ-မန္တလေးရထားသည် ၁၁ နာရီ မိနစ်၄၀ တွင် ဆက်လက်ထွက်ခွာခဲ့ပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ဦးညီညီအား ပုသိမ်ကြီး မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**မောင်မောင်စိုး (မြစ်ငယ်)**

# ကျွန်တော်နှင့် စီမံခန့်ခွဲမှုပုံစံလေးမျိုး

**ပါမောက္ခဒေါက်တာအောင်ထွန်းသက်**

ကျွန်တော်ဟာ စီမံခန့်ခွဲမှုပညာကို နက်နက်နဲနဲ လေ့လာခွင့်ရခဲ့တယ်။ ဘွဲ့ယူတဲ့အခါ စီမံခန့်ခွဲမှုကို သာမန်လောက်သာ သင်ခွင့်ရပေမယ့် ဘွဲ့လွန်သင်တန်းတွေတက်တဲ့အခါ အထွေထွေစီမံခန့်ခွဲမှုပညာ၊ အသုံးချသုတေသနဘာသာနဲ့ နောက်ဆုံး စီမံခန့်ခွဲမှုသိပ္ပံ ဘာသာတွေကို ဆည်းပူးခွင့်ရခဲ့တယ်။ စီမံခန့်ခွဲမှုဘာသာရဲ့ ထူးခြားချက်က စာတွေ့လက်တွေ့ ပေါင်းစပ်ထားတာဖြစ်တယ်။

မျက်မှောက်ခေတ်ကာလမှာ ရင်ဆိုင်နေကြရတဲ့ အခက်အခဲတွေ၊ စိန်ခေါ်မှုတွေ သုံးသပ်မိရင် အခြေခံတစ်ခုက စီမံခန့်ခွဲမှု အားနည်းတာကြောင့်ဖြစ်တယ်လို့ သုံးသပ်မိတယ်။ ခေါင်းဆောင်မှု၊ ဦးဆောင်မှုကောင်းလှပေမယ့် အကောင်အထည်ဖော်တဲ့အခါ စီမံခန့်ခွဲမှု အားနည်းခဲ့တယ်။ အမှန်တော့ ခေါင်းဆောင်မှုနဲ့ စီမံခန့်ခွဲမှုဟာ မတူညီပါဘူး။ ဦးဆောင်တာက တစ်ခုဖြစ်ပြီး စီမံတာက တစ်ခုဖြစ်တယ်။ ဦးဆောင်မှုကောင်းပြီး စီမံခန့်ခွဲမှုအားနည်းရင် အကောင်အထည်ဖော်မှုတွေမှာ အခက်အခဲတွေ ရင်ဆိုင်ရပြီ... စီမံခန့်ခွဲမှုကောင်းပြီး ခေါင်းဆောင်မှုအားနည်းရင် ဦးတည်ချက်တွေ၊ ရည်မှန်းချက်တွေပျောက်ပြီး လုပ်ချင်တာတွေလျှောက်လုပ်နေတာ ဖြစ်နိုင်ပါတယ်။

ဒါကြောင့်လည်း မန်နေဂျာသင်တန်းတွေမှာ မန်နေဂျာဟာ စီမံခန့်ခွဲမှု ထက်မြက်ဖို့လိုအပ်ပြီး နောက်တစ်ဖက်မှာလည်း ဦးဆောင်နိုင်ဖို့လိုကြောင်း အမြဲသတိပေးခဲ့ပါတယ်။ စီမံခန့်ခွဲမှုဟာ (doing things right) လုပ်တဲ့အလုပ်တွေကို တိတိကျကျ မှန်မှန်ကန်ကန်လုပ်ပြီး ခေါင်းဆောင်မှုက (doing the right things) လုပ်ထိုက်တဲ့အလုပ်တွေ လုပ်တာဖြစ်တယ်။ တစ်ခါတလေ ဖြစ်နေတာတွေကို သုံးသပ်ရင် လုပ်သင့်တာတွေမလုပ်ဘဲ မယောင်ရာဆီလူးနေသလို ခံစားရတာ။ ဘာကြောင့် မလိုအပ်တဲ့နေရာမှာ အင်အားတွေကို ဖြုန်းနေကြတာလဲ။ လုပ်စရာတွေ အများကြီး အရေးကြီးတာတွေ အများကြီး ရှိနေပေမယ့် အရည်မရအဖတ်မရ အလုပ်တွေ လုပ်နေတာတွေ့ရင် အံ့ဩမိတယ်။ စိတ်လည်းမကောင်းဘူး။ စေတနာနဲ့ လုပ်နေတာ နားလည်ပေမယ့် စေတနာတစ်ခုတည်းနဲ့ မလုံလောက်ဘူးလေ။ လုပ်ချင်တာတွေအထဲ ဘာကိုဦးစားပေးပြီး လုပ်ရမယ်ဆိုတာက လိုအပ်တယ်။ အားလုံးအရေးကြီးတယ်လို့ထင်ရင် ဘာမှအရေးမကြီးဘူးလို့ ပြောတာနဲ့ အတူတူပဲဖြစ်တယ်။ ဘာကိုဦးစားပေးရမလဲဆိုတာကို ပြတ်ပြတ်သားသား ရဲရဲဝံ့ဝံ့ ရွေးချယ်ရမှာသာ ဖြစ်တယ်။

စီမံခန့်ခွဲမှုများရဲ့ အခြေခံတစ်ခုက အရာရာကို ကိုယ်တစ်ယောက်တည်း မလုပ်နိုင်ဘူးဆိုတာကို လက်ခံရမယ်။ လုပ်နိုင်ရင်တောင် မလုပ်ရဘူး။ လူကြီးလုပ်သူဟာ အသေးစိတ်ကိစ္စတွေနဲ့ အချိန်ဖြုန်းနေမယ့်အစား ကာလရှည်မှာ ဖြစ်လိုတာတွေကို အာရုံပြုရမယ်။ ကိုယ့်အောက်ကသူတွေကို ယုံယုံကြည်ကြည်နဲ့ အလုပ်တွေ ခွဲဝေပေးဖို့လိုမယ်။ အစကတည်းက ကိုယ့်ထက်တော်တဲ့၊ ကိုယ်ရဲ့ထူးချွန်တဲ့သူတွေ ရွေးချယ်ခန့်ထားရင် သူတို့ကိုတာဝန်ပေးလို့ဖြစ်တယ်။ "မှန်ပါ့ဘုရား"လို့ပြောတဲ့သူတွေနဲ့ ဝိုင်းရံထားရင် တာဝန်ပေးလို့ ရနိုင်မှာမဟုတ်ဘူး။

လူရွေးမှန်ခြင်းဟာ အလွန်အရေးကြီးတဲ့ အခြေခံတစ်ခုဖြစ်တယ်။ ကိုယ့်ကို ပြန်ပြောရဲတဲ့သူတွေရှိရင် ထိရောက်မှုရှိမယ်။ ပြောသမျှကို လက်ခံဖို့မဟုတ်ဘဲ စဉ်းစားချင့်ချိန်ဖို့သာဖြစ်တယ်။ ခေါင်းဆောင်မှုမှာပဲဖြစ်ဖြစ် စီမံခန့်ခွဲတဲ့ နေရာမှာပဲဖြစ်ဖြစ် အရေးပါတဲ့အချက်က တာဝန်ခံမှု တာဝန်ယူဖို့ဖြစ်တယ်။ ကျွန်တော့်အနေနဲ့ ဒီအကြောင်းကို စိတ်ဝင်စားတယ်၊ အလေးထားတယ်။ လူတိုင်း ပိုပြီး တာဝန်ယူကြရလိမ့်မယ်။ ကိုယ်နဲ့ မဆိုင်ဘူး။ ကိုယ့်အလုပ်မဟုတ်ဘူး၊ ငါမလုပ်လည်း ဖြစ်တာပဲ စတဲ့ အတွေးတွေဟာ အန္တရာယ်ကြီးတယ်။ အခုခေတ်ကာလမှာ လူတိုင်း တာဝန်ကျေဖို့ တာဝန်ခံဖို့ လိုအပ်နေပြီ။ ကိုယ်လိုချင်တဲ့၊ မျှော်လင့်တဲ့ ပြုပြင်ပြောင်းလဲမှုတွေရဖို့ လူတိုင်း တစ်ဦးချင်း တာဝန်ခံရမယ်။ တာဝန်မကျေပွန်တဲ့သူတွေ ထွက်ရဲတဲ့သတ္တိ ရှိရမယ်။ ကိုယ့်ပေးထားတဲ့တာဝန်မကျေရင်၊ လစ်ဟင်းရင် ချက်ချင်းထွက်ဖို့ လိုတယ်။ ဖြုတ်မှထွက်တာ မဖြစ်သင့်ဘူး။

စီမံခန့်ခွဲတဲ့သူတွေအနေနဲ့ ပုံစံလေးမျိုးနဲ့ စီမံနိုင်ကြောင်း တွေ့မြင်ရတယ်။ ပထမအမျိုးအစားက အာဏာရှင်ဆန်တဲ့ စီမံခန့်ခွဲသူ။ ငါပြောတာလုပ်၊ ပြန်မပြောနဲ့၊ ဘယ်သူပြောပြော နားမထောင်တဲ့သူ၊ အရာရာကို ထုံးစံအတိုင်း လုပ်ရမယ်လို့ ယူဆသူ။ အရင်တုန်းက ဒီလိုပဲ လုပ်ခဲ့တယ်။ အောင်မြင်ခဲ့တယ်။ ဒါကြောင့် အခုလည်း ဒီလိုပဲလုပ်ရမယ်လို့ ယူဆကြတယ်။ ဒီပုံစံရဲ့အားသာချက်ကတော့ ဘယ်သူ ဘာလုပ်ရမလဲဆိုတာကို အငြင်းပွားစရာမလိုဘဲ တိတိကျကျ သတ်မှတ်ထားတယ်။ အလုပ်က မှန်ကန်တယ်။ သတ်မှတ်တာရဲ့ ညွှန်ကြားချက်တွေကို တစ်သဝေမတိမ်း လိုက်နာကြတယ်။ လူတိုင်းက စည်းကမ်းအတိုင်းလုပ်ကြပြီး ချိုးဖောက်ခဲ့ရင် ဘယ်လိုအပြစ်ပေးခြင်းခံရမယ်ဆိုတာကို သိတယ်။ အဓိကစိန်ခေါ်မှုက စွန့်စားမှု ပပျောက်ခြင်းဖြစ်တယ်။ အကြံဉာဏ်တွေ၊ မိမိရဲ့ထင်မြင်ချက်ကို မတင်ပြနိုင်တာမို့ အောက်က လူတွေက စိတ်ပျက်လာကြတယ်။ ဘာကြောင့် ဒီပုံစံကို အသုံးချကြသလဲ။ ကိုယ့်အရင်ကလူတွေ ကျင့်သုံးခဲ့တာတွေ့ပြီး လိုက်လုပ်တာဖြစ်တယ်။ အခြားစီမံခန့်ခွဲမှုပုံစံတွေကို မကြုံဖူးလို့လည်းဖြစ်နိုင်တယ်။ စီမံခန့်ခွဲမှုနဲ့ပတ်သက်ပြီး စနစ်တကျ သင်တန်းယူခဲ့တာ မရှိခဲ့လို့ဖြစ်တယ်။ အခုလိုပြောတာ ကျွန်တော်က စီမံခန့်ခွဲမှုပညာကိုသင်နေလို့ ပြောတာမဟုတ်ပါဘူး။ စီမံခန့်ခွဲမှုကောင်းဖို့ အတွေ့အကြုံက အရေးကြီးပေမယ့် စနစ်တကျ သင်တန်းတွေယူဖို့လည်း အရေးကြီးတယ်။ သင်လို့မရဘူး၊ သင်စရာမလိုဘူးလို့ မြင်လို့မဖြစ်ဘူး။ တစ်ခုတော့ ရှိတယ်။ စီမံခန့်ခွဲသူတွေဟာ ဒီပုံစံကို မနှစ်သက်ကြဘူး။ ဖြစ်နိုင်ရင် ပြောင်းချင်ကြတယ်။



ဒုတိယစီမံခန့်ခွဲမှုပုံစံက ရှာမရတဲ့ပျောက်ကွယ်သွားတဲ့ စီမံခန့်ခွဲသူတွေ။ ခဏသာမြင်ရပြီး အခြားအလုပ်တွေဆီ အာရုံရောက်သွားတယ်။ အစည်းအဝေးတွေနဲ့ အချိန်ကုန်ကြတယ်။ ဝန်ထမ်းတွေနဲ့တွေ့ရင်လည်း အချိန်မပေးဘူး။ အာရုံမရှိဘူး။ အရေးကြီးတဲ့အလုပ်တွေ အမြဲရှိနေတာ။ မိမိလက်အောက်တွေကို ညွှန်ကြားဖို့၊ သင်ပေးဖို့ စိတ်ဝင်စားမှုမရှိဘူး။ သူများရဲ့အကြံဉာဏ်တွေယူဖို့လည်း အာရုံမရှိဘူး။ ဘာကြောင့် ဒီလိုဖြစ်ရသလဲ။ အထက်လူကြီးတွေအကြိုက် မြင်သာထင်သာတဲ့အလုပ်တွေ လုပ်ချင်တယ်။ ခေါ်သမျှအစည်းအဝေးတွေ တက်တယ်။ လူကြီးအကြိုက်နေတယ် ထင်တယ်။

တတိယပုံစံက နည်းပြမှုကိုခုံမင်တဲ့ စီမံခန့်ခွဲသူ။ သူများကို အမြဲဆရာလုပ်ချင်တယ်။ ဖြစ်နိုင်ရင် အောက်ခြေနဲ့ အမြဲနီးစပ်အောင် နေချင်တယ်။ အားရင် ကွင်းဆင်းတယ်။ အားလုံးကို လုပ်ပြချင်တယ်။ အမှန်တော့ ယုံယုံကြည်ကြည်နဲ့ အောက်ကလူတွေကို လွှတ်ပေးရမယ်။ လုပ်ခွင့်ပေးရမယ်။ နည်းပြပြီး ဝင်လုပ်ပြစရာမလိုဘူး။

နောက်ဆုံးပုံစံကတော့ ပြုစုပေးတဲ့ စီမံခန့်ခွဲသူ။ ကိုယ့်အောက်ကလူတွေကို သင်ပေးတယ်။ အချိန်ပေးတယ်။ ဆွေးနွေးပြီး သဘောတူညီမှုရအောင် ကြိုးစားတယ်။ သူငယ်ချင်းမဟုတ်ဘဲ အကူအညီပေးသူသာဖြစ်တယ်။ အပြန်အလှန်လေးစားမှုကို ကြိုးစားတယ်။ ဆောင်ရွက်တယ်။

ဒီပုံစံ လေးခုရှိတဲ့အနက် အခြေအနေ အချိန်အခါကိုလိုက်ပြီး ရွေးချယ်အသုံးပြုရမှာသာဖြစ်တယ်။ တစ်ပုံစံတည်း နေရာတိုင်း အသုံးချလို့မဖြစ်ဘူး။ ဒါကြောင့် စီမံခန့်ခွဲသူအဖို့ အရေးကြီးတာက လိုက်လျောညီထွေ ကျင့်ကြံနိုင်စွမ်းရှိဖို့ လိုအပ်တယ်။ နေရာတိုင်း ပုံစံတစ်မျိုးတည်း ကျင့်သုံးလို့မဖြစ်ဘူး။

**စီမံခန့်ခွဲမှု တာဝန်ယူနေကြသူတွေကို စာဖတ်ဖို့ အကြံပြုလိုပါတယ်။ စီမံခန့်ခွဲမှုဘာသာရပ်နဲ့ပတ်သက်ပြီး ရေးသားထားတဲ့ စာအုပ်တွေ အများကြီး။ လက်လှမ်းမီသလောက် ဖတ်ရှုစေချင်တယ်။ အင်တာနက်ကတစ်ဆင့်လည်း သိချင်တာတွေကို ယူနိုင်တယ်။ အတွေ့အကြုံဟာအရေးကြီးပေမယ့် စာပေကရနိုင်တဲ့ ဗဟုသုတဟာလည်း အရေးပါပါတယ်။ အခုဆိုရင် စီမံခန့်ခွဲမှုသင်တန်းတွေ အမျိုးမျိုး ပေးနေကြပြီ။ ဒီသင်တန်းတွေကို သတိထားပြီး ရွေးပါ။ လိမ်နေတာတွေကို တွေ့ရတယ်။ တလောက သတင်းစာထဲမှာ လိမ်ပြီးကြော်ငြာတာ ဖတ်လိုက်ရပြီး စိတ်မကောင်းဖြစ်မိတယ်။ တရားဝင် အသိအမှတ်ပြုထားတဲ့ သင်တန်းတွေကို ရွေးပြီးတက်ကြပါ**

စီမံခန့်ခွဲမှု တာဝန်ယူနေကြသူတွေကို စာဖတ်ဖို့ အကြံပြုလိုပါတယ်။ စီမံခန့်ခွဲမှုဘာသာရပ်နဲ့ပတ်သက်ပြီး ရေးသားထားတဲ့ စာအုပ်တွေ အများကြီး။ လက်လှမ်းမီသလောက် ဖတ်ရှုစေချင်တယ်။ အင်တာနက်ကတစ်ဆင့်လည်း သိချင်တာတွေကို ယူနိုင်တယ်။ အတွေ့အကြုံဟာအရေးကြီးပေမယ့် စာပေကရနိုင်တဲ့ ဗဟုသုတဟာလည်း အရေးပါပါတယ်။ ဘယ်စာအုပ်ဖတ်ပါလို့ ကျွန်တော်မပြောချင်ဘူး။ ကြိုက်တဲ့စာအုပ်ဖတ်ဖို့သာ အရေးကြီးတာ။ အခုဆိုရင် စီမံခန့်ခွဲမှုသင်တန်းတွေ အမျိုးမျိုး ပေးနေကြပြီ။ ဒီသင်တန်းတွေကို သတိထားပြီးရွေးပါ။ လိမ်နေတာတွေကို တွေ့ရတယ်။ တလောက သတင်းစာထဲမှာ လိမ်ပြီးကြော်ငြာတာ ဖတ်လိုက်ရပြီး စိတ်မကောင်းဖြစ်မိတယ်။ တရားဝင် အသိအမှတ်ပြုထားတဲ့ သင်တန်းတွေကို ရွေးပြီး တက်ကြပါ။

စီမံခန့်ခွဲမှုနဲ့ ပတ်သက်လာရင် ကျွန်တော်အနှစ်သက်ဆုံး ကိစ္စတစ်ခုက Results-Based Management (RBM) ပဲ ဖြစ်တယ်။ ရလဒ်ကိုအခြေခံတဲ့ စီမံခန့်ခွဲမှု။ ကျွန်တော်တို့ပတ်ဝန်းကျင်မှာ လှုပ်ရှားမှုကိုအခြေခံတဲ့ စီမံခန့်ခွဲမှုက ခေတ်စားတယ်။ လူတွေက နှစ်သက်တယ်။ အလုပ်များနေကြတယ်။ ဘယ်သူမှ အားတာမရှိဘူး။ အလုပ်တွေများပေမယ့် ဘာရသလဲလို့မေးရင် တိတိကျကျ မဖြေနိုင်ဘူး။ ထိုင်လိုက်တဲ့အစည်းအဝေးတွေ အစိုးရရုံးတွေမှာရော၊ ကုမ္ပဏီတွေမှာရော လူတိုင်း အစည်းအဝေးတွေ ထိုင်နေကြတယ်။ အခုလိုထိုင်ပြီး ဘာဖြစ်သလဲလို့မေးရင် အဖြေကို တိတိကျကျပေးနိုင်မှာ မဟုတ်ဘူး။ အလုပ်ကြိုးစားမှုကို အားပေးကြတယ်။ ဒါပေမယ့် ကြိုးစားပြီး အကျိုးမရှိရင် အလကားပဲ။

RBM သဘောက အလုပ်တစ်ခုလုပ်တော့မယ်ဆိုရင် ကိုယ်လိုချင်တဲ့ ကိုယ်မျှော်လင့်တဲ့ရလဒ်ကို ပစ်မှတ်ထားပြီး လိုချင်တာကို ရအောင်လုပ်ရမှာသာဖြစ်တယ်။ ရလဒ်ကိုအခြေခံတဲ့ စီမံခန့်ခွဲမှုပုံစံကို အကောင်အထည်ဖော်နိုင်ဖို့ အရေးအကြီးဆုံးကိစ္စက ဦးစားပေးမှုဖြစ်တယ်။ လုပ်စရာတွေ အများကြီးရှိတာမို့ အားလုံးကို ကောင်းကောင်းလုပ်နိုင်ဖို့ ဖြစ်နိုင်မှာမဟုတ်ဘူး။ ဒါကြောင့်လုပ်စရာရှိတာတွေမပြီးခင် ...

စီးပွားရေးတက္ကသိုလ်မှာ စီမံခန့်ခွဲမှုပညာကို ပုံစံအမျိုးမျိုးနဲ့ သင်နေတယ်။ ဒီလိုပဲ Strategy First တို့၊ MIC တို့၊ Device တို့မှာ သမာဓိ၊ သိက္ခာရှိတဲ့သင်တန်းတွေ ပေးနေတယ်။ တချို့တွေက ဘွဲ့ထူးဂုဏ်ထူးတွေကို မက်လုံးပေးပြီး အဆင့်မရှိတဲ့ ပညာရေး၊ အရည်အချင်းတွေကို ရောင်းစားနေကြတယ်။ ဝယ်တဲ့သူက သတိထားရမှာ။ ရောင်းတဲ့သူက ရရင်လိမ်မှာပါပဲ။ ကျွန်တော်က ပညာရေးနဲ့ပတ်သက်လာရင် စိတ်ပူတယ်။ ဈေးကွက်စီးပွားရေးကို အကြောင်းပြုပြီး အခုလို အလွတ်သင်တန်းကျောင်းတွေ ဖွင့်ခွင့်ပေးလိုက်တာပါ။ အုတ်အရောရော ကျောက်အရောရော ဖြစ်လာတယ်။ နိုင်ငံခြားက တက္ကသိုလ်ဆိုတိုင်း အထင်မကြီးသင့်ဘူး။ အခုခေတ်မှာတော့ အင်တာနက်ကတစ်ဆင့်ကြည့်ပြီး စစ်နိုင်တယ်။ တက္ကသိုလ်၊ ကောလိပ်လို့ပြောပြီး အင်တာနက်ကကြည့်ရင် အလိမ်ပေါ်မှာသာဖြစ်တယ်။

ဘာပဲဖြစ်ဖြစ် လက်တွေ့စီမံခန့်ခွဲနေသူတွေ မိမိအတွေ့အကြုံနဲ့ တန်ဖိုးရှိတဲ့စာတွေ သင်ကြားမှုကို ခံယူပြီး လှုပ်ရှားနိုင်ပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။ ။

## ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဆိုင်ရာများ ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂**

ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(Japan International Cooperation Agency -JICA) အထောက်အပံ့ဖြင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် ဆောင်ရွက်နေသော လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအရ ဖော်ဆောင်နေသည့် နည်းပညာပူးပေါင်းဆောင်ရွက်မှုအစီအစဉ် ဒုတိယအကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန်လနောက်ဆုံးပတ်က ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ ကျင်းပခဲ့သည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် စီမံကိန်းဦးဆောင်ကော်မတီဥက္ကဋ္ဌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးလှကျော်က ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သည် မြန်မာနိုင်ငံ အဆင့်မြင့်ပညာရေးကဏ္ဍရှိ တစ်ခုတည်းသော စိုက်ပျိုးရေးဆိုင်ရာ တက္ကသိုလ်ဖြစ်ကြောင်း၊ ဤကျောင်းဆင်းဘွဲ့ရများသည် မိမိတို့ဝန်ကြီးဌာနရှိ ဦးစီးဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်လုပ်ဆောင်နေကြောင်း၊ ဤတက္ကသိုလ်ရှိ သင်ကြားသင်ယူမှု လုပ်ငန်းစဉ်များ အင်အားကောင်းအောင်ဆောင်ရွက်ခြင်းသည် ကျေးလက်နှင့်စိုက်ပျိုးရေး ဖွံ့ဖြိုးမှုမှသည် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်နေခြင်းဖြစ်၍ မျှော်မှန်းသည်ထက် ပိုမိုအောင်မြင်စေရန် ကြိုးစားဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။ အစည်းအဝေးတက်ရောက်ခဲ့သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်ကလည်း "ဒီစီမံကိန်း အခုလို ဆောင်ရွက်နိုင်ဖို့ကို လွန်ခဲ့တဲ့ သုံးနှစ်ကျော်ကတည်းက ဆောင်ရွက်ခဲ့ပါတယ်။ ယင်းအစီအစဉ်အပြီး နည်းပညာပူးပေါင်းဆောင်ရွက်မှုအစီအစဉ်စတင်ခဲ့ပြီး ယခုဆိုရင် ပထမအဆင့် ဆောင်ရွက်ပြီးစီး၍ ဒုတိယအဆင့် ဆောင်ရွက်တော့မှာဖြစ်ပါတယ်။ ယခင်နှစ်တွေနဲ့ နှိုင်းယှဉ်ရင် ဆရာ ဆရာမတွေရဲ့သုတေသန ဆောင်ရွက်ချက်တွေ ပိုမိုများပြားလာပါတယ်။ သုတေသနဆောင်ရွက်မှုတွေ ပိုမိုများပြားလာခြင်းသည် ဆရာ ဆရာမတွေရဲ့သင်ကြားမှုစွမ်းရည်ကို မြင့်တက်လာစေပါတယ်။ နောက်တစ်ဆင့် ဆောင်ရွက်မယ့် ဒုတိယအဆင့်မှာလည်း အလားတူ တိုးတက်မှုတွေ ရရှိမယ်လို့ ယုံကြည်ပါတယ်"ဟု ပြောကြားသည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ်က "ဒီအစည်းအဝေးက ဒုတိယအကြိမ်မြောက်ကျင်းပတဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဖြစ်ပါတယ်။ စီမံကိန်းကို နှစ်အလိုက်၊ အဆင့်လိုက် ခွဲထားပြီး အခုက ပထမအဆင့် ပြီးမြောက်ခဲ့ပြီဖြစ်ပါတယ်။ ဒီပထမအဆင့်အတွင်းမှာ ဆောင်ရွက်ခဲ့တာတွေက သင်ကြားသင်ယူမှုဖြစ်စဉ်တွေနဲ့ပတ်သက်ပြီး Baseline Survey တွေ လုပ်ပါတယ်။ ဥပမာသင်ကြားနေတဲ့ ဘာသာရပ်တွေနဲ့ ပတ်သက်တာတွေ၊ သင်ကြားမှုအထောက်အကူပြု ပစ္စည်းတွေနဲ့ ပတ်သက်တာတွေ၊ သင်ယူသူ ကျောင်းသား ကျောင်းသူများရဲ့သင်ယူလေ့လာနိုင်မှု အခွင့်အလမ်းတွေ၊ ဘာသာရပ်အစီအစဉ်တွေ၊ သင်ရိုးညွှန်းတမ်းနဲ့ သင်ရိုးမာတိကာတွေ စတာတွေနဲ့ ပတ်သက်ပြီး အတန်းလိုက်၊ ဌာနအလိုက် စစ်တမ်းတွေ ကောက်ယူခဲ့ပါတယ်။ ဒီလိုစစ်တမ်းကောက်လို့ရလာတဲ့ အကျိုးကျေးဇူးက ဘယ်နေရာတွေမှာ အားသာချက်တွေရှိပြီး ဘယ်အချက်တွေကတော့ အားနည်းချက်တွေရှိနေသလဲ။ ဘယ်အရာတွေက ပြင်ဆင်ပေးဖို့လိုမလဲ စတာတွေကို အချက်အလက် ခိုင်ခိုင်မာမာနဲ့ သိလာတယ်။ သိလာတဲ့အချက်အလက်တွေကိုလည်း ချက်ချင်း ဆောင်ရွက်ပေးခဲ့တော့ ပထမအဆင့်ကို အောင်အောင်မြင်မြင်နဲ့ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အခုလာမယ့် ဒုတိယအဆင့်မှာ ဒီထက်ပိုပြီးအောင်မြင်အောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ရှင်းလင်းပြောကြားသည်။

နည်းပညာပူးပေါင်း ဆောင်ရွက်မှုအစီအစဉ်၏ ခေါင်းဆောင်ပါမောက္ခ Dr. Tanaka က မိမိတို့သည် ပထမအဆင့်ကို အောင်မြင်အောင် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ လုပ်စရာရှိသည်များ ပြီးမြောက်အောင်မြင်အောင် လုပ်ဆောင်သွားရဦးမည်ဖြစ်ပါကြောင်း ပြောကြားသည်။ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ပါမောက္ခများ၊ ဆရာ ဆရာမများနှင့် စီမံကိန်းတွင် ပါဝင်ဆောင်ရွက်နေသူများ တက်ရောက်ခဲ့သည်။

**ဇူလိုင်မိုး(မြန်မာ့အလင်း)၊**
**ဓာတ်ပုံ-မေမိုးသဲ**



# ပဲတီစိမ်းများ မန္တလေးဈေးကွက်သို့ ဝင်ရောက်

သတင်း-ဇင်ဦး(မြန်မာ့အလင်း)
ဓာတ်ပုံ- သီဟစည်သူ

မိုးဦးပဲတီစိမ်းများ စတင်ပေါ်နေပြီဖြစ်ရာ ပျော်ဘွယ်၊ ရမည်းသင်းနှင့်တပ်ကုန်း မြို့နယ်များမှပဲတီစိမ်းများ မန္တလေးဈေးကွက်သို့ စတင်ဝင်ရောက်လာပြီဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံအတွင်းရှိ ဒေသအချို့တို့တွင် မိုးဦးသီးနှံများ စိုက်ပျိုးချိန် မုန်တိုင်းများဝင်ရောက်ပြီး မိုးများ အဆက်မပြတ် ရွာသွန်းခဲ့သောကြောင့် မိုးသီးနှံနှမ်းများ၊ ပဲတီစိမ်းများ ပျက်စီးခဲ့သော်လည်း ပျော်ဘွယ်၊ ရမည်းသင်းနှင့် တပ်ကုန်းမြို့နယ်တို့တွင် ပျက်စီးမှုမရှိခဲ့ဘဲ မိုးသီးနှံပဲတီစိမ်းများ ဈေးကွက်အတွင်းလာနေပြီဖြစ်ကြောင်း မန္တလေးအခြေစိုက်ကုန်သည်များထံမှ သိရသည်။

ပဲတီစိမ်းဈေးမှာ ယခင်ရက်များအတွင်းက အနည်းငယ်ကျဆင်းခဲ့ပြီး ယခုလက်ရှိ၌ သောကြာနေ့ဈေးပိတ်ချိန်တွင် ဈေးပြန်တက်လာခဲ့ကာ ပဲတီစိမ်းရိုးရိုး သုံးတင်းဝင်အိတ်ပိဿာ ၆၀ ခန့် တစ်အိတ်လျှင်ငွေကျပ် ၁၁၅၀၀၀၊ ပဲတီစိမ်းရွှေဝါတစ်အိတ် ၅၆ ဒသမ ၂၅ ပိဿာလျှင် ငွေကျပ် ၁၂၀၀၀၀မှ ၁၃၀၀၀၀ အထိ ပြန်တက်လာခဲ့သည်။ အလားတူ မတ်ပဲတစ်အိတ်လျှင်ငွေကျပ် ၈၂၀၀၀ ရှိကြောင်း သိရသည်။

"ဒီတစ်ပတ်အနေနဲ့ ပြောရရင် ပဲစင်းငုံကတော့ ရန်ကုန်ဈေးကွက်မှာ နည်းနည်းပြန်အေးသွားတယ်။ တစ်တန်ကို ငွေကျပ် ၆၁၅၀၀၀နဲ့ ပဲတီစိမ်းကလည်း နည်းနည်းအေးရာကနေ ပြန်တက်လာတယ်။ ဇွန် ၂၈ ရက်က တော်တော်ကျသွားပြီး ဒီနေ့အနေအထားအရသုံးတင်းတစ်အိတ်ကိုငွေကျပ် ၁၁၅၀၀၀ ထိ ပြန်တက်လာတယ်။ ပဲတီစိမ်းဈေးကတော့ ဒီလိုပဲ တက်လိုက်ကျလိုက် ဖြစ်နေတာပေါ့။ ဒီတစ်ပတ်အပိတ် ဈေးလောက်ကျမှ နည်းနည်းလေးပြန်မြင့်လာတာ။ နှမ်းကတော့ ပုံမှန်ဈေးလောက်ပဲရှိတယ်။ လတ်တလော ဂျပန်နှမ်းအနေနဲ့ကတော့ ကျောက်ဆည်နဲ့မြောင်ကဝင်နေတယ်။ အရောင်းအဝယ်သဘောအရ ဝယ်လိုအားနဲ့ ရောင်းလိုအားကတော့ မျှတနေပါတယ်"ဟု ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။



ပဲတီစိမ်းခင်းတစ်ခင်းအား တွေ့ရစဉ်

ဇွန် ၃၀ရက် သောကြာနေ့ ဈေးပိတ်ချိန်တွင်မန္တလေးဈေးကွက်အရ ကုလားပဲ ၅၁၆ ဒသမ ၂၅ ပိဿာ(ဗမာ) နှင့် ကုလားပဲ ၅၆ ဒသမ ၂၅ ပိဿာ (ထိုင်ဝမ်)တစ်အိတ်လျှင်ငွေကျပ် ၁၀၈၀၀၀မှ ၁၀၉၀၀၀ အထိ၊ ကုလားပဲ၅၆ ဒသမ ၂၅ ပိဿာ 929 တစ်အိတ်လျှင်ငွေကျပ် ၁၁၂၀၀၀ မှ ၁၁၃၀၀၀အထိ၊ ကုဖြူ ၅၇ ဒသမ ၂၅ ပိဿာ (V2)တစ်အိတ်လျှင်ငွေကျပ် ၁၂၂၀၀၀မှ ၁၂၃၀၀၀အထိ၊ ကုဖြူ ၅၇ ဒသမ ၂၅ ပိဿာ(V7)တစ်အိတ်လျှင် ငွေကျပ်၁၃၈၀၀၀မှ ၁၄၀၀၀၀အထိ၊ ပဲချဉ်ပေါင်ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၄၁၀၀၀၊ ကုလားပဲခြမ်း တစ်ပိဿာလျှင် ငွေကျပ် ၂၆၇၅နှင့် ကုလားပဲ (V2) ခြမ်းတစ်ပိဿာလျှင် ငွေကျပ် ၂၆၅၀ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

## စလင်း၌ ငရုတ်အထွက်နှုန်း ယခင်နှစ်ထက် ကျဆင်း

**စလင်း ဇူလိုင် ၂**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်တွင် ကျောက်စိမ်း အမျိုးအစား ငရုတ်စိုက်ခင်းများ ယခုနှစ်မိုးဦးကာလ မိုးနည်းကာ ယခင်နှစ်လောက် အောင်မြင်ဖြစ်ထွန်းမှု နည်းပါးလျက်ရှိကြောင်း သိရသည်။

ငရုတ်ကို မိမိတို့အညာဒေသတွင် အခြောက်ခင်းခေါ်ယာခင်းများတွင် စိုက်ပျိုးကြကြောင်း၊ ယခင်နှစ်က မိုးဦးကာလ မိုးကောင်းခဲ့၍ ငရုတ်စိုက်တောင်သူများ ဇွန်လတွင် သီးနှံဆွတ်၍ ရောင်းချလျက်ရှိကြောင်း၊ ယခုနှစ်တွင်မူ မေလတွင် ရွာသွန်းခဲ့သောမိုးသာရှိ၍ ငရုတ်ဖြစ်ထွန်းမှု ယခင်နှစ်ကိုမမီသေးကြောင်း၊ ယခင်နှစ်တွင် တစ်ပိဿာဖောက်သည်သွင်းဈေး ငွေကျပ် ၁၂၀၀ ရှိကြောင်း၊ အားလုံး ကျောက်စိမ်းငရုတ်မျိုးသာ စိုက်ပျိုးကြကြောင်း၊ တစ်ဧကအထွက်နှုန်း ပိဿာချိန် ၃၀၀၀ ကျော် ထွက်ရှိပြီးငွေကျပ် ၃၅ သိန်းကျော်ရရှိကြောင်း သိရသည်။

ယခုနှစ်တွင်မူ အထွက်နှုန်း အနည်းငယ်ကျဆင်းပြီး ဒေသပေါက်ဈေးဖောက်သည်သွင်းနှုန်း တစ်ပိဿာငွေကျပ် ၉၀၀ မှ ၁၀၀၀ ခန့်သာရှိကြောင်း စလင်းမြို့နယ်မြောင်းဘောင်ကျေးရွာမှ ငရုတ်စိုက်တောင်သူ ကိုသန်းဝင်းလှိုင်က ပြောသည်။

**ဖိုးပြည့်**

# ဆေးဖက်ဝင် ရှဉ့်မတက်ဥများ ရှာဖွေတူးဖော်ရောင်းချရသဖြင့် တောင်သူများ အပိုဝင်ငွေရရှိ



ရှဉ့်မတက်ဥများကို တွေ့ရစဉ်

**ကံမ ဇူလိုင် ၂**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်သက္ကယ်မြောင်ကျေးရွာနှင့်အနီးတစ်ဝိုက်ရှိ ကျေးရွာအချို့၌ ရှဉ့်မတက်ဥတူးဖော်ရောင်းချသူ ဒေသခံတောင်သူတချို့ဝင်ငွေကောင်းလျက်ရှိကြောင်း သိရသည်။

ယခင်နှစ်များတွင် နှစ်စဉ်မိုးဦးကာလကျရောက်သည်နှင့် ယင်းဒေသ၏ ကုန်းမြင့်များတွင် ရှဉ့်မတက်များ အလေ့ကျပေါက်လေ့ရှိသည်။ ရှဉ့်မတက်များပေါက်သည့်အချိန်ရောက်သည်နှင့် ကျေးရွာရှိဒေသခံတောင်သူတချို့သည် မိမိတို့ဝင်ငွေရရှိစေရန် တောတောင်များသို့ သွားရောက်ကာ ရှဉ့်မတက်ဥများ ရှာဖွေသည့်အပြင် အပင်ပေါက်လေးများကိုလည်း ၁၀ ကျပ်သားလျှင် ငွေကျပ် ၂၅၀ ဖြင့်ရောင်းချကာ ဝင်ငွေများ ရှာဖွေလျက်ရှိသည်။

"ရှဉ့်မတက်ဥတွေ စပေါ်ပေါ်ချင်းမှာပဲ တစ်ပိဿာကို ငွေကျပ် ၄၀၀ နဲ့ ရောင်းရပါတယ်။ နောက်ပိုင်း လှိုင်လှိုင်ပေါ်တဲ့ အခါကျတော့ တစ်ပိဿာကို ငွေကျပ် ၃၂၀ ဖြစ်သွားတယ်။ ညနေပိုင်းလေးကို ခဏတစ်ဖြုတ်လောက်သွားရှာရင်ကို သုံးသောင်း၊ လေးသောင်းကြားလောက်ရတယ်၊ အပင်တစ်ရုံလောက်တွေ့ရင်ပဲ ဥတွေအများကြီးရတယ်၊ အခုလို အချိန်ခဏလေးအတွင်း ဒီလောက်ပိုက်ဆံရတော့ ကျွန်တော်တို့လို ရှဉ့်မတက်ဥတူးဖော်ရှာဖွေသူတွေအတွက် အဆင်ပြေကြတယ်။ အချို့ဆို ရှဉ့်မတက်ဥတွေစပေါ်ကတည်းက တစိုက်မတ်မတ်လုပ်နေတဲ့သူတွေဆို ရွှေ၊ ငွေတွေတောင် ဝယ်နိုင်ကြတယ်"ဟု ယင်းကျေးရွာမှ ရှဉ့်မတက်ဥရှာဖွေ ရောင်းချနေသည့် ဒေသခံ ဦးမြင့်စိုးက ပြောကြားသည်။

မြန်မာ့ဆေးဖက်ဝင်(ရှဉ့်မတက်)ကို သိပ္ပံအမည်အရ Asparagus acerosus Willd Species Family Liliaceae ဟုခေါ်ပြီး မြန်မာနိုင်ငံအနှံ့အပြားတွင် သဘာဝအလျောက် ပေါက်ရောက်သည့် အပင်တစ်မျိုးဖြစ်သည်။ နှစ်ရှည်ခံရစ်ပတ်နွယ်ပင်မျိုးဖြစ်ကာ အညိုနုရောင်ပင်စည်သည် မာကျောပြီး ဆူးများပါရှိသည့် ရွက်ထီးဖြစ်ပြီး အပ်ချောင်းပုံရွက်ဖတ်ကလေးများစု၍ ထွက်သည်။ ပန်းခိုင်တွင် စိမ်းဝါရောင်ပန်းပွင့်ကလေးများ ပွင့်သည်။ လုံးဝန်းသောအစေ့များခံ့ပျော့သီးဖြစ်သည်။ အစေ့ နှစ်စေ့မှခြောက်စေ့ခန့်အထိ ပါရှိသည်။ ရှဉ့်မတက်ဥသည် ချိုဆိမ့်၍အခါးအရသာရှိပြီး ခွန်အားကိုဖြစ်ကာ ဝမ်းမီးကိုတောက်စေပြီး ဝဖြိုးစေကြောင်း၊ အိမ်ထောင်ရှင်အမျိုးသမီးများ နို့ရည်ကိုပွားစေပြီး နှလုံးရောဂါ၊ ဝမ်းသက်၊ သွေးအန်၊ သွေးကျ၊ အဆုတ်နာတို့ကို ပျောက်ကင်းစေနိုင်ကြောင်း သိရသည်။ လေ၊ သလိပ်၊ သည်းခြေတို့ကိုနိုင်ကာ သွေးလုံးလေလုံးရောဂါ၊ ဖောရောင် ခြင်း၊ မျက်စိရောဂါ၊ အဖျား ရောဂါတို့ကို ပျောက်ကင်းကာ အသက်ရှည်ဆေးအဖြစ် အသုံးပြုကြကြောင်း သိရသည်။

"ဒီနှစ်ကတော့ ရှဉ့်မတက်ကို ဟင်းချိုလည်းမစားရဘူး။ အတို့အမြှုပ်လုပ်ပြီး ငပိရည်ကျိုနဲ့လည်း မတို့စားရတော့ဘူး။ လာရောင်းတဲ့သူတွေလည်း တစ်ယောက်မှ ပေါ်မလာကြဘူး၊ အရင်နှစ်တွေကဆိုရောင်းတဲ့သူတွေ အပြိုင်အဆိုင် မနက်ပိုင်းလာရောင်းတဲ့သူတွေနဲ့ ညနေမှလာရောင်းတဲ့သူတွေနဲ့ ကြိုက်တဲ့ဈေးသည်တွေဆီဝယ်စားလို့ရတယ်။ ဒီနှစ်တော့သူတို့တွေလည်း သူတို့အတွက်တွက်ခြေကိုက်မယ့် ရှဉ့်မတက်ဥတွေတူးပြီးရောင်းနေကြတယ်။ အပင်ကိုဘယ်သူမှလာမရောင်းကြဘူး"ဟု ရှဉ့်မတက်ဝယ်စားသူဒေသခံ ဒေါ်သန်းနွယ်က ပြောသည်။

**သတင်း-ဝေသူနွယ်(မြန်မာ့အလင်း)**
**ဓာတ်ပုံ - ဇင်နွယ်**

## မျိုးကောင်းမျိုးသန့်များ ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်လာနိုင်ရေးအထူးကြိုးပမ်းသွားမည်

**ပျဉ်းမနား ဇူလိုင် ၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ပူးပေါင်းကာ ကိုရီးယားအပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးတိုးတက်မှုစီမံကိန်း KOPIA PROJECT INTERNATIONAL PROJECT (KOPIA) အစီအစဉ်ဖြင့် မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးမှူးရုံး၌ စပါးမျိုးစေ့ပေးအပ်ပွဲ အခမ်းအနား ဇွန်လနောက်ဆုံးပတ်က ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနား၌ ယခုနှစ်မိုးရာသီတွင် တောင်သူများ ရောမင်းစီးပွားဖြစ် မျိုးသန့်မျိုးစေ့များ ပွားများထုတ်လုပ်နိုင်ရန်ရည်ရွယ်၍ ရောမင်းမျိုးသန့်မျိုးပွားမျိုးစေ့များ ပေးအပ်ပွဲဖြစ်ကြောင်း သိရသည်။

အခမ်းအနား၌ စိုက်ပျိုးရေးသုတေသန ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မိမိတို့၏ စိုက်ပျိုးရေးသုတေသန ဦးစီးဌာနအနေဖြင့် တောင်သူများ ဝင်ငွေတိုးတက်၍ လူနေမှု ဘဝမြှင့်တင်နိုင်ရန်အတွက် အရည်အသွေးပြည့်မီပြီး အထွက်နှုန်းကောင်းမွန်သော ဈေးကွက်သီးနှံမျိုးသစ်များအား ရှာဖွေဖော်ထုတ်လျက်ရှိကြောင်း၊ အရည်အသွေးပြည့်မီသော မျိုးကောင်းမျိုးသန့်များအား စိုက်ပျိုးထုတ်လုပ်ရာ၌ တောင်သူပညာပေးသင်တန်းများတွင် ပို့ချလျက်ရှိသည့် လိုက်နာရမည့်နည်းလမ်းများအား အမှန်တကယ်လိုက်နာဆောင်ရွက်ကာ မြို့နယ်အလိုက် တောင်သူအစုအဖွဲ့များဖြင့် မျိုးစေ့ထုတ်လုပ်ငန်းများကို နိုင်ငံတကာအဆင့်မီ အရည်အသွေးကောင်းမျိုးစေ့များရရှိဆောင်ရွက်ရန်လိုအပ်ပါကြောင်း ပြောကြားသည်။

ဦးစီးဌာနအနေဖြင့်လည်း တောင်သူများမျိုးကောင်းမျိုးသန့်များ ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်လာနိုင်ရေးအတွက် အထူးကြိုးပမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် စိုက်ပျိုးရေးသုတေသန ဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် KOPIA စီမံကိန်းမှ ဒါရိုက်တာဒေါက်တာ ကင်ဒေးဆုတို့က ရောမင်းမျိုးသန့်မျိုးပွားမျိုးစေ့တင်း ၅၀ကို ပွင့်ဖြူမြို့နယ် ရွှေဘိုကျေးရွာတောင်သူများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

## တရုတ်ဝယ်လက်များ မုံရွာကြက်သွန်နီပွဲရုံအရောက်ဝယ်ယူမှုများပြား

**မုံရွာ ဇူလိုင် ၂**

တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချရန်အတွက် ကြက်သွန်နီဝယ်လက်များသည် မုံရွာမြို့ ကြက်သွန်ပွဲရုံများသို့ လက်ရှိပေါက်ဈေးဖြင့်လွန်ခဲ့သည့် နှစ်လခန့်မှစတင်၍ ပွဲရုံအရောက် နေ့စဉ်ဝယ်ယူမှုများရှိရာ သိုလှောင်ထားသောကြက်သွန်နီများကို လက်ရှိတွင် ထုတ်ရောင်းနေကြကြောင်း မုံရွာကြက်သွန်ပွဲစားဦးမြင့်ဆွေထံမှ သိရသည်။

"တရုတ်ကနေ လွန်ခဲ့တဲ့ နှစ်လလောက်ကစပြီး ပေါက်ဈေးအတိုင်း ပွဲရုံလာပြီးနေ့စဉ်လာဝယ်ကြတာတွေ ရှိပါတယ်။နယ်စပ်ကနေ လူလွှတ်ပြီး ဝယ်ပို့နေကြတာပါ။ တရုတ်ကလည်း ကြက်သွန်နီထွက်ပေမယ့် မြန်မာပြည်အလယ်ပိုင်းထွက်ကြက်သွန်လောက်အရသာမကောင်း၊ အရည်အသွေးမမီတဲ့အတွက် တရုတ်က မြန်မာပြည်ကို လှမ်းဝယ်နေတာပါ။ သူတို့ကပြည်တွင်းမှာလည်း အသုံးပြုတယ်။ ပြီးတော့ စည်သွပ်ဘူးတွေနဲ့ ပြည်ပလည်းပို့တာဆိုတော့ လက်ရှိမှာ ဝယ်အားကကောင်းနေပါတယ်။ တရုတ်က ကြက်သွန်နီဝင်တာရှိတယ်၊ အိမ်သုံးနဲ့အရောင်းအတွက် သိပ်မကြိုက်ကြတော့ မရောင်းရဘူး။ စမူဆာကြော်ရောင်းတဲ့ သူတွေနဲ့ ကြက်သွန်နဲ့ ပတ်သက်တဲ့စားကုန်ရောင်းသူတွေကတော့ဝယ်တာရှိပါတယ်။ ဈေးကပြည်တွင်းကြက်သွန်နီဈေးထက် တစ်ဝက်လောက်လျော့နေတဲ့အတွက် ဝယ်သုံးသူတွေ လောက်သာရှိပါတယ်။ လက်ရှိ ကြက်သွန်နီဈေးက တစ်ပိဿာ ငွေကျပ် ၁၂၀၀ ရှိပါတယ်"ဟု ဦးမြင့်ဆွေက ပြောပြသည်။

လက်ရှိအချိန်သည် ကြက်သွန်နီများ ထွက်နေပြီး ပွဲရုံများနှင့် တောင်သူများထံတွင် ရောင်းချရန်အရန်သင့်ရှိနေပြီဖြစ်သည်။

ပြည်ပအဝယ်လိုက်လာမှုအပေါ် ကုန်ပစ္စည်း အများအပြားစုဆောင်းပြီးချိန်ဖြစ်ပြီး ဝယ်သလောက်ပေါက်ဈေးဖြင့် ရောင်းချနိုင်သော အခြေအနေတွင် ရှိနေသည်။ ယခုနှစ်တွင် မြို့ပေါ်ကြက်သွန်နီပွဲရုံများသာမက သိုလှောင်စုထားသော ကြက်သွန်တောင်သူများပါ တွက်ခြေကိုက်နေကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# သီးနှံစိုက်ခင်းများအတွင်း ဓာတုဓာတ်မြေဩဇာ အချိုးကျသုံးစွဲနိုင်ရန်သင်တန်းပေး

**ဇူလိုင်မိုး(မြန်မာ့အလင်း)**
**ဓာတ်ပုံ-မေမိုးသဲ**

ယခုအခါ ကမ္ဘာကြီးပူနွေးလာခြင်း၏ အကြောင်းတရားများကြောင့် ရာသီဥတုပြောင်းလဲခြင်းကို တောင်သူဦးကြီးများ ရင်ဆိုင်နေကြရသည်။ ထို့ကြောင့် ယခုလို ပြောင်းလဲနေသော ရာသီဥတုနှင့် ကိုက်ညီမည့် စိုက်ပျိုးရေးသည် ပို၍ အရေးကြီးလာပြီဖြစ်သည်။

ထို့ပြင် အချို့တောင်သူများမှာ အသိပညာအားနည်း၍ စိုက်ခင်းများအတွင်း ဓာတုဓာတ်မြေဩဇာများကို လိုသည်ထက်ပို၍ သုံးနေကြနေသည်ကိုလည်း တွေ့မြင်နေရသည်။ ဓာတုဓာတ်မြေဩဇာများ အလွန်အကျွံသုံးစွဲခြင်းသည် မြေဆီလွှာများကို လျင်မြန်စွာ ပျက်သုဉ်းနိုင်သည်။ ထို့ကြောင့် နေပြည်တော် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် တောင်သူဦးကြီးများအတွက် စိုက်ပျိုးရေးနှင့်ပတ်သက်၍ နည်းပညာအသိပညာပေးသင်တန်းများကို စဉ်ဆက်မပြတ်ဖွင့်လှစ်သင်ကြားပို့ချလျက်ရှိကြောင်း သိရသည်။

ထိုသို့ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာသင်တန်းများ ပို့ချလျက်ရှိရာ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် ဩစတြေးလျနိုင်ငံမှ The Crawford Fund၊ Australian Centre for International Agricultural Research (ACIAR) တို့ပူးပေါင်း၍ စိုက်ခင်းများအတွင်း ဓာတုဓာတ်မြေဩဇာလျှော့ချသုံးစွဲနိုင်ရန်ရည်ရွယ်၍ "Rhizo-biology Training Course" သင်တန်းကို နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ရှိ အပင်ရောဂါဗေဒဌာန၌ ဇွန်လနောက်ဆုံးပတ်က စတင်ဖွင့်လှစ်လျက်ရှိကြောင်း သိရသည်။



သင်တန်းတွင်စာတွေ့၊ လက်တွေ့လေ့လာသင်ကြားနေပုံ

"သီးနှံတွေစိုက်ပျိုးတဲ့အခါ နိုက်ထရိုဂျင်ဓာတ်မြေဩဇာဆိုတာ အပင်တွေရှင်သန်ကြီးထွားဖို့ မရှိမဖြစ်လိုအပ်ပါတယ်။ နိုက်ထရိုဂျင်ဓာတ်မြေဩဇာကို လိုတာထက် ပိုသုံးပြန်တော့လည်း သဘာဝပတ်ဝန်းကျင်အပေါ် ဆိုးကျိုးဖြစ်နိုင်တယ်။ အဲဒီအစားသဘာဝအလျောက်မြေကြီးထဲကို နိုက်ထရိုဂျင်အာဟာရအလို အလျောက်စုဆောင်းနိုင်တဲ့ နည်းကပဲမျိုးနွယ်သီးနှံတွေစိုက်ပျိုးတဲ့ နည်းလမ်းဖြစ်ပါတယ်၊ ဒါကို Rhizobiologyနည်းပညာလို့ ခေါ်ပါတယ်၊ အခြေခံအားဖြင့်တော့ စိုက်ပျိုးရေးတက္ကသိုလ်ရဲ့ ဘွဲ့ကြိုသင်တန်းတွေထဲမှာ ဒီနည်းပညာကို သင်ကြားနေပြီးဖြစ်ပေမယ့် လုပ်ငန်းခွင်ထဲရောက်သွားတဲ့အခါ တောင်သူတွေလက်ခံကျင့်သုံးလာအောင် ပညာပေးဖြန့်ဖြူးနိုင်ဖို့ ရည်ရွယ်ချက်နဲ့ ဒီသင်တန်းဖွင့် လှစ်ရခြင်းဖြစ်ပါတယ်" ဟု ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

"Rhizobia ဆိုတာမြေကြီးထဲမှာ ပေါက်ဖွားတဲ့ ဗက်တီးရီးယားအုပ်စုဖြစ်ပါတယ်။ ဒီဗက်တီးရီးယားတွေက ပဲပင်တွေရဲ့ အမြစ်တွေထဲဝင်ရောက်သွားပြီး ပဲပင်တွေရဲ့ အမြစ်တွေမှာ မြစ်ဖုတွေ ဖြစ်လာပါတယ်။ အဲဒီမြစ်ဖုတွေကလေထုထဲက နိုက်ထရိုဂျင်ကိုစုပ်ယူပြီးအပင်တွေ စုပ်ယူစားသုံးနိုင်တဲ့ နိုက်ထရိုဂျင်အာဟာရအဖြစ်ပြောင်းလဲပေးပါတယ်။ ဒါ့ကြောင့်မို့လို့ နိုက်ထရိုဂျင်ဓာတ်မြေဩဇာအစား ပဲမျိုးစုံသီးနှံတွေကို အလှည့်ကျစိုက်ပျိုးတဲ့စနစ်နဲ့ စိုက်ပျိုးကြမယ်ဆိုရင် မြေဆီဩဇာကောင်းမွန်ပြီး သဘာဝပတ်ဝန်းကျင်နဲ့လည်း လိုက်လျောညီထွေရှိတဲ့ နည်းပညာဖြစ်ပါတယ်" ဟု ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် အပင်ရောဂါဗေဒဌာနပါမောက္ခ ဒေါက်တာတင်အေးအေးနိုင်က ပြောသည်။

အဆိုပါသင်တန်းကာလမှာ ဇွန် ၂၆ ရက်မှ ဇူလိုင် ၁၀ ရက်အထိဖြစ်ကြောင်း၊ သင်တန်းတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် အပင်ရောဂါဗေဒဌာနမှ ဆရာ၊ဆရာမများ၊ မဟာသိပ္ပံကျောင်းသားကျောင်းသူများ စုစုပေါင်း ၁၈ ဦးတက်ရောက်လျက်ရှိကြောင်း သိရသည်။

ရာသီဥတု၊ သဘာဝဘေးဒဏ်နှင့် အခြား ဆုံးရှုံးမှုများကြောင့် တောင်သူလယ်သမားများအတွက် လယ်ယာစီးပွားလုပ်ငန်းများမှာ နစ်နာဆုံးရှုံးမှုများနှင့် တွေ့ကြုံခံစားနေရသည်။

ထို့ကြောင့် စိုက်ပျိုးရေးပညာရပ်များ ပြည်သူများကြားတွင် ပိုမိုကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေး၊ အသိပညာပေးရေးနှင့် လုပ်ငန်းဆောင်ရွက်သည့်နေရာတွင် ပိုမိုထိရောက်စေရေးတို့အတွက် Call Center ကို ယခုနှစ် မတ် ၁ ရက်တွင် ဖွင့်လှစ်နိုင်ခဲ့သည်။

အဆိုပါ Center မှ တောင်သူများအတွက် အမေးအဖြေကဏ္ဍသာမက အသိပညာပေးသည့် လုပ်ငန်းများကိုလည်း ပူးတွဲဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

# တစ်ပတ်အတွင်း ဈေးနှုန်းအပြောင်းအလဲဖြစ်ပေါ်ခဲ့သည့်သီးနှံများ

**ဝတ်ရည်မွန်** (AMIA)၊ **ဓာတ်ပုံ-မေမိုးသဲ**

ဒီတစ်ပတ်မှာတော့ မတ်ပဲ (FAQ/RC) နဲ့ ပဲစင်းငုံတို့က ဈေးအနည်းငယ်ပြန်တက်လာပါတယ်။ ညှော်မထဆန်ကလည်း ဈေးအနည်းငယ်တက်လာပြီး တခြားသီးနှံတွေဖြစ်တဲ့ မြေပဲဆန်တို့ကလည်း ဈေးတက်လာပါတယ်။

**မတ်ပဲ (FAQ/RC) ဈေးအနည်းငယ် ပြန်တက်**

ဇွန်လတတိယအပတ်မှာ ဈေးကျဆင်းနေတဲ့ မတ်ပဲကဇွန်လနောက်ဆုံးအပတ်မှာတော့ ဈေးအနည်းငယ်ပြန်တက်လာပါတယ်။ ဈေးပြန်တက်လာတယ်ဆိုပေမယ့် လက်ရှိအချိန်အထိ ရှစ်သိန်းခွဲဝန်းကျင်မှာပဲ အတက်အကျ အပြောင်းအလဲ ဖြစ်ပေါ်နေတာပဲဖြစ်ပါတယ်။

အိန္ဒိယနိုင်ငံကို အဓိကတင်ပို့နေတဲ့ ပဲဖြစ်တဲ့အတွက် အိန္ဒိယနိုင်ငံမှာ အထွက်နည်းတာနဲ့အမျှ ဈေးအပြောင်းအလဲဖြစ်ပေါ်နိုင်ပါတယ်။ အိန္ဒိယနိုင်ငံမှာ မိုးစိုက်မတ်ပဲဧရိယာလျော့နည်းနိုင်တဲ့အတွက် ဇွန်လနောက်ပိုင်းမှာ ဈေးတက်လာနိုင်တယ်လို့ခန့်မှန်းထားပေမယ့် လက်ရှိအချိန်ထိ အိန္ဒိယဈေးကွက်မှာ မြန်မာမတ်ပဲဈေးက ကျဆင်းနေဆဲ အခြေအနေပဲ ဖြစ်ပါတယ်။



မြန်မာမတ်ပဲတွေ အဝင်များနေသလို အိန္ဒိယနွေမတ်ပဲတွေ အဝင်များနေတဲ့အတွက် မတ်ပဲက ဆက်လက်ဈေးအေးနိုင်ခြေရှိတယ်လို့ Commodities Control က သုံးသပ်ထားပါတယ်။လက်ရှိမတ်ပဲပေါက်ဈေးနှုန်းမှာတစ်တန်ကို ငွေကျပ် ၈၆၅၀၀၀ ရှိပါတယ်။

**ပဲစင်းငုံဈေးအနည်းငယ်တက်**

တစ်တန်ကို ခြောက်သိန်းအောက်အထိ ဈေးကျဆင်းသွားခဲ့တဲ့ ပဲစင်းငုံက ဒီတစ်ပတ်မှာတော့ ခြောက်သိန်းအထက် ပြန်တက်လာပါတယ်။ ပြည်ပပို့ကုန်မှာ ဈေးကျဆင်းနေပေမယ့် ပြည်တွင်းမှာ နေ့စဉ်အရောင်းအဝယ် ဖြစ်နေတဲ့အတွက် တစ်တင်းကို ငွေကျပ် ၂၀၀၀၀ ဝန်းကျင်ပေါက်ဈေးရှိနေပါတယ်။အိန္ဒိယနိုင်ငံကိုလည်း မြန်မာပဲစင်းငုံတွေ တင်ပို့နေပေမယ့် အိန္ဒိယပဲကုန်သည်တွေ အဝယ်နည်းနေတဲ့အတွက် အိန္ဒိယနိုင်ငံမှာလည်း ပဲစင်းငုံကနှစ်ရာခိုင်နှုန်းခန့် ဈေးကကျဆင်းသွားခဲ့ပါတယ်။

အိန္ဒိယနိုင်ငံကို ပြည်ပပဲအဝင်များမှုကလည်း ဈေးကျဆင်းနေတဲ့ အကြောင်းတစ်ရပ်ဖြစ်ပေမယ့် ဇွန်လကုန်နောက်ပိုင်းမှာ ပဲစင်းငုံဈေးတွေ တက်လာနိုင်တယ်လို့ Commodities Control မှာ ဖော်ပြထားချက်အရသိရပါတယ်။လက်ရှိပေါက်ဈေးနှုန်းကတော့ တစ်တန်ကို ငွေကျပ် ၆၂၉၀၀၀ ပေါက်ဈေးရှိနေပါတယ်။

**ညှော်မထမိုးဆန် ဈေးတက်**

ဆန်ချောတွေက အရောင်းအဝယ်အေး ဈေးအေးနေပေမယ့် ဆန်ကြမ်းဖြစ်တဲ့ နွေဆန်၊ နွေသီးထပ်ဆန်၊ ညှော်မထဆန်တို့ကဝယ်လိုအားများပြီး ဈေးကလည်း တက်နေပါတယ်။



လက်ရှိမှာတော့ ညှော်မထဆန် တစ်အိတ်ကို ငွေကျပ် ၅၀၀ မြင့်တက်လာပြီး တစ်အိတ်ကိုငွေကျပ် ၁၇၅၀၀ ကနေ ငွေကျပ် ၁၉၀၀၀ အထိ ပေါက်ဈေးရှိနေပါတယ်။

**မြေပဲဆန်ဈေးနှုန်းများပြန်လည်မြင့်တက်**

တစ်ပိဿာကိုငွေကျပ် ၄၀၀ လောက်ထိ ဈေးကျဆင်းသွားခဲ့တဲ့ မြေပဲလုံးဆန်နီနဲ့ မြေပဲလုံးဆန်ဖြူတို့က ဒီတစ်ပတ်မှာတော့ တစ်ပိဿာကို ငွေကျပ် ၂၀၀ စီ ပြန်လည်မြင့်တက်လာခဲ့ပါတယ်။ မေလအတွင်းမှာ တစ်ပိဿာကိုငွေကျပ် ၂၆၀၀ အထိ ပေါက်ဈေးရှိခဲ့ပေမယ့် ဇွန်လပထမအပတ်က နေစပြီး ဈေးကျခဲ့တာပါ။ဒီတစ်ပတ်ပေါက်ဈေးကတော့ တစ်ပိဿာကို ငွေကျပ် ၂၃၀၀ အထိ ဈေးပြန်လည်မြင့်တက်ခဲ့ပါတယ်။

**အာလူးဈေးဆက်တိုက်ကျ**

နှစ်ပတ်ကျော်မျှ ဈေးတက်ခဲ့တဲ့ အာလူးက လက်ရှိမှာ ဈေးဆက်တိုက်ကို ကျဆင်းနေပါတယ်။ အရင်အပတ်က တစ်ပိဿာကို ၂၀ကျပ်လောက် ဈေးကျဆင်းသွားခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ တစ်ပိဿာကို ၄၀ ကျပ်လောက်ဈေးက ထပ်ကျဆင်းသွားပါတယ်။လက်ရှိအာလူးပေါက်ဈေးက တစ်ပိဿာကိုငွေကျပ် ၂၀၀ ကနေငွေကျပ် ၅၃၀ ပေါက်ဈေးရှိနေပါတယ်။

# ချောင်းရေလျှံ၍ လယ်ကွင်းများ ရေနစ်မြုပ်ပြီး မျိုးစပါးများဆုံးရှုံး

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ်အတွင်း၌ မိုးသည်းထန်ခြင်းကြောင့် ချောင်းရေလျှံကာ ကျေးရွာအချို့ရှိ လယ်ယာမြေများမှာ ရွာသွန်းသည့်မိုးရေနှင့် ချောင်းရေများ နစ်မြုပ်နေသဖြင့် စိုက်ပျိုးပြီးသားပျိုးပင်များ ပျက်စီးဆုံးရှုံးပြီး တောင်သူများအနေဖြင့် အခက်အခဲများ ကြုံတွေ့နေကြကြောင်း သိရသည်။

ချောင်းရေလျှံမှုကြောင့် ထမ္ဘကောက် ကျေးရွာအုပ်စုနှင့် ရဲရဲကန်ကျေးရွာအုပ်စုများအတွင်းရှိ တဲကြီးကုန်း၊ သောင်းမဲကြီး၊ အုတ်တွင်းကုန်း၊ ညောင်ကုန်း၊ ဇီးကုန်းနှင့် ရဲရဲကန်စသည့်ကျေးရွာများမှ လယ်မြေဧကပေါင်း ၆၀၀ ကျော်မှာ ရေဝင်နစ်မြုပ်လျက်ရှိသည်။ လယ်မြေများ ရေဝင်မှုကြောင့် ပျိုးပင်များပျက်စီး၍ ပြန်လည်စိုက်ပျိုးရသည်မှာ ယခုနှစ်တွင် နှစ်ကြိမ်ရှိပြီဖြစ်သဖြင့် တောင်သူများအနေဖြင့် မျိုးစပါးသွင်းအားစုအတွက် ကုန်ကျမှုပိုမိုများပြားကာ ဆုံးရှုံးမှုများတွေ့ကြုံနေရကြောင်း ဒေသခံတောင်သူများက ပြောသည်။

အဆိုပါ ရေဝင်နစ်မြုပ်မှုသည် ယင်းဒေသရှိ ရေဆိုးထုတ်ချောင်း ရေလျှံခြင်းကြောင့်ဖြစ်ပြီး ယခုအချိန်အထိ ရေများကျဆင်းခြင်းမရှိသေးကြောင်းလည်း ဒေသခံတောင်သူများက ဆက်လက်ပြောကြားသည်။

လယ်မြေများအတွင်းသို့ ရေလျှံကျလာသည့် ရေဆိုးထုတ်ချောင်းအတွင်းသို့ ပဲခူးရိုးမမှ စီးဆင်းလာသည့် တောင်ကျချောင်းများဖြစ်သော နွယ်ကောက်၊ သဲဖြူနှင့် သဲကုန်းကြီးချောင်းတို့ ပေါင်းစုံစီးဝင်နေကြပြီး ဒေသအတွင်း၌ အင်းမအင်းနှင့်တရားမဝင်ငါးကန်များတူးဖော် လုပ်ကိုင်နေခြင်းများကြောင့် ချောင်းရေထွက်ပေါက်ပိတ်ကာ နှစ်စဉ်ဆိုသလို ရေလွှမ်းမိုးမှုဒဏ်ကို ခံစားနေရကြောင်း ဒေသခံများ၏ ပြောကြားချက်အရ သိရသည်။

**ကိုလွင်(ဆွာ)**



စိုက်ခင်းများအတွင်း ချောင်းရေများလျှံကျ၍ စပါးများပျက်စီးနေမှုကို တွေ့ရစဉ်

# သဘာဝစိမ်းစိုရေးသာမက စီးပွားရေးအတွက်ပါ အသုံးဝင်သည့် ဝါးရွှေဝါ

**ဟိန်းထက်ဇော်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-ဇော်ဘီ၊ ဝင်းကျော်ဦး**



ဝါးပျိုးဥယျာဉ်၌ စိုက်ပျိုးထားသော ဝါးပင်ငယ်များကိုတွေ့ရစဉ်

ကမ္ဘာပေါ်တွင် ဝါးမျိုးစိတ်ပေါင်းများစွာရှိပြီး မြန်မာနိုင်ငံ၌ ဝါးမျိုးစုပေါင်း ၂၂ စု၊ ဝါးမျိုးစိတ်ပေါင်း ၁၂၀ ခန့် သဘာဝအလျောက်ပေါက်ရောက်လျက်ရှိသည်။ ပင်လယ်ရေမျက်နှာပြင် အမြင့်ပေ ၃၀၀ မှ ပေ ၂၆၀၀အကြားတွင် အများဆုံးတွေ့ရပြီး အပူချိန်ဒီဂရီဖာရင်ဟိုက်မှာ ၁၀၀ ဒီဂရီဖာရင်ဟိုက်၊ မိုးရေချိန် ၃၁ လက်မမှ ၂၅၄ လက်မ ရေမဝပ်သောမြေ၊ ဆားငန်မြေမှလွဲ၍ ရှင်သန်ပေါက်ရောက်နိုင်သည်။ ဝါးပင်သည် အခြားသော အပင်များထက် အောက်ဆီဂျင် ၃၅ ရာခိုင်နှုန်း ပိုမိုထုတ်နိုင်သည်။ မြန်မာနိုင်ငံ၏ ဝါးပင်ပေါက်ရောက်မှုနှုန်းမှာ ကမ္ဘာပေါ်တွင် တတိယအများဆုံးနိုင်ငံဖြစ်ကြောင်း လေ့လာသိရှိရသည်။ ဝါးသည် မြန်မာနိုင်ငံအနှံ့အပြား၌ သဘာဝအလျောက် ပေါက်ရောက်သည်ကိုလည်း တွေ့ရသည်။ ဝါးပင်သည် လူသားတို့အတွက် မရှိမဖြစ်လိုအပ်သော၊ လူသားတို့အတွက် မရှိမဖြစ်အသုံးဝင်သော အပင်တစ်မျိုးဖြစ်သည်။

ယနေ့တွင် ဝါးများကို အလွန်အကျွံခုတ်လှဲလာမှု၊ တောမီးလောင်ကျွမ်းမှုတို့ကြောင့် ဝါးတောများ သိသိသာသာပြုန်းတီးလာနေသည်ဟု သိရသည်။ ယခုအခါ သစ်ပင်ဝါးပင်များကို ချစ်မြတ်နိုးသူများ၊ ရာသီဥတုကို အလေးထားချစ်မြတ်နိုးသူများ၊ သဘာဝဘေးကို ကြိုတင်ကာကွယ်လိုသူများသည် သစ်ပင်ဝါးပင်များ တစ်ပိုင်တစ်နိုင်စိုက်ပျိုးစေခြင်း (သို့မဟုတ်) စီးပွားဖြစ်စိုက်ပျိုးကြရန် ပညာပေးခြင်း၊ ဝါးပင်များကို အခမဲ့ဖြန့်ဝေပေးခြင်းများ ဆောင်ရွက်နေသည်ကိုလည်း တွေ့မြင်နေရသည်။



ဝါးပေါင်းခံရည်ဖြင့်ထုတ်လုပ်ထားသည့် ဆပ်ပြာခဲတုံးများကို တွေ့ရစဉ်

ဝါးကို လူသုံးကုန်ပစ္စည်းများ၊ ပရိဘောဂများ၊ အဆောက်အအုံများအပြင် ဝါးမီးသွေး၊ ဝါးပြာတို့သည်လည်း လူသားတို့၏ ကျန်းမာရေး၊ စိုက်ပျိုးရေးတို့၌ အသုံးပြုလာသည်ကို တွေ့ရသည်။ ဝါးပင်မှရရှိသော ဝါးပေါင်းခံရည်(ဝါးနတ်ဆေးရည်)သည် ဆေးဖက်ဝင်ကြောင်း လေ့လာတွေ့ရှိရသည်။ ထို့ကြောင့် ဝါးနတ်ဆေးရည်ဟု ဝါးပင်ချစ်မြတ်နိုးသူများက တင်စားခေါ်ဝေါ်ကြသည်။

မြန်မာနိုင်ငံ ဝါးစိုက်ပျိုးရေးအသင်းနှင့် ဝေဠုကျော်ဖောင်ဒေးရှင်းတို့က ပူးပေါင်း၍ မြန်မာနိုင်ငံအနှံ့အပြား ဝါးစိုက်ပျိုးခြင်းများ၊ ဝါးနှင့်ပတ်သက်သည့် အသိပညာဗဟုသုတပေးခြင်းများ၊ ဝါးပင်များ ဖြန့်ဝေပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ဝေဠုကျော်ဖောင်ဒေးရှင်းနာယက ဦးစိုးသိမ်းက "ဖောင်ဒေးရှင်းအနေနဲ့ သဘာဝဘေး၊ ရေဘေး၊ လေဘေး၊ မီးဘေးတွေမှာ နယ်မြေအရောက် အကူအညီတွေ ထောက်ပံ့ပစ္စည်းတွေကို ပေးနေပါတယ်။ ဒီသဘာဝဘေးတွေ မဖြစ်လာအောင်၊ သဘာဝပတ်ဝန်းကျင်တွေ မပျက်စီးအောင် တစ်ဖက်ကလည်း ကြိုးစားရမယ်။ အဓိကအချက်က သစ်ပင်စိုက်ဖို့ပါပဲ။ သစ်ပင်များကို အလွန်အကျွံခုတ်တဲ့အတွက် သစ်တောတွေ ပြုန်းတီးကာ တောင်တွေ ကတုံးတွေဖြစ်လာတယ်။ တောင်တွေပြို၊ ရာသီဥတုတွေ ဖောက်ပြန်လာပြီး သဘာဝဘေးတွေနဲ့ ရင်ဆိုင်ကြုံတွေ့ရတာဖြစ်ပါတယ်။

"ဒီသစ်တောတွေကိုနှစ်အနည်းငယ်နဲ့ အမြန်ဆုံးအစားထိုးနိုင်တာ ဝါးတစ်မျိုးပဲရှိတယ်။ ဝါးပင်က ထိပ်တန်းသစ်များမှလွဲ၍ အခြားသစ်တွေနေရာမှာ အစားထိုးနိုင်ပါတယ်။ ဝါးက အခြေခံလူတန်းစားများအတွက် အိမ်ဆောက်တဲ့အခါ အသုံးဝင်တယ်။ ဝါးကို အဆင့်မြင့်နည်းပညာတွေနဲ့ ပေါင်းစပ်လိုက်ရင် အချောထည်လည်း အများကြီးလုပ်နိုင်တယ်။ အဲ့ဒီလို လုပ်နိုင်လေလေ ဝါးကအသုံးဝင်လေလေပါပဲ။

"ထိုင်းနိုင်ငံက သဘာဝဝါးပင်တွေနဲ့ အလှကုန်ပစ္စည်းတွေထုတ်ပြီး ဝင်ငွေကောင်းနေတာဟာ မြန်မာနိုင်ငံရဲ့ နေ့စဉ်မီးဖိုချောင်သုံးပစ္စည်းတွေနဲ့ ရနေကြတာ။ သူတို့မှာ ခိုင်မာတဲ့ ဈေးကွက်ရှိတယ်။ နည်းပညာအဆင့်မြင့်တယ်။ ဒါကြောင့် အင်တာနက်က နည်းပညာတွေရှာပြီး ဝါးပေါင်းခံရည်(ခ) ဝါးနတ်ဆေးရည်ကို စမ်းသပ်ထုတ်လုပ်နေပါပြီ။ ဆေးရည်ရဲ့ အာနိသင်တွေကတော့ နတ်ဘုရားကပေးတဲ့ဆေးလို့တောင် တင်စားခေါ်ဝေါ်နိုင်လောက်အောင်ကို ကောင်းလွန်းနေပါတယ်။ ဝါးမှထွက်ရှိလာတဲ့ ဝါးပေါင်းခံရည်ကို စိုက်ပျိုးရေးသုံးဇီဝရွက်ဖျန်းဆေး၊ အလှကုန်ပစ္စည်းတွေဖြစ်တဲ့ ဆပ်ပြာ(အရည်၊ အခဲ)၊ ခေါင်းလျှော်ရည်၊ ခြင်ဆေးဖျန်းဆေး စသည့်ထဲမှာ အချိုးကျပေါင်းစပ်သုံးမယ်ဆိုရင် အကျိုးရှိပါတယ်"ဟု ပြောပြသည်။

မြန်မာနိုင်ငံ ဝါးစိုက်ပျိုးရေးအသင်းဥက္ကဋ္ဌ ဦးဝင်းကျော်ဦးက "ဝါးပင်တွေကို များများစိုက်စေချင်တယ်။ ဒါမှရာသီဥတုကို နှစ်တိုတိုနဲ့ ထိန်းညှိနိုင်မယ်။ အခုဆိုရင် ဝါးနဲ့ ပတ်သက်ပြီး လူတွေစိတ်ဝင်စားလာအောင် ဝါးရဲ့အသုံးဝင်ပုံတွေ၊ စိတ်ဝင်စားသူ ဝါသနာရှင်တွေကို သင်တန်းတွေပေးနေပါတယ်။ လက်ရှိ ဝါးကနေပြီးတော့ မီးသွေးဖုတ်တဲ့အခါ ထွက်လာတဲ့အငွေ့ကို ငွေ့ရည်ဖွဲ့ပြီး စုဆောင်းခြင်းနဲ့ ဝါးပေါင်းခံရည်၊ ဝါးဗနီကာ၊ ဝါးအချဉ်ရည်အဖြစ် စမ်းသပ်ထုတ်လုပ်နေပါတယ်။ ဝါးပေါင်းခံနည်းလုပ်ရတာ အကုန်အကျသက်သာပါတယ်။ လိုအပ်တဲ့ကုန်ကြမ်း ပစ္စည်းတွေရဲ့တန်ဖိုးက တစ်သိန်းဝန်းကျင်လောက်သာကုန်ကျမယ်။ ဝါးသက်တမ်း အနည်းဆုံး ငါးနှစ်မှ အထက်ရှိတဲ့ ခပ်ရှည်ရှည် ဝါးနှစ်လုံးကို အပိုင်းပိုင်းဖြတ်ပြီး ပေါင်းခံမယ်ဆိုရင် ဝါးပေါင်းခံရည် ငါးလီတာရမှာဖြစ်ပါတယ်။ တစ်လီတာကို တစ်သောင်းနဲ့ ရောင်းလို့ရတယ်။ မည်သည့်ဝါးမဆို ပေါင်းခံလို့ရပါတယ်။ ဝါးပေါင်းခံရည်လုပ်တဲ့အခါ ဝါးမီးသွေးရမယ်။ ဝါးပြာရမယ်။

"ဒါ့အပြင် ဝါးပေါင်းခံရည် တစ်လီတာကို ရေလီတာ ၄၀၀ မှ ၆၀၀ အကြား ရောစပ်ပြီး စိုက်ပျိုးရေးအတွက် ရွက်ဖျန်းဆေးအနေနဲ့ သုံးမယ်ဆိုရင် တောင်သူတွေအတွက် အကျိုးပြုစေပါတယ်။ သစ်ပင်တွေအတွက် အားဆေး၊ အမြစ်သန်ဆေးအဖြစ် သုံးလို့ရသလို အဖျက်ပိုးမွှားတွေလည်း မလာတော့ဘဲ ပြေးကုန်ကြမှာဖြစ်ပါတယ်။ ချင်းပြည်နယ်ရှိ ကြက်သွန်စိုက်ခင်းတွေမှာ ဖျန်းကြတယ်။ အာနိသင်အနေနဲ့ ကြက်သွန်ဥ ကြီးလာတယ်။ ပိုပြီး ချိုလာတယ်။ အခြားအပင်တွေကိုလည်း အကျိုးပြုစေပါတယ်။

"ဝါးပေါင်းခံရည်မှ နောက်ထပ် ခေါင်းလျှော်ရည်ထဲကို အချိုးကျပေါင်းစပ်ပြီး စမ်းသပ်ကြည့်တဲ့အခါ ဦးရေပြားမှာရှိတဲ့ ဗောက်တွေ၊ သန်းတွေ ပျောက်စေတဲ့အပြင် ဆံကေသာကိုလည်း ပျော့ပျောင်းစေတာ တွေ့ရတယ်။ ခြင်ဆေးဖျန်းအနေနဲ့လည်း သုံးလို့ရပါသေးတယ်။ ကလေးတွေအတွက် ဘာအန္တရာယ်မှ မဖြစ်ပါဘူး။ တိရစ္ဆာန်တွေမှာရှိတဲ့ သန်းလိုမျိုးတွေလည်း နိုင်ပါတယ်" ဟု ပြောသည်။

ဝါး၏အသုံးဝင်ပုံများမှာ များပြားလွန်းလှသည်။ ယခုအခါ ဝါးမီးသွေးကို ဈေးကြီးကြီးပေးကာ စူပါမားကတ်များက ဝယ်ယူလျက်ရှိနေသည်ကို တွေ့ရသည်။ ဝါးမီးသွေး၏ အာနိသင်က အနံ့ဆိုးတွေပျောက်စေပြီး ရေဒီယိုသတ္တုကြွခြင်းကိုလည်း ကာကွယ်ပေးသည်။ သောက်ရေသန့်စက်အသေးစားများတွင် ဝါးမီးသွေးကို ကြားမှခံထားပြီး ဖြတ်သောရေကို သောက်သုံးပါက ခန္ဓာကိုယ်အတွင်း သတ္တုဓာတ်လျော့ကျစေသည်ဟု သိရသည်။ ငါးကို ဝါးမီးသွေးနှင့်ကင်ပါက ကင်ဆာကို ကာကွယ်နိုင်ကြောင်း အသင်းဥက္ကဋ္ဌထံမှ သိရသည်။

ဝါးချစ်မြတ်နိုးသူများ ကွန်ရက်တွင် ဝါးပင်ကို "အစိမ်းရောင်ရွှေ"ဟု တင်စားခေါ်ဝေါ်ကြကြောင်းလည်း သိရသည်။ ယခုအခါတွင် သစ်တောသစ်ပင်များ ပြုန်းတီးလျက်ရှိရာ ဝါးသည် အချိန်တိုအတွင်း ပေါက်ရောက်ရှင်သန်နိုင်ပြီး သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်မှုကို ရသည့်အတွက် ဝါးကို စီးပွားရေးလုပ်ငန်းများ၌လည်း အသုံးပြုနိုင်မည် ဖြစ်သည်။

ထို့ကြောင့် ဝါးကို စိုက်ပျိုးပြီး ကောင်းစွာအသုံးချတတ်ပါက အကျိုးကျေးဇူးများစွာ ရရှိမည်ဖြစ်ပေသည်။ ထို့ကြောင့် ဝါးတို့၏ သဘောသဘာဝအတိုင်း ဝါးလုပ်ငန်းလုပ်ကိုင်သူ ဝါးစိုက်ပျိုးလိုသူများ စုစည်းဖို့လိုအပ်လာပြီဖြစ်၍ ကမ္ဘာဦးအစကပင် ဖြစ်တည်လာသော ဝါးပင်၏ သဘာဝကို ကောင်းစွာအသုံးချတတ်ပါက လူနေမှုဘဝမြင့်မားလာပြီး ကောင်းမွန်သော သဘာဝပတ်ဝန်းကျင်ကို ပြန်လည်ရရှိမည် ဖြစ်ပါကြောင်း။ ။

## ဝါကို သိပ္ပံနည်းကျစိုက်နည်းစနစ်များဖြင့် စိုက်ပျိုးပါက တစ်ဧကပိဿာတစ်ထောင်နှင့်အထက် ထွက်ရှိနိုင်

**ပုလဲ ဇူလိုင် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် ဇေတီယျုံကျေးရွာနေ တောင်သူဦးခင်လှ၏ ဦးပိုင်အမှတ် ၂၄ ကွင်းအမှတ် ၉၅၄ ၌ ငွေချည် ၆တစ်ဧက၊ ငွေချည် ၉တစ်ဧကနှင့် ရွှေတောင် ၈တစ်ဧက မိုးကြိုချည်မျှင်ရှည်ဝါစိုက်ခင်း ကွင်းသရုပ်ပြပွဲကို ဇွန် ၃၀ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းရှိန်က အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်စန်းက တစ်ဧကပိဿာ ၁၀၀၀ နှင့်အထက် ထွက်ရှိရေးအတွက် သိပ္ပံနည်းကျစိုက်နည်းစနစ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်ဝင်းစိုးက ငွေချည် ၆၊ ငွေချည် ၉နှင့် ရွှေတောင် ၈ ဝါမျိုးများသည် သီးလုံးပေါက်ပိုးဒဏ်ခံနိုင်သော ဗီဇအရည်အသွေးရှိပြီး ရာသီမရွေး စိုက်ပျိုးနိုင်သောကြောင့် သိပ္ပံနည်းကျစိုက်နည်းစနစ်များဖြင့် လိုက်နာစိုက်ပျိုးမည်ဆိုပါက တစ်ဧက ပိဿာချိန် ၁၀၀၀နှင့်အထက်ထွက်ရှိစေရေးကို ရည်ရွယ်၍ မိုးကြိုချည်မျှင်ရှည်ဝါစိုက်ခင်းကွင်းပြပွဲသို့ တောင်သူများကို ဖိတ်ခေါ်ပြီး လက်တွေ့သရုပ်ပြ ရှင်းလင်းပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။



အဆိုပါ ကွင်းသရုပ်ပြပွဲသို့ ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထွန်းနှင့် ဝန်ထမ်းများ၊ ပုလဲမြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးတိုးတိုးဝင်းနှင့် ဌာနဆိုင်ရာများနှင့် စိတ်ပါဝင်စားသည့်တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မင်းခန့်စိုး(ဇေယျာမြေ)**

## ကံမမြို့နယ်၌ နွေစပါး ယှဉ်ပြိုင်စမ်းသပ်စိုက်ကွက် ရိတ်သိမ်း

**ကံမ ဇူလိုင် ၂**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ် ပွတ်စုကျေးရွာ တောင်သူ ဦးမြင့်ကြည်၏ သုံးဧကရှိသော ကွင်းအမှတ် ၁၆၅(ခ)တွင် နွေစပါးယှဉ်ပြိုင်စမ်းသပ်စိုက်ကွက် ရိတ်သိမ်းပွဲကို ဇွန် ၂၉ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ စမ်းသပ်စိုက်ကွက်မှာ သက်တမ်း ၁၂၀ ရက်ရှိသော ရတနာတိုးမျိုးစပါးကို စိုက်ပျိုးနည်းစနစ် လေးမျိုးဖြင့် ယှဉ်ပြိုင်စမ်းသပ်စိုက်ပျိုးခဲ့ခြင်းဖြစ်ပြီး SRI စိုက်နည်းစနစ်မှာ အခြား စိုက်ပျိုးနည်းစနစ်များထက် ထွက်နှုန်းပိုမိုထွက်ရှိ၍ တစ်ဧကလျှင် ၁၂၇ တင်းထွက်ရှိကြောင်း၊ စိုက်ပျိုးနည်းစနစ်များ၏လုပ်ငန်းစဉ်နှင့် အကျိုးကျေးဇူးများကိုသိရှိ၍ တောင်သူလယ်သမားများအနေဖြင့် စိုက်ပျိုးရေးနည်းပညာများ ပိုမိုတိုးတက်မြင့်မားလာပြီး မိမိတို့ရေမြေဒေသနှင့်ကိုက်ညီသည့် အထွက်တိုးစိုက်ပျိုးနည်းစနစ်ကို ရွေးချယ်စိုက်ပျိုးတတ်စေရန်ရည်ရွယ်ချက်ဖြင့် ပြသရခြင်းဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းနိုင်က ပြောကြားသည်။

**ကျော်ဇေယျဝင်း(ပြန်/ဆက်)**

ထာဝရကုသိုလ်ရယူဖို့
သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့။

# ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်တွင်းလုပ်ငန်းရှင်များမှ ပြည်ပချေးငွေရယူခြင်း

ဝင်းသော်

နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံတော်အစိုးရအနေဖြင့် စီးပွားရေးမူဘောင် (၁၂)ရပ်ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်နေသော ကာလမှာ တစ်နှစ်သက်တမ်း ကျော်လွန်ပြီးဖြစ်သည်။ အဆိုပါ တစ်နှစ်ကာလ၏ ဆောင်ရွက်မှုအခြေအနေများကိုလည်း ပြည်သူလူထုသိရှိစေရန် ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးအနေဖြင့် ရုပ်မြင်သံကြား၊ သတင်းစာများ၊ ဂျာနယ်များမှ ရှင်းလင်းချပြခဲ့သလို မီဒီယာများနှင့်တွေ့ဆုံ၍လည်း မရှင်းလင်းသည်များ၊ မေးမြန်းချက်များအပေါ် ရှင်းလင်းမှုများ ပြုလုပ်ခဲ့သည်။ နိုင်ငံတော်အစိုးရအနေဖြင့် မိမိအစိုးရသက်တမ်း ကာလအတွင်း ပြည်သူလူထု၏ အခြေခံစီးပွားရေး၊ လူမှုရေး အဆင့်အတန်းမြင့်မားရေး၊ ပညာရေးစနစ်တိုးတက်အောင် ပြုပြင်ပြောင်းလဲရေးများကို ပွင့်လင်းမြင်သာမှုအခြေခံသော အလေ့အထနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုတို့ဖြင့် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။

## ရေးဆွဲဆောင်ရွက်

နိုင်ငံတော်အစိုးရ၏ တစ်နှစ်တာအတွင်းဆောင်ရွက်မှုများစွာအနက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ၂၀၁၆ အောက်တိုဘာ ၂၄ ရက်တွင် ဒုတိယသမ္မတ(၁) ဦးဆောင်၍ ပြည်ထောင်စုဝန်ကြီး ၁၂ ဦးဖြင့် ဖွဲ့စည်းခဲ့ခြင်းမှာ တစ်ခုအပါအဝင် ဖြစ်သည်။ တိုင်းပြည်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကဏ္ဍအသီးသီးတွင် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည် မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပြီး အလွန်ကျယ်ပြန့်သည့်အတွက် လုပ်ငန်းနယ်ပယ်အားလုံးကို တစ်ပြိုင်တည်း ထည့်သွင်းရေးဆွဲဆောင်ရွက်ခြင်းမပြုနိုင်ဘဲ အများသဘောတူ ညှိနှိုင်းပြီးသည့် အရေးအကြီးဆုံး မဏ္ဍိုင်ငါးရပ်ကိုသာ မူဘောင်၏ ပထမအကြိမ် ငါးနှစ်စီမံကိန်းတွင် ထည့်သွင်းနိုင်ခဲ့ပြီး အဆိုပါကိစ္စရပ်များ အကောင်အထည်ဖော်နိုင်ရန်အတွက် အောက်ပါအတိုင်း ကော်မတီငါးရပ်ကို ဖွဲ့စည်းခဲ့သည်။

(က) အခြေခံလူသားအရင်းအမြစ် တည်ဆောက်ရေးကော်မတီ၊

(ခ) ငွေကြေးရရှိစေနိုင်မှုဆိုင်ရာများ ဆောင်ရွက်ရေးကော်မတီ၊

(ဂ) ဥပဒေနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာဝန်းကျင် တိုးတက်ကောင်းမွန်စေရေးကော်မတီ၊

(ဃ) ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေးကော်မတီ၊

(င) စီးပွားရေးနှင့် ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများတွင် နိုင်ငံတော်၏အခန်းကဏ္ဍအား ပြန်လည်ရေးဆွဲရေးကော်မတီ။

အဆိုပါကော်မတီများတွင် ငွေကြေးရရှိစေနိုင်မှု ဆိုင်ရာများ ဆောင်ရွက်ရေးကော်မတီ(Access to Finance) သည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ၎င်း၏လုပ်ငန်းတာဝန်များအား ရှည်လျားစွာ ရှင်းပြမနေတော့ပါ။ အဓိကအားဖြင့် လုပ်ငန်းရှင်များ(အကြီး၊ အသေး)အားလုံး လိုအပ်နေသော ငွေကြေးအရင်းအနှီးရရှိစေရေး ကိစ္စများအပေါ် သုံးသပ်၍ လိုအပ်ချက်များအား ပံ့ပိုးရန်ဖြစ်သည်။ လက်တွေ့ဆောင်ရွက်မှု ဖြစ်နိုင်စေရန် စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးသည် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဌာန ညွှန်ကြားရေးမှူးချုပ်သည် ဒုတိယဥက္ကဋ္ဌ၊ ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်သည် အတွင်းရေးမှူးဖြစ်ပြီး အဖွဲ့ဝင်ထဲတွင် မြန်မာနိုင်ငံဘဏ်များအသင်း အတွင်းရေးမှူးလည်း ပါဝင်သည်။

## ထည့်သွင်းဆွေးနွေး

ငွေကြေးရရှိစေနိုင်မှုဆိုင်ရာများဆောင်ရွက်ရေးကော်မတီအနေဖြင့် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)တွင် လစဉ် တစ်ကြိမ်ထက်မနည်း အစည်းအဝေးပြုလုပ်ပြီး တင်ပြချက်၊ ဆွေးနွေးချက်၊ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုများကို ဗဟိုကော်မတီ၏ လစဉ်အစည်းအဝေးတွင် တင်ပြရသည်။ လက်တွေ့ကျသော တင်ပြမှုများအနက် လတ်တလောဖြေရှင်းပေးနိုင်သော ကိစ္စရပ်များကို ချက်ချင်း ဖြေရှင်းဆောင်ရွက်သည်။ ငွေကြေးရရှိစေနိုင်ရုံသာမက ငွေကြေးရရှိစေရေး ဆောင်ရွက်နေမှုများအတွက် မလိုအပ်သော ကုန်ကျစရိတ်၊ အခွန်နှုန်းထား၊ သယ်ယူပို့ဆောင်စရိတ်များမြင့်မားခြင်းနှင့်ပတ်သက်၍ စည်းကမ်းဘောင်နှင့်အညီ ထိုက်သင့်သလိုလျှော့ပေးရန်လည်း ထည့်သွင်းဆွေးနွေး ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် လုပ်ငန်းများတိုးချဲ့လုပ်ကိုင်ရန် ငွေကြေးအရင်းအမြစ်ရရှိနိုင်သော နည်းလမ်းများအနက် ချေးငွေဖြင့်ဖြည့်ဆည်းသော အပိုင်းကဏ္ဍ၌ ပြည်တွင်းပုဂ္ဂလိကဘဏ်များထံမှ ချေးယူခြင်းနှင့်ပြည်ပရှိ ဘဏ်၊ ငွေရေးကြေးရေးအဖွဲ့အစည်းများထံမှ ချေးယူခြင်းဟူ၍ နှစ်ပိုင်းရှိသည်။ အဆိုပါကိစ္စရပ်နှစ်ခုလုံးသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ဆက်စပ်ပတ်သက်လျက် ရှိသည်။ ပြည်တွင်းချေးငွေ ရယူဆောင်ရွက်ရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာနမှ ထုတ်ပြန်ထားသော ဥပဒေ၊ စည်းမျဉ်း၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရသည်။ အခြေခံအားဖြင့် ချေးငွေထုတ်ချေးမည့်ဘဏ်၊ ငွေရေးကြေးရေးအဖွဲ့အစည်းတို့၏ ချေးငွေစိစစ်ရေးအဖွဲ့မှ လုပ်ငန်း၏ ဝင်ငွေ-ထွက်ငွေ စာရင်းကို အခြေခံ၍ အမြတ်အစွန်းသေချာမှု၊ တိုးတက်မှုအလားအလာ၊ ဆုံးရှုံးနိုင်ခြေ၊ အခွန်ပေးဆောင်ထားမှု စသည်တို့ကို စိစစ်ရသည်။ သတ်မှတ်ချက်များကိုက်ညီ၍ ချေးငှားရန်သင့်လျော်သည်ဟု အဖွဲ့ကလက်ခံလျှင် အပေါင်ပစ္စည်းယူ၍ဖြစ်စေ၊ အပေါင်ပစ္စည်းမဲ့ဖြစ်စေ သက်ဆိုင်ရာဘဏ်က ချေးငှားပေးမည်ဖြစ်သည်။ သက်တမ်းကာလ အများဆုံး တစ်နှစ်ဖြစ်ပြီး အတိုးနှုန်းမှန်မှန်ပေးပါက၊ လုပ်ငန်းအခြေအနေ ပုံမှန်ဖြစ်ပါက သက်တမ်းတိုးခြင်းကို ဆက်လက်ဆောင်ရွက်နိုင်သည်။ ပြည်တွင်းဘဏ်၏အတိုးနှုန်းသည် တစ်နှစ်လျှင် ၁၃ ရာခိုင်နှုန်းဖြစ်ပြီး သုံးလတစ်ကြိမ် အတိုးပေးသွင်းရသည်။ ဤသည်ကား ပြည်တွင်းဘဏ်မှ ငွေချေးငှားသည့်စနစ် ဖြစ်သည်။

## အခွင့်အရေးနည်းပါး

UMFCCI အစည်းအဝေးတက်ရောက်စဉ် လုပ်ငန်းရှင်များက ပြည်တွင်းလုပ်ငန်းများ၊ ကုမ္ပဏီများကို ပြည်ပချေးငွေ (နိုင်ငံခြားချေးငွေ)ချေးခွင့်ပြုပါရန် တင်ပြလာပါသည်။ ပြည်တွင်းဘဏ်များတွင် ချေးငွေရယူပါက လုပ်ငန်းကြီးများကိုသာ ထုတ်ချေးကြောင်း၊ အပေါင်ပစ္စည်းများ ရယူကြောင်း၊ အပေါင်ပစ္စည်းအဓိကထားပြီး အပေါင်ပစ္စည်းပေးနိုင်သော ငွေကြေးရှိသောသူများကိုသာ ချေးငှားခြင်းဖြစ်ကြောင်း၊ ဆက်စပ်ပတ်သက်သူနှင့် ၎င်း၏ Group Companies ကိုသာ ထုတ်ချေးသဖြင့် လိုအပ်သော လုပ်ငန်းရှင်များအတွက် အခွင့်အရေးနည်းပါးကြောင်း၊ ချေးငွေရယူရန် ခက်ခဲကြောင်း၊ သို့ဖြစ်၍ ပြည်ပဘဏ်များမှချေးငှားရန် ခွင့်ပြုသင့်ကြောင်း၊ ဗဟိုဘဏ်မှ ဆောင်ရွက်ပေးသင့်ကြောင်း ဆွေးနွေးတင်ပြကြသည်။

ဗဟိုဘဏ်အနေဖြင့် လက်ရှိအခြေအနေတွင် ချေးငွေဆိုင်ရာ ကန့်သတ်ထားခြင်းမရှိကြောင်း၊ မိမိအား ပြည်ပမှ ချေးငှားပေးမည့် အဖွဲ့အစည်း ဘဏ်ရှိပါက မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ နှစ်ဦးသဘောတူစာချုပ်နှင့်အတူ တင်ပြရမည်ဖြစ်ကြောင်း၊ ဗဟိုဘဏ်အနေဖြင့် ချေးငွေဆိုင်ရာ သတ်မှတ်ထားသော အချက်အလက်များ ကိုက်ညီမှုရှိပါက ခွင့်ပြုလျက်ရှိကြောင်း ဖြေကြားခဲ့သည်။ အဆိုပါ သတင်းအချက်အလက်များကို ပြည်သူလူထု၊ လုပ်ငန်းရှင်များ ကျယ်ပြန့်စွာ သိရှိနိုင်ရန် ဤဆောင်းပါးကို ရေးရခြင်းဖြစ်ပါသည်။

ဤနေရာတွင် ပြည်ပချေးငွေရယူရန် ဆောင်ရွက်သောလုပ်ငန်းစဉ်များအနေဖြင့် ပြည်တွင်း၌ ဆောင်ရွက်သကဲ့သို့ပင် သက်ဆိုင်ရာဘဏ်က ပြည့်စုံရမည့်အချက်များကို မလွဲမသွေ စိစစ်မည်ဖြစ်သည်။ အဆိုပါစိစစ်ချက်သည် ပြည်တွင်းဘဏ်များက စစ်ဆေးသည်ထက် ပိုမိုစေ့စပ်သေချာသော အသေးစိတ် စိစစ်သော အခြေအနေဖြစ်ပါမည်။

## စိစစ်ခွင့်ပြုပေး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဌာနသည် နိုင်ငံတော်အတွင်း စီးဝင်၊ စီးထွက်သော နိုင်ငံခြားငွေများကို စိစစ်ခြင်း၊ နိုင်ငံခြားငွေကြေး ရောင်းဝယ်မှုများနှင့် ဆက်စပ်၍ နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင် A.D လိုင်စင်နှင့် နိုင်ငံခြားငွေများ ဝယ်ယူရောင်းချလဲလှယ်ပေးသည့် လုပ်ငန်းလိုင်စင် M.C လိုင်စင်များ ထုတ်ပေးခြင်း၊ နိုင်ငံခြားငွေဈေးနှုန်းများ သတ်မှတ်ခြင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများကို စိစစ်မှတ်တမ်းတင်ခြင်း၊ ပြည်ပချေးငွေများ ရယူလိုမှုကို စိစစ်၊ ခွင့်ပြုပေးခြင်းများ ဆောင်ရွက်သည်။

ပြည်ပမှချေးငွေ ရယူလိုသူများအနေဖြင့် မည်သို့သော အဆင့်များ ဆောင်ရွက်ရမည်၊ မည်သို့သောအချက်များ ပြည့်စုံရမည်၊ မည့်သည့်လုပ်ငန်းအမျိုးအစားမျိုး၊ မည်မျှငွေပမာဏအထိ ရယူနိုင်သည် စသည့် အချက်အလက်များကို အသိပေး ရှင်းလင်းတင်ပြလိုပါသည်။ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် ပြည်တွင်းကုမ္ပဏီလုပ်ငန်းရှင်များအား ပြည်ပမှချေးငွေယူဆောင်ခွင့် ပြုထားသဖြင့် **နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ(၂၉-က)တွင် "ပြည်တွင်း၌နေထိုင်သူသည် ပြည်ပမှ ချေးငွေရယူရာ၌ ငွေသားဖြင့်ဖြစ်စေ၊ ပစ္စည်းဖြင့်ဖြစ်စေ ချေးယူခြင်းတို့ကို ဗဟိုဘဏ်၏ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်"ဟု ဖော်ပြထားသည်။ ထို့အတူ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုစည်းမျဉ်း စာပိုဒ်(၄၈)တွင် "ပြည်တွင်း၌နေထိုင်သူသည် ပြည်ပမှ ချေးငွေများရယူခြင်း သို့မဟုတ် ပြည်ပမှ အခြားနည်းလမ်းများဖြင့် ချေးငှားခြင်း သို့မဟုတ် ချေးငွေရယူခြင်း သို့မဟုတ် ချေးယူရယူခြင်းကဲ့သို့သော စာရွက်စာတမ်း အထောက်အထားတို့ကို ဆောင်ရွက်သည့်အခါတိုင်း ဗဟိုဘဏ်က အခါအားလျော်စွာထုတ်ပြန်သည့် ညွှန်ကြားချက်များနှင့်အညီ ကြိုတင် ခွင့်ပြုမိန့်တောင်းခံရယူရမည်"**ဟု ဖော်ပြထားပြီး ဗဟိုဘဏ်၏ ကြိုတင်ခွင့်ပြုချက်ရယူရန် လိုအပ်သည်။

## တရားဝင်ဖော်ပြ

ကြိုတင်တောင်းခံရာတွင် လိုက်နာရမည့်အချက်များအား ပုဒ်မ(၄၉)၊၅၀၊၅၁ နှင့် ၅၂တို့တွင်ဆက်လက်ဖော်ပြထားသည်။ သို့ဖြစ်ပါ၍ ပြည်တွင်းနေထိုင်သူများအား ပြည်ပချေးငွေ ချေးယူခွင့်မှာ ဥပဒေအရ ပါဝင်ပြီးဖြစ်သောကြောင့် လုပ်ငန်းရှင်များအနေဖြင့် မိမိလုပ်ငန်းနှင့်ဆက်စပ်သော ဥပဒေ စည်းမျဉ်းများကို လေ့လာရန် လိုအပ်သည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ပြည်ပချေးငွေများရယူရာတွင် လိုအပ်သော၊ အဓိကကျသော အချက်များကို www.cbm.gov.mm တွင် တရားဝင်ဖော်ပြထားသည်။

ပြည်ပနိုင်ငံရှိ ဘဏ် သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်းများထံမှ ချေးငွေရယူရန် အစီအစဉ်ရှိပါက ပထမဆုံးအနေဖြင့် ရယူလိုသော Borrower သည် မိမိအား ချေးငွေထုတ်ချေးမည့်သူ Lender (ပြည်ပဘဏ် / နိုင်ငံတကာ ငွေရေးကြေးရေးအဖွဲ့အစည်းများ / ကုမ္ပဏီများ)အား မိမိအစီအစဉ်ဖြင့် ချိတ်ဆက် / ဆက်သွယ်ရှာဖွေရမည် ဖြစ်သည်။ ယခုအခါ နိုင်ငံခြားဘဏ်ခွဲ ၁၃ ဘဏ်အား ဖွင့်လှစ်ခွင့်ပြုထားသဖြင့် ၎င်းတို့ထံ စုံစမ်းလေ့လာ ချိတ်ဆက်နိုင်သည်။ အဆိုပါနိုင်ငံခြားဘဏ်ခွဲများမှ လတ်တလော အခြေအနေတွင် ပြည်တွင်းလုပ်ငန်းများအား ချေးငှားခွင့်မပြုသေးပါ။ သို့သော် အဆိုပါဘဏ်ခွဲ၏ Head Office ဖြစ်စေ၊ အခြားနိုင်ငံရှိ ဘဏ်ခွဲမှဖြစ်စေ ချေးငှားပေးခြင်းကို ဆောင်ရွက်နိုင်သည်။

အဆိုပါ ချေးငွေထုတ်ချေးပေးမည့် Lender က ချေးငွေရယူလိုသော ကုမ္ပဏီအား ချေးငွေပေးအပ်ရန် သင့် မသင့်၊ ပြည့်စုံခိုင်မာမှု ရှိ မရှိ စိစစ်ရာတွင် အဓိကမှာ Annual Report / Audited Report ဖြစ်သည်။ ၎င်းကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှုအား စိစစ်၍ အမြတ်အစွန်းရနိုင်စွမ်းအခြေအနေ၊ နိုင်ငံတော်သို့ အခွန်ပေးဆောင်ထားခြင်း ရှိ / မရှိ၊ ၎င်း၏ Group Compaines များရှိက ၎င်းကုမ္ပဏီများ၏ လုပ်ငန်းအခြေအနေကိုပါ စိစစ်သည်။ နိုင်ငံခြားဘဏ်များ၏ စိစစ်မှုသည် ပြည်တွင်းပုဂ္ဂလိကဘဏ်များတွင် စိစစ်သောအချက်များကိုပင် အခြေခံပြီး အဓိက စစ်ဆေးပါသည်။

မည်သို့ပင်ဖြစ်စေ အထက်ပါအဆင့်ကျော်လွန်၍ နိုင်ငံခြားဘဏ် / အဖွဲ့အစည်းက ပြည်တွင်းကုမ္ပဏီအား လက်ခံနိုင်ဖွယ်အဆင့် သတ်မှတ်ပြီဆိုပါက ပထမအဆင့်အောင်မြင်ပြီဆိုရပါမည်။ ဒုတိယအဆင့်အနေဖြင့် ငွေပမာဏ မည်မျှချေးမည်၊ ၎င်းချေးငှားမည့်ငွေအား မည်သည့် နိုင်ငံခြားသုံးငွေများရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်း လိုင်စင်ရဘဏ်(A.D ဘဏ်)က Bank Gurantee/Standby Letter of Credit ပေးမည်ဟူသော အဆင့်ကို ဆက်လက်ဆောင်ရွက်ရပါမည်။ အဘယ်ကြောင့်ဆိုသော် ပြည်ပငွေချေးသူအနေဖြင့် ပြည်တွင်းကုမ္ပဏီ၏ ပြန်လည်ပေးဆပ်ရန် ပျက်ကွက်မှုရှိပါက ဆုံးရှုံးမှုမရှိစေရန် အာမခံချက် လိုအပ်ပါသည်။ အာမခံပစ္စည်းသည် မရွှေ့ပြောင်းနိုင်သောပစ္စည်း(မြေ)ဖြစ်ခဲ့ပါက နိုင်ငံခြားသား ပိုင်ဆိုင်ခွင့်မရှိခြင်းကြောင့် ပြည်တွင်း A.D လိုင်စင်ရဘဏ်၏ အာမခံချက် တောင်းခံ / လိုအပ်ရခြင်းဖြစ်သည်။ အချို့သော Lender ငွေထုတ်ချေးမည့်သူများအနေဖြင့် A.D လိုင်စင်ရဘဏ်များ၏ အာမခံချက်ဖြင့် ငွေထုတ်ချေးသကဲ့သို့ အချို့အဖွဲ့အစည်းများအနေဖြင့် ချေးငွေရယူလိုသောကုမ္ပဏီ၏ လုပ်ငန်းများ(သို့မဟုတ်) လုပ်ငန်းခွဲများကို အာမခံအဖြစ် ရယူခြင်း၊ ကုမ္ပဏီ၏ လုပ်ငန်းလည်ပတ်မှုနှင့် ရှေ့အလားအလာ၊ လူပုဂ္ဂိုလ်၏ဂုဏ်သိက္ခာတို့အပေါ် မူတည်၍ ချေးငွေထုတ်ချေးသည်။

## ခွင့်ပြုချက်ယူရမည်

အဆိုပါ ဒုတိယအဆင့် ကျော်ဖြတ်ပြီးပါက ပြည်ပချေးငွေရယူမည့်သူနှင့် ပြည်ပချေးငွေ ထုတ်ချေးမည့်သူတို့အကြား သဘောတူညီချက်ရပြီးပါက နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေနှင့်အညီ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ တင်ပြ၍ ခွင့်ပြုချက် ရယူရမည်ဖြစ်သည်။ ထိုသို့ရယူရာတွင် အောက်ဖော်ပြပါအချက်များ တင်ပြရန်လိုအပ်သည်။

(က) ချေးငွေရယူရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရုံးအမှတ်(၅၅)၊ နေပြည်တော်သို့ လိပ်မူထားသည့် လျှောက် ထားလွှာ၊

(ခ) ကုမ္ပဏီဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများ (ကုမ္ပဏီမှတ်ပုံတင်လက်မှတ်၊ Form VI ၊ Form XXVI ၊ သင်းဖွဲ့စည်းမျဉ်း၊ သင်းဖွဲ့မှတ်တမ်း)

(ဂ) အစိုးအသိအမှတ်ပြု စာရင်းစစ်အဖွဲ့မှ အတည်ပြုထားသော ကုမ္ပဏီ၏သက်ဆိုင်ရာဘဏ္ဍာနှစ်နှင့် အနီးစပ်ဆုံး နှစ်ချုပ်စာရင်း၊

(ဃ) ချေးငွေဆိုင်ရာအချက်အလက်များ (ချေးငွေပမာဏ၊ အတိုးနှုန်း၊ ချေးငွေသက်တမ်းနှင့် ချေးငွေပြန်လည်ပေးဆပ်မည့်အစီအစဉ်တို့ အပါအဝင်) ပြည့်စုံစွာ ပါရှိသည့် ချေးငွေစာချုပ် (မူကြမ်း)၊

(င) ချေးငွေစာချုပ်ပါ ပြန်ဆပ်ရန်ကာလ Tenure သည် နှစ်လတ် သို့မဟုတ် နှစ်ရှည်ကာလဖြစ်ရန်၊

(စ) သက်ဆိုင်ရာကုမ္ပဏီအနေဖြင့် ပြည်ပ(သို့မဟုတ်) ပြည်ပနှင့်ဖက်စပ် ကုမ္ပဏီဖြစ်ပါက ရင်းနှီးမြှုပ်နှံငွေ (Equity) ပမာဏ အနည်းဆုံး အမေရိကန်ဒေါ်လာ ၅၀၀၀၀၀ ထည့်ဝင်ပြီးသည့် လုပ်ငန်းဖြစ်ရန်၊

(ဆ) MIC ခွင့်ပြုချက်ဖြင့်ဆောင်ရွက်သော လုပ်ငန်းများအတွက် Equity Brought-in အနည်းဆုံး ၈၀ ရာခိုင်နှုန်း ရှိရန်နှင့် DICA ခွင့်ပြုချက်ဖြင့်ဆောင်ရွက်သော လုပ်ငန်းများအတွက် အနည်းဆုံးသတ်မှတ်ချက်အား လုပ်ငန်းအမျိုးအစား၊ ရင်းနှီးမတည်ငွေပမာဏများအပေါ် မူတည်၍ သတ်မှတ်ရန်၊

(ဇ) Debt to Equity Ratio သည် ချေးငွေသတ်မှတ်ချက်ဘောင်ဖြစ်သည့် အနည်းဆုံးယူဆောင်ရမည့် Equity မှာ ၃ း၁ နှင့် ၄း၁ အတွင်းရှိရန်၊

(ဈ) ပြည်ပချေးငွေရယူသူသည် ချေးငွေပြန်လည်ပေးဆပ်ရန်အတွက် နိုင်ငံခြားငွေ မည်သို့ရရှိနိုင်မည် / နိုင်ငံခြားငွေ ပုံမှန်မရရှိပါကလည်း ပြည်တွင်းရငွေဖြင့် လုံလောက်စွာ ပြန်လည်ပေးဆပ်နိုင်ကြောင်းနှင့် ဖြစ်ပေါ်လာနိုင်သည့် ငွေလဲလှယ်နှုန်းအတက်အကျကို ကာကွယ်နိုင်မည့် အစီအစဉ်များ မည်သို့ထားရှိရမည်။

ဤနေရာတွင် မိမိနိုင်ငံရှိ ပြည်တွင်းကုမ္ပဏီများ ကြုံတွေ့ရသော အခက်အခဲမှာ ထည့်ဝင်ပြီးမတည်ငွေ လွန်စွာနည်းပါးပါက ချေးငှားလိုသောပမာဏကို ချေးငှားခွင့်ပြုနိုင်မည်မဟုတ်ပါ။ လုပ်ငန်း၏ ပမာဏကြီးမားမှု၊ အောင်မြင်မှု၊ ရှေ့အလားအလာကောင်းမွန်မှု စသည့်အချက်များ ပြည့်စုံသော်လည်း အခွန်ဆောင်မှုနည်းပါးခြင်း၊ ထည့်ဝင်ပြီး မတည်ငွေ ဒေါ်လာတစ်သိန်းခန့်ပင် မရှိခြင်း၊ Financial Report မရှိခြင်း၊ အချို့လုပ်ငန်းများသည် တရားဝင်အသိအမှတ်ပြု စာရင်းစစ်ဆေးမှု အစီရင်ခံစာမရှိခြင်း စသည့်အချက်များသည် ပြည်ပချေးငွေရယူရန် ဆောင်ရွက်သည့်အခါ ပြည့်စုံမှုမရှိသော / လက်ခံနိုင်ဖွယ်မရှိသော အခြေအနေကို ကြုံတွေ့ရသည်။ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် မတည်ရင်းနှီးငွေ၏ ၃း၁ နှင့် ၄း၁ သာ ခွင့်ပြုမည်ဖြစ်သဖြင့် လိုငွေပမာဏကို ပြည့်ဝစွာ ရရှိနိုင်မည်မဟုတ်ပါ။

သို့ဖြစ်၍ ပြည်တွင်းကုမ္ပဏီများအနေဖြင့် နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ မှတ်ပုံတင်ခြင်း၊ အခွန်ပေးဆောင်ခြင်း၊ နှစ်စဉ် ဘဏ္ဍာရေးအစီရင်ခံစာ ပြုစုခြင်း၊ စာရင်းစစ်ဆေးခြင်း စသည့် လုပ်ငန်းတစ်ခု၏ လုပ်သင့်သော ပြည့်စုံရမည့်အချက်များ ဆောင်ရွက်ထားရန် လိုအပ်သည်။

ဗဟိုဘဏ်ကသတ်မှတ်သော အချက်အလက်များနှင့် ကိုက်ညီမှုမရှိခြင်းကြောင့်မဟုတ်ဘဲ ပြည်ပနိုင်ငံမှ ချေးငွေချေးယူနိုင်သော အဆင့်သတ်မှတ်နိုင်သည့် စံချိန်မမီသော

စာမျက်နှာ ၂၀ သို့

စာမျက်နှာ ၁၉ မှ

ကုမ္ပဏီမှာ ၉၀ ရာခိုင်နှုန်းကျော်ဖြစ်သဖြင့် ဗဟိုဘဏ်သို့ လျှောက်လွှာတင်ခွင့်ပြုချက် ရယူနိုင်သောကုမ္ပဏီမှာ လွန်စွာနည်းပါးသည့် အခြေအနေကိုလည်း စိစစ်တွေ့ရှိ ရသည်။ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် စိစစ်ရာတွင် ပြည်တွင်းကုမ္ပဏီ၏လုပ်ငန်းမှ ဝင်ငွေရလမ်းသည် ပြန်လည်ပေးဆပ်နိုင်သည့် အခြေအနေရှိသောလုပ်ငန်းဖြစ်ပါက ဦးစားပေးခွင့်ပြုသည်။ ပြည်တွင်း မြန်မာကျပ်ဖြင့်ပင် ဝင်ငွေရရှိသောလုပ်ငန်းဖြစ်ပါက ပုံမှန်ရရှိသောအမြတ်ငွေသည် ရယူသော ချေးငွေ၏ အတိုးနှုန်းကို ကာမိခြင်း ရှိ/မရှိ၊ အမေရိကန်ဒေါ်လာဈေးနှုန်း (Exchange Rate) အတက်အကျအတွက် ကြိုတင်စီစဉ်ထားသည့် Risk Management Plan ရှိ /မရှိ၊ ချေးငွေ၏အတိုးနှုန်းသည် ဖြစ်သင့်သော၊ သက်သာသောအတိုးနှုန်း ဟုတ်/မဟုတ်၊ ချေးငွေကာလသည် အနည်းဆုံး သုံးနှစ်ရှိမှသာ ခွင့်ပြုနိုင်ရေးတို့ကို ဆောင်ရွက်သည်။

အဆိုပါအချက်သည် ပြည်ပချေးငွေကို ပြည်တွင်းကုမ္ပဏီများက ချေးငှားခွင့်ရှိသည်ဟူသော ဥပဒေကို သိရှိနားလည်မှု မရှိခြင်းနှင့် ပြည်တွင်းကုမ္ပဏီများအနေဖြင့် ပြည်ပချေးငွေရယူနိုင်သော အခြေအနေ အချက်အလက်များ ကိုက်ညီပြည့်စုံမှု မရှိခြင်းများကြောင့်ပင် ဖြစ်သည်။ ၂၀၁၇ မေ ၂၈ ရက်အထိ ဗဟိုဘဏ်အနေဖြင့် ခွင့်ပြုပြီးချေးငွေ စုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၆၇၆၁ ဒသမ ၈၁ သန်း၊ ယူရို ၁၀ ဒသမ ၉ သန်း၊ စင်ကာပူဒေါ်လာ နှစ်သန်း၊ ဂျပန်ယန်း သန်း ၅၀၀ ဖြစ်သည်။ ရာခိုင်နှုန်းအားဖြင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍအတွက် ၄၆ ဒသမ ၂၂ ရာခိုင်နှုန်း၊ ကုန်ပစ္စည်း ထုတ်လုပ်ဖြန့်ဖြူးခြင်းအတွက် ၃၀ ဒသမ ၈၃ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုလုပ်ငန်းများအတွက် ၉ ဒသမ ၀၄ ရာခိုင်နှုန်း၊ ဘဏ်လုပ်ငန်း အတွက် ၆ ဒသမ ၈၁ ရာခိုင်နှုန်း၊ ဆောက်လုပ်ရေးကဏ္ဍအတွက် ၅ ဒသမ ၃၈ ရာခိုင်နှုန်း၊ အသေးစားချေးငွေလုပ်ငန်းများအတွက် ၁ ဒသမ ၀၉ ရာခိုင်နှုန်းနှင့် ကုန်သွယ်ရေး အတွက် ၀ ဒသမ ၆၃ ရာခိုင်နှုန်း အသီးသီးဖြစ်ကြသည်။ အဆိုပါချေးငွေ အများစုမှာ ၁၀၀ ရာခိုင်နှုန်း နိုင်ငံခြားရင်းနှီးမှုလုပ်ငန်း၊ နိုင်ငံခြားနှင့် ဖက်စပ်ဆောင်ရွက်သည့်လုပ်ငန်းများက ၎င်းတို့၏ မိခင်ကုမ္ပဏီထံမှလည်းကောင်း၊ အစုရှယ်ယာဝင် အချင်းချင်းထံမှလည်းကောင်း ချေးယူခြင်းဖြစ်သကဲ့သို့ ဘဏ်များ၊ နိုင်ငံတကာအဖွဲ့အစည်းများထံမှ ချေးယူခြင်းများလည်း ပါဝင်သည်။

**ရှာဖွေဖြည့်ဆည်းလျက်ရှိ**

အထက်တွင် တင်ပြထားသကဲ့သို့ နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ပုဂ္ဂလိကကဏ္ဍမှာ အထူးအရေးပါသော ကဏ္ဍဖြစ်သောကြောင့် ယင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်း ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို ပံ့ပိုး နိုင်ရန် နိုင်ငံတော်အစိုးရနှင့် တာဝန်ရှိသူများဘက်က ပံ့ပိုးနိုင်မည့်နည်းလမ်းများ ရှာဖွေဖြည့်ဆည်းလျက်ရှိသည်။ ပြည်တွင်းကုမ္ပဏီများဘက်က နိုင်ငံတကာချေးငွေ ရယူလိုလျှင် နိုင်ငံတကာဘဏ်များက သတ်မှတ်ထားသော စံနှုန်းများဖြင့် လိုက်လျော ညီထွေဖြစ်မှသာ ပြည်ပချေးငှားမည့်သူက လက်ခံမည်ဖြစ်သည်။ ဗဟိုဘဏ်အနေဖြင့် ပြည်ပနှင့်သဘောတူပြီးသော ပြည်ပချေးငွေကိစ္စရပ်များအပေါ် သတ်မှတ်ချက်များ နှင့် ညီ/မညီ စိစစ်ခြင်း၊ အောင်မြင်ပြီး မြောက်စေရေးနှင့် လိုအပ်ချက်များပြည့်စုံစေရန် လိုအပ်သောအကြံဉာဏ်ပေးခြင်းများဖြင့်လည်း ပြည်ပချေးငွေများ အဆင်ပြေချောမွေ့စွာ ချေးယူနိုင်စေရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါသည်။ ။

## မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပ

**ပူတာအို ဇူလိုင် ၂**

ပူတာအိုမြို့ အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ ဇွန်လနောက်ဆုံးပတ်ကကျင်းပခဲ့ရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအုန်းသန်းက အမှာစကားပြောကြားပြီး ထို့နောက် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ၊ ပြစ်မှုပြစ်ဒဏ်များ၊ မူးယစ်ဆေး၏ ဆိုးကျိုးများ၊ မူးယစ်ဆေးဝါး ဖမ်းမိမှုများကို တာဝန်ရှိသူများက ကဏ္ဍအလိုက် အသိပညာပေး ဟောပြောကြပြီး မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပန်းချီ၊ ကာတွန်း၊ စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ကာ အခမ်းအနားတွင် ခရိုင်ပြန်/ဆက်ဦးစီးဌာနက ခင်းကျင်းပြသထားသော မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးပြခန်းများကို တက်ရောက်သူများက လေ့လာကြည့်ရှုခဲ့သည်။

(ခရိုင် ပြန်/ဆက်)



မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံး (ဗဟို)၏ စည်းမျဉ်းစည်းကမ်း ၁၀ ချက် ထပ်ဆင့်ရှင်းလင်းပွဲကို ပြည်မြို့ သဘင်ပညာရှင်များအဆောက်အအုံ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး သဘင်ပညာရှင်များအစည်းအရုံး ဒုဥက္ကဋ္ဌ ဦးမြင့်စိုး ရှင်းလင်းပြောကြားစဉ် (ခရိုင် ပြန်/ဆက်)

## အိမ်တွင်းမှုသက်မွေးပညာသင်တန်းဆင်းသူများအား အပ်ချုပ်စက်တစ်လုံးစီထောက်ပံ့ပေး

**မြစ်ကြီးနား ဇူလိုင် ၂**

မြစ်ကြီးနားမြို့ ရှမ်းစုမြောက်ရပ်ကွက်ရှိ အမျိုးသမီးအိမ်တွင်းမှု အသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ အဆင့်မြင့် စက်ချုပ်မွမ်းမံသင်တန်းဆင်းပွဲကို ဇွန် ၃၀ ရက်က ကျင်းပခဲ့ပြီး သင်တန်းဆင်းသည့် သင်တန်းသူများအား အပ်ချုပ်စက် တစ်လုံးစီကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

သင်တန်းဆင်းပွဲတွင် ကချင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်က သင်တန်းဖွင့်လှစ်ခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီး ဒေါက်တာဂျေကော့ဘူက သင်တန်းတွင် ထူးချွန်စွာအောင်မြင်ခဲ့သော သင်တန်းသူများအား ဆုများပေးအပ်သည်။ ထို့နောက် ကချင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ၏ ဇနီးနှင့် တာဝန်ရှိသူများက သင်တန်းသူ ၄၈ ဦးအား တစ်ဦးလျှင် ကျပ် ၁၄၅၀၀၀ တန်ဖိုးရှိ အပ်ချုပ်စက်တစ်လုံးစီတို့ကို ထောက်ပံ့ပေးအပ်ခဲ့ပြီး လူမှုရေးဝန်ကြီးက အင်္ကျီချုပ်ရာတွင် အသုံးပြုမည့် ပိတ်စများကို ထောက်ပံ့ပေးအပ်ကာ ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်စိုးက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။




အဆိုပါသင်တန်းကို အမျိုးသမီးအိမ်တွင်းမှုအသက်မွေးပညာသင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်အယ်နီ ဦးစီးပြီး နည်းပြအဖွဲ့ဝင်များဖြင့် ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကာ သင်တန်းတွင် ပြည်နယ်အတွင်းရှိ ယာယီတိုက်ပွဲရှောင်စခန်းများတွင် ရောက်ရှိနေကြသည့် သင်တန်းသူ ၄၈ ဦးတို့အား အမျိုးသမီးဝတ် အင်္ကျီ အမျိုးမျိုး ချုပ်နည်းများကို ဇွန် ၂ ရက်မှ ၃၀ ရက်အထိ တစ်လကြာ စာတွေ့လက်တွေ့ သင်ကြားပေးခဲ့ကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

## အာဇာနည်နေ့အခမ်းအနား မြောင်းမြတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**မြောင်းမြ ဇူလိုင် ၂**

ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့် နှစ်(၇၀) မြောက် အာဇာနည်နေ့အခမ်းအနားကို မြောင်းမြမြို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး အခမ်းအနား ကျင်းပနိုင်ရေးအတွက် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၃၀ ရက်က မြောင်းမြမြို့ မြရွှေဝါခန်းမ၌ ကျင်းပခဲ့သည်။

နှစ်(၇၀) မြောက် အာဇာနည်နေ့အခမ်းအနားကို ယခင်နှစ်များနှင့်မတူဘဲ မြောင်းမြမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက ဦးဆောင်ကာ ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ စည်ကားစွာ ကျင်းပမည်ဖြစ်ကြောင်း၊ နံနက် ၅ နာရီတွင် အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ဆရာတော် သံဃာတော်များအား အာရုံဆွမ်းဆက်ကပ်လှူဒါန်းကာ အမျှအတမ်းပေးဝေခြင်း၊ နံနက် ၁၀ နာရီ ၃၇ မိနစ်အချိန်တွင် ခရိုင် /မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ နယ်မြေခံတပ်ရင်းဂုဏ်ပြုတပ်ဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများ၊ အခြေခံပညာကျောင်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်ပြည်သူများက စနစ်တကျဖြင့် မီးသတ်တပ်ဖွဲ့မှ ဦးဆောင်၍ ဆန်စက်များ၊ ရေယာဉ်များက ဥသြဆွဲခြင်း၊ ၂ မိနစ် ငြိမ်သက်ခြင်း၊ လွမ်းသူ့ပန်းခွေများချ၍ အလေးပြုခြင်းတို့ကို ဆောင်ရွက်ကြမည်ဖြစ်သည်။

ထို့အတူ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကလည်း အာဇာနည်ခေါင်းဆောင်ကြီးများ၏ အတ္ထုပ္ပတ္တိနှင့် ဓာတ်ပုံမှတ်တမ်းများကို အများ ပြည်သူ လေ့လာသိရှိနိုင်ရန် ပြခန်းများဖွင့်လှစ်ခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အစည်းအဝေးတွင် မြောင်းမြခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေးက အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဇေယျက ကော်မတီဖွဲ့စည်းဆောင်ရွက်မှုနှင့် ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းသည်။ ထို့နောက် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇော်ဝင်း၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများက အခမ်းအနားကျင်းပမည့် အာဇာနည် ကျောက်တိုင်နေရာသို့ သွားရောက်ကြည့်ရှုခဲ့ကြသည်။

**အောင်မင်း (မြောင်းမြ)**

## ဝါယာ-သာစည် လျှပ်စစ်မြစ်ရေတင် ရေလွှတ်မြောင်းမကြီးကို အုတ်စီပြုပြင်

**ရေစကြို ဇူလိုင် ၂**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်အတွင်းရှိ ဝါယာ-သာစည် လျှပ်စစ်မြစ်ရေတင်မှ ရေလွှတ်မြောင်းမကြီးမှ ၂၀၁၇-၂၀၁၈ မိုးစပါးစိုက်ပျိုးရာသီအတွင်း စိုက်ပျိုးရေကောင်းမွန်စွာ ပေးဝေနိုင်ရေးအတွက် မြောင်းမကြီးတစ်လျှောက်တွင် အုတ်လိုင်နင်စီခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေပေးမြောင်းမကြီး အုတ်စီခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် တောင်သူများ၏စိုက်ခင်းများသို့ လက်ရှိ စိုက်ပျိုးရေပေးဝေနေမှုကို မထိခိုက်စေရန် နွေစပါးရိတ်သိမ်းခါနီး စိုက်ပျိုးရေဖြတ်ချိန်နှင့် မိုးစပါး စိုက်ပျိုးရန် ပျိုးထောင်ရေပေးဝေမှုအချိန်ကြားကာလတွင် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ရေဖြတ်တောက်ချိန် ၁၀ရက်ကိုတောင်သူများနှင့် ညှိနှိုင်းတိုင်ပင်ကာ ဆောင်ရွက်ခြင်းဖြစ်ပြီး မြောင်းမကြီး အုတ်စီခြင်းလုပ်ငန်း ပြီးစီးပါက ဝါယာ-သာစည် လျှပ်စစ်မြစ်ရေတင်ရေသောက် မိုးစပါးစိုက်ဧက ၂၅၇၀ အတွက် ပျိုးထောင်ရေမှစတင်ကာ အောင်ရေရသည်အထိ အောင်မြင်စွာ စိုက်ပျိုးရေ ပေးဝေသွားနိုင်မည်ဖြစ်ကြောင်း ဝါယာ-သာစည် လျှပ်စစ်မြစ်ရေတင်မှ တာဝန်ခံ ဦးဇေယျာဝင်းက ပြောကြားသည်။



ဝါယာ-သာစည် လျှပ်စစ်မြစ်ရေတင်မှ တောင်သူ ရေပေးမြောင်းမကြီးသည် မူလက မြေသားမြောင်းကြီးဖြစ်သဖြင့် မြောင်းအနီးရှိစိုက်ခင်းများမှာ မြောင်းမကြီးထက် မြင့်နေပြီး စိုက်ပျိုးရေများမှာ မြောင်းအတွင်း ပြန်လည်စီးဝင်ခြင်းနှင့် မြေသားမြောင်းကြီးမှာ မကြာခဏပြိုကျကာ မြောင်းမကြီးနှင့်ဆက်စပ်လျက်ရှိသော မြောင်းလက်တံငယ်များသို့ စိုက်ပျိုးရေပို့လွှတ်ရာတွင် အခက်အခဲများကြုံရလျက်ရှိသဖြင့် မြေသားမြောင်းမကြီး အရှည် ပေ ၃၀၀ တွင် မြောင်းကြမ်းခင်းအကျယ် ၆ ပေ၊ အမြင့် ၆ ပေရှိ အုတ်လိုင်နင်စီခြင်းလုပ်ငန်း ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**အိမွန်ဆွေ(ရေစကြို)**

## ဝန်ထမ်းမိသားစုများအား အိမ်သုံးဆိုလာနှင့် စွမ်းအားမြှင့်မီးဖိုများ ပေးအပ်

**ရွှေသစ် ဇူလိုင် ၂**

ကယားပြည်နယ် ရွှေသစ်မြို့ ဝမ်ဗလကျေးရွာနှင့် ဝမ်လွဲ့ကျေးရွာမှ ပညာရေးဝန်ထမ်းများနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ဝန်ထမ်းများအား ဆိုလာနှင့် စွမ်းအားမြှင့်မီးဖိုများကို ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန အစီအစဉ်ဖြင့် ဇွန် ၃၀ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့အုပ်ချုပ်ရေးမှူးရုံးခန်း၌ ကျင်းပသည့် အိမ်သုံးဆိုလာနှင့် စွမ်းအားမြှင့်မီးဖိုများ ပေးအပ်ပွဲတွင် ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးတီရယ်က အမှာစကားပြောကြားပြီး ပြည်နယ်သစ်တောညွှန်ကြားရေးမှူး ဦးဇော်ဦးက အဆိုပါ ဆိုလာနှင့် စွမ်းအားမြှင့်မီးဖိုများ အသုံးပြုခြင်းဖြင့် အိမ်ထောင်စုတစ်စုချင်း ထင်းသုံးစွဲမှုကို ၅၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်မည်ဖြစ်၍ သစ်တောပြုန်းတီးမှု နည်းပါးလာစေရန် ရည်ရွယ်ကာ ပြည်နယ်အစိုးရအနေဖြင့် အခမဲ့ပေးအပ်ခြင်းဖြစ်ကြောင်း၊ ပစ္စည်းများ၏တန်ဖိုးမှာ ငွေကျပ်ငါးသိန်းဝန်းကျင်ခန့်ရှိပြီး သက်တမ်းမှာ ၁၀ နှစ်ခန့်အထိ အသုံးပြုနိုင်မည့် ပစ္စည်းများဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဝန်ကြီးနှင့် တာဝန်ရှိသူများက ဝမ်ဗလကျေးရွာနှင့် ဝမ်လွဲ့ကျေးရွာမှ ပညာရေးဝန်ထမ်းအိမ်ထောင်စုများ၊ ကျေးလက်ကျန်းမာရေးဌာနခွဲဝန်ထမ်းအိမ်ထောင်စုများအား ဆိုလာနှင့် စွမ်းအားမြှင့်မီးဖိုများ ပေးအပ်ပြီး စွမ်းအားမြှင့်မီးဖို အသုံးပြုနည်းများကိုလည်း လက်တွေ့ပြသခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)



Ovaltine
အိုဗာတင်းနဲ့အတူ အောင်မြင်မှုကို
လွန်ခဲ့သော ၂၅ နှစ်က စတင်ခဲ့တာပါ
ကလေးတွေ ထူးချွန်သန်စွမ်းကျန်းမာပြီး သူတို့ဘဝခရီးအောင်မြင်ဖို့အတွက်
အာဟာရပြည့် အိုဗာတင်းကို ပေးလိုက်ရအောင်
ဒီနေ့
လွန်ခဲ့သော
၁၀
နှစ်က
လွန်ခဲ့သော
၂၅
နှစ်က
Energy
COMPLETE NUTRITION*
For Every Healthy Day
Protection
Strong
More Malt & Milk
Ovaltine
Malted Milk
အိုဗာတင်းယုံကြည်ထားတာက အောင်မြင်မှုရဲ့အခြေခံဟာ ကျန်းမာရေးကောင်းပါ။
အိုဗာတင်းတစ်ခွက်မှာ အာဟာရဓာတ်အများကြီးတဲ့ မုယောစပါးနှင့် နို့အပြင် အခြားဗီတာမင်နှင့်
သတ္တုဓာတ်တွေပါပါတယ်။ အိုဗာတင်းကို ပုံမှန်အစားအစာတွေနဲ့အတူ နေ့တိုင်းသောက်ခြင်းဖြင့်
အကောင်းဆုံးအာဟာရကို ရမှာဖြစ်ပါတယ်။ ဘဝခရီးအောင်မြင်ဖို့အတွက် ကျန်းမာခြင်းအစွမ်းပါ။





## နေပြည်တော်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း ဆောင်ရွက်မည့် ကျေးလက် လမ်း/တံတား၊ ရေရရှိရေးလုပ်ငန်းများနှင့် ရုံးအဆောက်အအုံလုပ်ငန်းတို့အား အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

**တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၃-၇-၂၀၁၇ရက်မှ ၁-၈-၂၀၁၇ရက်အထိ
**တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်ရက်/အချိန်** - ၂-၈-၂၀၁၇ရက် ၁၆း၀၀နာရီ
**တင်ဒါလျှောက်လွှာတင်သွင်းရမည့်နေရာ** - နေပြည်တော် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
ဖုန်း-၀၆၇-၈၁၀၆၁၈၆ (စီမံဌာန)
ဖုန်း-၀၆၇-၈၁၀၆၁၈၈ (အင်ဂျင်နီယာဌာန)

၂။ တင်ဒါလျှောက်လွှာပုံစံစည်းကမ်းချက်နှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရုံးချိန်အတွင်း နေပြည်တော်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန
## မန္တလေးတိုင်းဒေသကြီးရုံး၊ မန္တလေးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးရုံး၏ အဆောက်အအုံအဟောင်းရောင်းချခြင်းလုပ်ငန်းအတွက် တင်ဒါခေါ်ယူအပ်ပါသည်။

(က) **အဆောက်အအုံအရွယ်အစားနှင့်အမျိုးအစား**
(၁) အလျား ပေ ၅၀၊ အနံ ၂၄ပေ၊ အမြင့် ၂၅ပေ
(၂) နှစ်ထပ်အဆောက်အအုံ၊ အောက်ထပ်ကွန်ကရစ်ခင်း အုတ်နံရံကပ်၊ အပေါ်ထပ် ပျဉ်ခင်းပျဉ်ကာ သွပ်မိုး၊
(ခ) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၆-၇-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၉း၀၀နာရီ
(ဂ) **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၂၀-၇-၂၀၁၇ရက် (ကြာသပတေးနေ့) ညနေ၁၆း၃၀နာရီ
(ဃ) **တင်ဒါဖွင့်မည့်ရက်** - ၂၁-၇-၂၀၁၇ရက် (သောကြာနေ့)

၂။ တင်ဒါပုံစံအသေးစိတ်အချက်အလက်များနှင့် တင်ဒါစည်းကမ်းချက်များကို အောက်ဖော်ပြပါလိပ်စာအတိုင်း ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**
**အဆောက်အအုံရောင်းချရေးလုပ်ငန်း**
**ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးရုံး**
**အမှတ် ၅၄၅၊ ၈၄လမ်း၊ ၄၂×၄၅လမ်းကြား**
**ဖုန်း-၀၂-၇၆၀၅၁၊ ၀၂-၇၆၃၄၇**

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ကျောက်ဆည်အထွေထွေရောဂါကုဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ကျောက်ဆည်မြို့၊ အထွေထွေရောဂါကုဆေးရုံကြီးတွင် တက်ရောက်ကုသကြသည့် အတွင်း/အပြင် လူနာများအား ကုသပေးရန် လိုအပ်သော FDAအသိအမှတ်ပြု ဆေးဝါးများ၊ ဓာတ်ခွဲ၊ ဓာတ်မှန်သုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၃-၇-၂၀၁၇ရက် (တနင်္လာနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂-၈-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ၄း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များ၊ ဆေးနှင့်ဆေးပစ္စည်းများ စာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီး**
**အထွေထွေရောဂါကုဆေးရုံကြီး**
**ကျောက်ဆည်မြို့၊ မန္တလေးတိုင်းဒေသကြီး**
**ဖုန်း-၀၆၆-၂၀၅၀၃၄၅**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်မှ ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သည့် ကျောက်ရွယ်စုံ၊ သဲ၊ ကန်ကာ၊ ဘိလပ်မြေ၊ သံချောင်းနှင့် တောသစ်များကို မြို့နယ်အလိုက်၊ လမ်းအလိုက်၊ လုပ်ငန်းအလိုက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါတင်သွင်းလိုသည့် ပစ္စည်းအမျိုးအမည်၊ အရေအတွက် အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်း သတ်မှတ်ချက်များကို လမ်းဦးစီးဌာန၊ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးအရာရှိ(မြို့ပြ)ရုံးများတွင် စုံစမ်းမေးမြန်းနိုင်ပြီး တင်ဒါလျှောက်လွှာပုံစံများကို ၁၄-၇-၂၀၁၇ရက်မှစတင်၍ ခရိုင်ရုံးနှင့် သက်ဆိုင်ရာမြို့နယ်ရုံးအသီးသီးတို့တွင် ရုံးချိန်အတွင်းဝယ်ယူရရှိနိုင်ပါသည်။

**တင်ဒါလျှောက်လွှာပိတ်ရက်** - ၂၅-၇-၂၀၁၇ရက် ညနေ ၅း၀၀နာရီအထိ
**တင်ဒါဖွင့်မည့်ရက်** - ၂၆-၇-၂၀၁၇ရက် နံနက် ၁၀း၀၀နာရီ
**တင်ဒါဖွင့်မည့်နေရာ** - ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ခရိုင်လက်ထောက် ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊မြင်းခြံမြို့
ဖုန်း-၀၆၆-၂၂၂၄၃၊ ၀၆၆-၄၆၂၃၃၊ ၀၉-၇၉၉၃၃၉၉၁၅၊ ၀၉-၄၀၂၆၄၃၁၁၁၊ ၀၉-၄၃၀၄၅၄၉၄

**ပစ္စည်းတင်ဒါခေါ်ယူရေးကော်မတီ**

## မိဘအမည်မှန်

လောင်းလုံးမြို့နယ်၊ အထက(မောင်းမကန်)၊ တက္ကသိုလ်ဝင်တန်းမှ မသဇင်၏ မိဘအမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးသန်းဇော် ၆/လလန(နိုင်)၀၇၀၅၀၆နှင့် ဒေါ်မူစန်း ၆/လလန(နိုင်)၁၅၃၂၃၅ ဖြစ်ပါကြောင်း။

**ဦးသန်းဇော်၊ ဒေါ်မူစန်း**

## မိဘအမည်မှန်

လောင်းလုံးမြို့နယ်၊ အထက(မောင်းမကန်)၊ နဝမတန်းမှ မောင်မင်းထွန်း၏ မိဘအမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးသန်းဇော် ၆/လလန(နိုင်)၀၇၀၅၀၆နှင့် ဒေါ်မူစန်း ၆/လလန(နိုင်)၁၅၃၂၃၅ ဖြစ်ပါကြောင်း။

**ဦးသန်းဇော်၊ ဒေါ်မူစန်း**

## ဖခင်အမည်မှန်

ကျုံပျော်အထက(၂)တက္ကသိုလ်ဝင်တန်း (B) မှမသဇင်ဝေနှင့် ဆဋ္ဌမတန်း(B)မှ မောင်မင်းသက်အောင်တို့၏ ဖခင်အမည်မှန်မှာ ဦးဖိုးထူး ဖြစ်ပါသည်။

**ဦးဖိုးထူး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ဗဟိုစာရင်းအင်းအဖွဲ့
## ရုံးအမှတ်(၃၂)၊ နေပြည်တော်
## ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၃ ရက်
## ဒုတိယစာရင်းအင်းမှူး ရာထူးနေရာများအတွက် လူတွေ့စစ်ဆေးဖြေဆိုမည့်ရက်ကြေညာခြင်း

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့မှ နေပြည်တော်၌ ၂-၄-၂၀၁၇ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် ဒုတိယစာရင်းအင်းမှူး (လစာနှုန်း-၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) ရာထူးနေရာများအတွက် ရေးဖြေစာမေးပွဲ အောင်မြင်သူများကို ဗဟိုစာရင်းအင်းအဖွဲ့၊ ရုံးအမှတ် (၃၂)၊ နေပြည်တော်တွင် ၁၃-၇-၂၀၁၇ ရက်မှ ၂၁-၇-၂၀၁၇ရက်အထိ လူတွေ့စစ်ဆေးမည် ဖြစ်ပါသည်။ ရေးဖြေအောင်မြင်သည့်စာရင်းများအား ဗဟိုစာရင်းအင်းအဖွဲ့ရုံးချုပ်(နေပြည်တော်) တိုင်းဒေသကြီး/ပြည်နယ် ဗဟိုစာရင်းအင်းအဖွဲ့ရုံးများနှင့် Website http://www.mmsis.gov.mm, http://www.csostat.gov.mm, http://www.mopf.gov.mm တို့တွင် ကြေညာထားရှိပါသည်။

၂။ လူတွေ့စစ်ဆေးမှုခံယူရန် ဗဟိုစာရင်းအင်းအဖွဲ့၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်သို့ မိမိတို့ဖြေဆိုရမည့်ရက်များတွင် နံနက် ၈း၀၀ နာရီအရောက် သတင်းပို့ကြရန်နှင့် အောက်ဖော်ပြပါ စာရွက်စာတမ်းများအား မိမိနှင့်တစ်ပါတည်း ယူဆောင်လာရမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်-

(က) ဘွဲ့လက်မှတ်မူရင်း
(ခ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်အောင်လက်မှတ် (သို့မဟုတ်) အခြေခံပညာအထက်တန်းအောင်လက်မှတ်မူရင်း
(ဂ) နိုင်ငံသားစိစစ်ရေးကတ်မူရင်း

၃။ လူတွေ့စစ်ဆေးမှုနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၆၃၂၉၊ ၀၆၇- ၄၀၆၂၈၉ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

## INVITATION FOR PRICE QUOTATIONS (re-advertise)

The Republic of the Union of Myanmar has received financing from the International Development Association (IDA) to wards the cost of the National Electrification Project (NEP), The Department of Rural Development (DRD) of the Ministry of Agriculture, Livestock and Irrigation, in its role as implementing agency of the NEP, intends to apply a portion of the proceeds of this credit to eligible payments under the Contracts for which this invitation for Quotation is issued. DRD now invites eligible suppliers to express their interest in supplying the following item:

| Ref No | Description of Goods or Services | Quantity | Units |
|---|---|---|---|
| G.15 | Survey Equipment for Mini-Grid Project (Alimeter, Steel tapc, Linen Tape, Clamp Meter, Tachometer, Digital Multimeter, Boots & Raincoat) | Total 32 | Nos |

Eligible suppliers having expressed interest will receive a REQUEST FOR QUOTATION by e-mail. Sealed Quotations will be submitted to the address below at the latest at the deadline, after which no Quotations will be accepted.

Suppliers will be selected following the Shopping Method as per the "Guidelines for Procurement of Goods, Works and Non-Consulting Services under IBRD Loans and IDA Credits & Grants by World Bank Borrowers datcd January 2011 (revised July 2014). Please submit Sealed Quolations to: U Myint Oo, Deputy Director General, Department of Rural Development, Office No.(14), Nay Pyi Taw. For detailed information please contact U Kyaw Swa Aung, Director, Procurement and Logistic Section, Mobile phone 09-43434333 or office phone 067-409413 and email to ksaung@gmail.com.

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
# အိတ်ဖွင့်လေလံတင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရှိ အသုံးပြုပြီးသော ပစ္စည်းဟောင်းများကို အိတ်ဖွင့်လေလံတင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်လေလံတင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **အိတ်ဖွင့်လေလံတင်ဒါပုံစံ ရောင်းချမည့်ရက်** - ၃-၇-၂၀၁၇ ရက် မှ ၂-၈-၂၀၁၇ရက်ထိ ရုံးချိန်အတွင်း

(ခ) **အိတ်ဖွင့်လေလံတင်ဒါအာမခံတင်သွင်း ရမည့်ရက်/အချိန်** - ၃-၈-၂၀၁၇ ရက် မွန်းတည့်၁၂း၀၀နာရီ

(ဂ) **တင်ဒါလျှောက်လွှာဝယ်ယူရမည့်နေရာ** - ရုံးအမှတ်(၄၃)၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန(ရုံးချုပ်)၊နေပြည်တော်

၂။ သတ်မှတ်ရက်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရုံးချုပ်)နေပြည်တော်၊ ညွှန်ကြားရေးမှူး ဖုန်း-၀၆၇-၄၁၀၀၁၉နှင့်ဒုတိယညွှန်ကြားရေးမှူး ဖုန်း-၀၆၇-၄၁၀၃၁၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

---

## ကုသရေးဦးစီးဌာန၊ ချင်းပြည်နယ်
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်ကုသရေးဦးစီးဌာန လက်အောက်ရှိ ခရိုင်အဆင့်ဆေးရုံများ၊ မြို့နယ်ဆေးရုံများ၊ တိုက်နယ်ဆေးရုံများအတွက် လိုအပ်သောဆေးနှင့်ဆေးပစ္စည်းများ၊ ဓာတ်ခွဲနှင့်ဓာတ်မှန်ပစ္စည်းများ ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ**

**စတင်ရောင်းချမည့်ရက်** - ၅-၇-၂၀၁၇(ဗုဒ္ဓဟူးနေ့)

**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၄-၈-၂၀၁၇(သောကြာနေ့) - ညနေ ၄း၃၀နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံများကို ချင်းပြည်နယ်ကုသရေးဦးစီးဌာနမှူးရုံး၊ ဟားခါး မြို့တွင် ရုံးချိန်အတွင်းလာရောက် ထုတ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ချင်းပြည်နယ်ကုသရေးဦးစီးဌာန**
**ဖုန်း-၀၇၀-၂၁၅၈၉၊ ၀၇၀-၂၁၀၆၉**

---

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန
## သင်ကြားရေးနှင့်အထွေထွေရောဂါကုဆေးရုံကြီး
## စံပြဆေးရုံကြီး(သဃ်န်းကျွန်း)
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ ခုတင်(၅၀၀)ဆံ့ စံပြဆေးရုံကြီး(သဃ်န်းကျွန်း)တွင် လူနာများအား ကုသရန်အတွက် လိုအပ်သော(FDA)အသိအမှတ်ပြု ဆေးနှင့် ဆေးပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးဆေးပစ္စည်းများနှင့် ဓာတ်မှန်ဆိုင်ရာပစ္စည်းများ ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ တရားဝင် အသိအမှတ်ပြု လိုင်စင်ရ ကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါပေးသွင်းကြရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ**

**စတင်ရောင်းချမည့်ရက်** - ၂၈-၆-၂၀၁၇ ရက် (ဗုဒ္ဓဟူးနေ့)

**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၇-၇-၂၀၁၇ ရက် ညနေ ၄း၀၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါစည်းကမ်းချက်များနှင့် တင်သွင်းရမည့် ဆေးနှင့်ဆေးပစ္စည်းများ စာရင်းအသေးစိတ်ကို သိရှိလိုပါက ရုံးချိန်အတွင်း ဆေးရုံအုပ်ကြီးရုံးခန်းတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီး**
**စံပြဆေးရုံကြီး(သဃ်န်းကျွန်း)**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၁-၅၇၉၈၇၉**

---

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ဧရာဝတီတိုင်းဒေသကြီး-ပုသိမ်မြို့
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ခုတင်(၁၀၀)နှင့်အောက် ဆေးရုံများအတွက် (FDA) အသိအမှတ်ပြုဆေးဝါးများ၊ ဓာတ်ခွဲခန်းသုံးဆေးပစ္စည်းနှင့် ဓာတ်မှန်ဆိုင်ရာ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါခေါ်ယူ အပ်ပါ သည်။

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်း အသေးစိတ်နှင့်အချက်အလက်များ စာရင်းကို သိရှိလိုပါက တိုင်းဒေသကြီးကုသရေးဦးစီးဌာန(ပုသိမ်ပြည်သူ့ဆေးရုံကြီး) တွင်လူကိုယ်တိုင် လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါစတင်ခေါ်ယူမည့်နေ့ရက်** - ၃-၇-၂၀၁၇(တနင်္လာနေ့)

**တင်ဒါပိတ်မည့်နေ့ရက်/အချိန်** - ၂-၈-၂၀၁၇(ဗုဒ္ဓဟူးနေ့) - ညနေ ၄နာရီ

**တင်ဒါကော်မတီ**
**ဧရာဝတီတိုင်းဒေသကြီး၊ ကုသရေးဦးစီးဌာန**
**ဖုန်း-၀၄၂-၂၂၁၉၂**

---

## အမွေဆက်ခံရန် သက်သေခံလက်မှတ် လျှောက်ထားကြောင်း
# အကြောင်းကြားစာ
## (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၃၇၃)
## ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်
## ၂၀၁၇ ခုနှစ် တရားမအထွေထွေမှုအမှတ်-၆၈

**ဒေါ်ခင်မြဝင်း** **လျှောက်ထားသူ**

**ကွယ်လွန်သူ ဦးဝင်းနိုင်၏ ကျန်ရစ်သောပစ္စည်းအကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလရပ်ကွက်၊ တိုက် (၈)၊ အခန်း (၁၇)နေ ဒေါ်ခင်မြဝင်းက ကွယ်လွန်သူ ဦးဝင်းနိုင်၏ တရားဝင်ဇနီးမယားကြီးဖြစ်သည်ဟူ၍ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလရပ်ကွက်၊ တိုက် (၈)၊ အခန်း(၁၇)နေ ၎င်းကွယ်လွန်သူ ဦးဝင်းနိုင်မှာ ကျန်ရစ်သောပစ္စည်းများထဲမှ ရရန်ရှိသော ကြွေးမြီများကိုကောက်ခံရန် အမွေဆက်ခံခြင်း အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဦးဝင်းနိုင်မှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၇ ခုနှစ် ဇူလိုင် ၁၄ရက် (၁၃၇၉ ခုနှစ် ဝါဆိုလပြည့်ကျော် ၆ ရက်)တွင် လာရောက်ရမည်။ ၎င်းနေ့ရက်တွင် လျှောက်သူဒေါ်ခင်မြဝင်း၏ လျှောက်ထားချက်ကိုကြားနာ၍ လက်မှတ်ရသင့် မရသင့်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၇ ခုနှစ် ဇွန် ၂၇ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်မြင့်မြင့်)**
**တွဲဖက်ခရိုင်တရားသူကြီး (၁)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

---

**ဖခင် အမည်မှန်**
သထုံမြို့၊ အထက ညောင်ချောင်း တက္ကသိုလ်ဝင်တန်းမှ မသင်းသင်းမော်၏ ဖခင်အမည်မှန်မှာ ဦးအောင်မြင့်ရွှေ ၁၀/သထန(နိုင်)၁၂၇၃၆၈ ဖြစ်ပါကြောင်း။ **ဦးအောင်မြင့်ရွှေ**

### ဖခင်အမည်မှန်
သထုံမြို့၊ အထကညောင်ချောင်း သတ္တမတန်းမှ မစစ်စစ်ထွေး၏ ဖခင် အမည်မှန်မှာ ဦးထွန်းဝင်းရှိန် ၁၀/သထန (နိုင်)၂၅၃၁၀၉ ဖြစ်ကြောင်း။
**ဦးထွန်းဝင်းရှိန်**

### ဖခင်အမည်မှန်
သထုံမြို့နယ်၊ အထက(သိမ်ဆိပ်) နဝမတန်း (B)မှ မောင်နိုင်လင်းဦး၏ ဖခင်အမည်မှန်မှာ ဦးဝင်းပိုင် ၁၀/သထန(နိုင်)၁၉၂၃၅၉ ဖြစ်ပါကြောင်း။ **ဦးဝင်းပိုင်**

### မိဘအမည်မှန်
သထုံမြို့၊ အထကညောင်ချောင်း နဝမတန်းမှ မောင်ပြေး၏ မိဘအမည် မှန်မှာ ဦးရွှေကြိုင် ၁၀/သထန(နိုင်) ၀၇၇၄၈၈ နှင့် ဒေါ်ဝင်း ၁၀/သထန(နိုင်) ၀၇၇၃၁၁ ဖြစ်ပါကြောင်း။
**ဦးရွှေကြိုင်-ဒေါ်ဝင်း**

### ဖခင်အမည်မှန်
သထုံမြို့၊ အလက(ခွဲ) ကြက်တူရွေးသောင် (၁) ကျောင်း သတ္တမ တန်းမှ မရွှေဇင်ဦး၏ ဖခင်အမည် မှန်မှာ ဦးရွှေထွန်း ၁၀/သထန (နိုင်)၀၇၇၄၆၈ ဖြစ်ပါကြောင်း။
**ဦးရွှေထွန်း**

### မိဘအမည်မှန်
သထုံမြို့၊ အထကညောင်ချောင်း နဝမတန်းမှ မောင်ရဲထွဋ်ဦး၏ မိဘအမည် မှန်မှာ ဦးဝင်းစိုး ၃/မဝတ(နိုင်)၀၇၆၂၃၀ နှင့် ဒေါ်အဲလစ်သိန်း ၁၀/သထန(နိုင်) ၁၅၉၆၅၁ ဖြစ်ကြောင်း။
**ဦးဝင်းစိုး၊ ဒေါ်အဲလစ်သိန်း**

### ဖခင်အမည်မှန်
သထုံမြို့နယ်၊ အထက (ညောင်ချောင်း)၊ တက္ကသိုလ်ဝင်တန်း (A) မှ မောင်စိုးမိုး၏ဖခင်အမည်မှန်မှာ ဦးအောင်ဘကြည် ၁၀/သထန(နိုင်)၁၅၄၇၆၄ ဖြစ်ပါကြောင်း။
**ဦးအောင်ဘကြည်**

---

## ဒီကရီကိုအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
# အကြောင်းကြားစာ
## (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
## တောင်ကြီးခရိုင်တရားရုံး
## ၂၀၁၂ ခုနှစ် တရားမကြီးအမှတ်-၇၃ နှင့်ဆက်သွယ်သည့်
## ၂၀၁၇ ခုနှစ် တရားမဇာရီမှုအမှတ်-၁၃

၁။ ဦးမြင့်အောင် **နှင့်** ဒေါ်တင်တင်ဝင်း(ခ)မနီ
၂။ ဒေါ်နုနုရီ
၃။ ဒေါ်လှလှရီ
၄။ ဒေါ်စန်းစန်းရီ
၅။ ဦးစိုးအောင်

**ဒီကရီအနိုင်ရသူများ** **တရားရှုံး**

ဒေါ်တင်တင်ဝင်း(ခ)မနီ (ဘ)ဦးကိုကို အမှတ်(၄၅၄)၊ မင်္ဂလာလမ်းသွယ်၊ မင်္ဂလာဦးရပ်ကွက်၊ တောင်ကြီးမြို့ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၂ ခုနှစ် တရားမကြီးမှုအမှတ်-၇၃ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၇ ခုနှစ် ဇူလိုင် ၂၀ ရက် (၁၃၇၉ ခုနှစ် ဝါဆိုလပြည့်ကျော် ၁၂ ရက်) မွန်းမတည့်မီ ၁၁နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၁၇ ခုနှစ် ဇွန် ၂၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စမ်းစမ်းရီ)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**တောင်ကြီးခရိုင်တရားရုံး**

---

# ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## စစ်တွေခရိုင်တရားရုံးတော်
## ၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၈

ဒေါ်မအေးခင် **နှင့်** ၁။ ဒေါ်မအေးညွန့်
၂။ ဒေါ်မလှဝေ
၃။ ဒေါ်ထိုက်ထိုက်ဝေ
၄။ ဒေါ်ဖြူဖြူဝင်း

**တရားလို** **တရားပြိုင်များ**

စစ်တွေမြို့၊ အမှတ် (၇၂) စစ်ကဲလမ်း၊ မြို့သူကြီးရပ်ကွက်နေ (၁) တရားပြိုင် ဒေါ်မအေးညွန့် စာရေးမ(ခရိုင်ပညာရေးမှူးရုံး)(ယခုနေရပ်လိပ်စာ မသိ)သူ သိစေရမည်။

သင့်အပေါ်၌ တရားလိုဖြစ်သော ဒေါ်မအေးခင်က ပညာရေးဌာနတွင် အစိုးရဝန်ထမ်းများခန့်အပ်ပေးရန်နှင့် နေရာအပြောင်းအရွှေ့ပြုလုပ်ပေးမည်ဟု ပြောဆိုကာ လိမ်လည်လှည့်ဖြားရယူသွားခဲ့သည့်ငွေကျပ် ၁၁၀၀၀၀၀၀/-ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၇ ခုနှစ် ဇူလိုင် ၁၈ ရက် (၁၃၇၉ ခုနှစ် ဝါဆိုလပြည့်ကျော် ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် ဇွန် ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

**(စံမြင့်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**စစ်တွေခရိုင်တရားရုံး**

---

**ဖခင် အမည်မှန်**
သထုံမြို့၊ အလက (ခွဲ) ကြက်တူရွေးသောင် (၁)ကျောင်း သတ္တမတန်းမှ မောင်အောင်မျိုးခိုင်၏ ဖခင်အမည်မှန်မှာ မောင်ဝင်းဗို ၁၁/ပတန(နိုင်)၀၄၂၀၄၅ ဖြစ်ကြောင်း။ **မောင်ဝင်းဗို**

### ဖခင်အမည်မှန်
သထုံမြို့၊ အထက ညောင်ချောင်း နဝမတန်းမှ မခိုင်သဇင်ဦး၏ ဖခင် မည်မှန်မှာ ဦးမြင့်ရွှေ ၁၀/သထန (နိုင်)၀၇၇၃၄၂ ဖြစ်ကြောင်း။
**ဦးမြင့်ရွှေ**

### မွေးသက္ကရာဇ်အမှန်
မိုးညှင်းမြို့နယ်၊ ညောင်ကိုင်း ကျေးရွာနေ ဦးဟန်သိန်း၏သမီး မမော်မော်ချို ၁/မညန(နိုင်) ၁၆၃၅၈၁ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၆-၃-၁၉၉၈ ဖြစ်ပါသည်။

### ဖခင်အမည်မှန်
ပေါင်မြို့နယ်၊ ဇင်းကျိုက်မြို့၊ အလက (ခွဲ) ဖလပ် (၁) ကျောင်း အဋ္ဌမတန်းမှ မယွန်းပြည့်ဖြူ၏ဖခင် အမည်မှန်မှာ မင်းမောင်ထွေး ၁၀/ပမန (နိုင်)၀၁၆၂၇၇ ဖြစ်ပါသည်။
**မင်းမောင်ထွေး**

### ဖခင်အမည်မှန်
မင်းဘူး(စကု)မြို့ အထက (၁) တက္ကသိုလ်ဝင်တန်း (E) မှ မောင်အောင်ဟိန်းကိုကိုနှင့် မန်းရေနံ အထက (ခွဲ) အဋ္ဌမတန်းမှ မရှင်းသန့်ဖြူတို့၏ ဖခင် အမည်မှန်မှာ ဦးကျော်ဝင်းကိုကို ၈/မဘန (နိုင်)၀၇၀၇၁၅ ဖြစ်ပါကြောင်း။
**ဦးကျော်ဝင်းကိုကို**

### ဖခင်အမည်မှန်
ပေါင်မြို့နယ်၊ ဇင်းကျိုက်မြို့၊ အလက-ခွဲ ဖလပ်(၁)ကျောင်း အဋ္ဌမ တန်းမှ မနန္ဒာမြင့်၏ ဖခင်အမည် မှန်မှာ ဦးမွန်မြင့်အောင် ၁၀/ပမန (နိုင်)၁၂၁၂၄၁ ဖြစ်ပါသည်။
**ဦးမွန်မြင့်အောင်**

### အမည်ပြောင်း
ဟသ်ာတမြို့ အမက (၁၁)၊ သုံးပင်ကွင်း၊ ပထမတန်း(A)မှ (ဘ)ဦးထက်သူ ၁၄/ဟသတ(နိုင်)၀၄၆၈၁၀ ၏ သမီး မဖူးပွင့်ရတနာကျော်အား ယနေ့မှစ၍ မပန်းမြတ်မှူးခင်ဟု ပြောင်းလဲခေါ်ပါရန်။
**မပန်းမြတ်မှူးခင်**

---

## ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
# အကြောင်းကြားစာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
## မန္တလေးခရိုင် တရားရုံးတော်
## ၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၂၁၂ နှင့်ဆက်သွယ်သည့်
## ၂၀၁၇ခုနှစ် တရားမဇာရီမှုအမှတ်-၁၅၀

ဦးစိုင်းခမ်းနိုင် **နှင့်** ၁။ ဦးဆန်းထူး(ခ)စိုင်းဆန်းထူး
၂။ ဦးစောဇော်ဇော်နိုင်
၃။ ဦးစောနိုင်လင်း
၄။ ဦးညီညီနိုင်
၅။ ဦးစောမျိုးကျော်
၆။ ဦးစောစည်သူ
၇။ ဦးနိုင်လင်း
၈။ ဦးကျော်နိုင်
၉။ ဦးလှိုင်ဝင်း
၁၀။ ဦးသိန်းထွန်းအောင်
၁၁။ ဦးရှိုင်းကို
၁၂။ ဦးဝင်းကိုနိုင်

**တရားနိုင်** **တရားရှုံးများ**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ် (၁) ရပ်ကွက်၊ သိပ္ပံလမ်းနှင့်ပိတောက်လမ်းကြား၊ ၆၀×၆၁ လမ်းကြား၊ မ-၆/၁၀နေ ဦးဆန်းထူး(ခ) စိုင်းဆန်းထူး(ဘ)ဦးမောင်ကြည်၊ ဦးစောဇော်ဇော်နိုင်၊ ဦးစောနိုင်လင်း၊ ဦးညီညီနိုင်၊ ဦးစောမျိုးကျော်၊ ဦးစောစည်သူ၊ ဦးနိုင်လင်း၊ ဦးလှိုင်ဝင်း၊ ဦးသိန်းထွန်းအောင်၊ ဦးရှိုင်းကို၊ ဦးဝင်းကိုနိုင်နှင့်ကျိုက်လတ်မြို့နယ်၊ ဇီးကုန်းကျေးရွာနေ ဦးကျော်နိုင်(ဘ)ဦးစော (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၂၁၂ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးစိုင်းခမ်းနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၇ခုနှစ် ဇူလိုင် ၁၁ ရက် (၁၃၇၉ခုနှစ် ဝါဆိုလပြည့်ကျော် ၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၁၇ ခုနှစ် ဇွန် ၂၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ယဉ်ယဉ်ဟန်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မန္တလေးခရိုင်တရားရုံး**

---

# ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မော်လမြိုင်ခရိုင်တရားရုံး
## ၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၅၅

ဒေါ်လှကျင် **နှင့်** ၁။ ဒေါ်အုံးပရ
၂။ မောင်ကြည်ဝင်း
၃။ မလှဲလှဲဝင်း

**တရားလို** **တရားပြိုင်များ**

ကျိုက်မရောမြို့နယ်၊ ကော့ဘီးကျေးရွာအုပ်စု၊ အံကစင်ကျေးရွာနေ မောင်ကြည်ဝင်း၊ မလှဲလှဲဝင်း (အတူနေလင်မယား) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဒေါ်လှကျင်က မူလပိုင်ရှင်က သဘောတူညီမှုခွင့်ပြုချက်မရှိဘဲ ရောင်းချသော ၁၀-၃-၂၀၁၄ရက်စွဲပါ ခြံမြေကွက်အရောင်းအဝယ်စာချုပ်အား ပျက်ပြယ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ ခုနှစ် ဇူလိုင် ၂၀ ရက် (၁၃၇၉ ခုနှစ် ဝါဆိုလပြည့်ကျော် ၁၂ ရက်)မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့ လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် ဇွန် ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စန်းစန်းဌေး)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**မော်လမြိုင်ခရိုင်တရားရုံး**

---

### ဖခင်အမည်မှန်
တောင်တွင်းကြီးမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း (ခိုင်ရွှေဝါ) မှ မသီရိခိုင်၏ ဖခင်အမည်မှန်မှာ ဦးလှထွေး ၈/တတက(နိုင်)၁၃၂၄၀၂ ဖြစ်ကြောင်း။ **ဦးလှထွေး**

### တစ်ဦးတည်းဖြစ်ပါကြောင်း
(ဦးချစ်ရင်)၏သမီး မြစ်ကြီးနားမြို့ အေးမြသာယာရပ်ကွက်၊ အိမ်အမှတ် (၃၆၀) နေ ဒေါ်အေးအေးနွယ် နှင့် ဒေါ်သီရိမေ ၁/ဗမန(နိုင်)၀၄၆၉၅၉ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဒေါ်သီရိမေ**

### မိဘအမည်မှန်
ဗန်းမော်မြို့ အထက (၃)၊ ပဉ္စမတန်း(B)မှ မမေမြတ်ဦး၊ ဒုတိယတန်း(B) မှ မောင်အောင်နိုင်ထူး၊ K.G တန်းမှ မသင်းသီရိနိုင်တို့၏ မိဘအမည်မှန်မှာ ဦးဇော်ထွန်းနိုင် ၁/ဗမန(နိုင်)၀၄၃၄၉၆ နှင့် ဒေါ်ဖြူသင်း ၁/မမန(နိုင်)၀၂၅၅၅၇ ဖြစ်ပါကြောင်း။
**ဦးဇော်ထွန်းနိုင်-ဒေါ်ဖြူသင်း**

### မွေးသက္ကရာဇ်အမှန်
ချင်းပြည်နယ် ကန်ပက်လက်မြို့၊ မြို့မ ၁ရပ်ကွက်နေ (ဘ)ဦးအွမ်ဟုန်း၏ သမီး မဟုန်းထုံအွယ် ၄/ကပလ(နိုင်) ၀၁၇၈၃၂ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၄-၁၂-၁၉၉၉ ဖြစ်ပါကြောင်း။
**မဟုန်းထုံအွယ်**

### မိဘအမည်မှန်
မိုးမောက်မြို့နယ်၊ အထကမြို့သစ်ကျောင်း၊ နဝမတန်းမှ မခင်ထက်ဦး၏ မိဘအမည်မှန်မှာ ဦးဖိုးတုတ် ၈/ထလန(နိုင်) ၀၃၆၉၉၀ နှင့် ဒေါ်ခင်သီတာဝင်း ၁/မမန (နိုင်)၀၃၃၅၆၀ ဖြစ်ပါသည်။ **ဦးဖိုးတုတ်**
**မြို့သစ်ကျေးရွာ၊ မိုးမောက်မြို့နယ်**

### တစ်ဦးတည်းဖြစ်ပါကြောင်း
ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ်၊ စီဟက်ကျေးရွာနေ ဦးလောဖင့်(ခ) ဦးမောင်ဖင့် ၁/မမန(နိုင်)၀၂၂၀၂၈ သည် တစ်ဦးတည်းဖြစ်ပါသည်။
**ဦးမောင်ဖင့်**
**စီဟက်ကျေးရွာ၊ မိုးမောက်မြို့နယ်**

### ဖခင်အမည်မှန်
စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့၊ အထက(အင်းတော်)တက္ကသိုလ်ဝင်တန်း (ဂ) မှ မသူဇာဖြိုး၏ ဖခင်အမည်မှန်မှာ ပုံစံ(၆၆/၆) အရ ဦးဌေးဝင်းဖြစ်ပါကြောင်း။**ဦးဌေးဝင်း**

### ဖခင်အမည်မှန်
မိုးကောင်းမြို့၊ နောင်ကိုင်တော်၊ အထက(၃)၊ ဒုတိယတန်းမှ မချစ်သဥ္ဇာအောင်၏ ဖခင်အမည်မှန်မှာ ဦးစိုးအောင်၁/မကတ(နိုင်)၁၀၃၂၃၅ ဖြစ်ပါသည်။

### မိဘအမည်မှန်
မြစ်ကြီးနားမြို့၊ အလက (၃-နောင်နန်း)၊ ဆဋ္ဌမတန်း (B) မှ မောင်မုန်ဒန်အောင်၏ မိဘအမည်မှန်မှာ ဦးလဂျေဂမ်အောင် ၁/မကန (နိုင်)၂၀၉၅၈၄ နှင့် ဒေါ်ဝေါမီး ၁/ဝမန(နိုင်)၀၆၆၈၆၉ ဖြစ်ပါသည်။

### ဖခင်အမည်မှန်
မြစ်ကြီးနားမြို့၊ အထက (၅)၊ တက္ကသိုလ်ဝင်တန်း $(A_1)$မှ မောင်မုန်ဒန်ခေါင်၏ဖခင်အမည်မှန်မှာ ဦးဇော်မင်းထွန်း ၁/မကန(နိုင်)၀၁၀၇၈၀ ဖြစ်ပါသည်။

### အမည်ပြောင်း
မြစ်ကြီးနားမြို့၊ အထက(မန်ခိန်)၊ နဝမတန်း (D) မှ မောင်လင်းလင်းထွန်းအား မောင်သီဟဇော်ဟုပြောင်းလဲခေါ်ဆိုပါရန်။

### အမည်ပြောင်း
မြစ်ကြီးနားမြို့၊ မနောရတနာကိုယ်ပိုင်အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မောင်ဇေယျာရဲထွဋ်အား မောင်အောင်ကောင်းဆက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

### ပျောက်ဆုံးကြောင်း
ကျွန်တော် ဦးငွေမိုး သင်္ဘောသားမှတ်ပုံတင်စာအုပ်(CDC 93387) မှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၄၂၇၅၁၄၈**

# NCA စာချုပ်လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းရှစ်ဖွဲ့၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့မှ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ ကြေညာချက်ထုတ်ပြန်

**သတင်း - ရဲခေါင်ညွန့်**

**ချင်းမိုင် ဇူလိုင် ၂**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းရှစ်ဖွဲ့၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) အစည်းအဝေးကို ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ဇွန် ၂၈ ရက်မှ ဇူလိုင် ၂ ရက်အထိ ငါးရက်တာကျင်းပခဲ့သည်။

အဆိုပါ အစည်းအဝေးအပြီးတွင် ထုတ်ပြန်ကြေညာချက်တစ်စောင်ကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) ထုတ်ပြန်ခဲ့ပြီး ယင်းထုတ်ပြန်ချက်ကို ချင်းအမျိုးသားတပ်ဦး (CNF)၏ ဥက္ကဋ္ဌ ပူးဇင်းကျုံးက သတင်းစာရှင်းလင်းပွဲတွင် ဖတ်ကြားခဲ့သည်-

PPST၏ ထုတ်ပြန်ချက်တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးထားကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ PPST အစည်းအဝေးကို ဇွန် ၂၈ ရက်မှ ဇူလိုင် ၂ ရက်အထိ ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ ကျင်းပခဲ့ကြောင်း၊ အစည်းအဝေးတွင် လူမျိုးအလိုက်၊ ဒေသအလိုက်၊ အကြောင်းအရာအလိုက် ပြုလုပ်ခဲ့သော အမျိုးသားအဆင့်နိုင်ငံရေး ဆွေးနွေးပွဲများ၊ လုပ်ငန်းကော်မတီ အစည်းအဝေးများနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံ ဒုတိယအစည်းအဝေးအခင်းအကျင်း၊ စိန်ခေါ်မှုများအပါအဝင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ခုလုံး၏ အားနည်းချက် အားသာချက်များကို ပြန်လည်သုံးသပ်မှုများ ပြုလုပ်နိုင်ခဲ့ကြောင်း။

*စာမျက်နှာ ၉ ကော်လံ ၁* ❖



မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နာယက ဦးအောင်ကိုဝင်း ပထမဆုရ ဂျပန်တက္ကသိုလ်အသင်းအား ဆုဖလားချီးမြှင့်စဉ်

# KBZ Bank Cup ပြိုင်ပွဲတွင် ဂျပန်တက္ကသိုလ်အသင်းဗိုလ်စွဲ

**သတင်း - ညီမြတ်သော်တာ၊ ဓာတ်ပုံ - စိုးညွန့်**

**ရန်ကုန် ဇူလိုင် ၂**

၂၀၁၇ KBZ Bank Cup လေးနိုင်ငံ ယူ-၂၂ ဖိတ်ခေါ်ပြိုင်ပွဲ အုပ်စုနောက်ဆုံးနေ့ ပွဲစဉ်များကို ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပရာ ဂျပန်တက္ကသိုလ် အသင်းက အိမ်ရှင်မြန်မာအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး ချန်ပီယံဆု ဆွတ်ခူးရရှိခဲ့သည်။

ချန်ပီယံဆုအတွက် အဆုံးအဖြတ်ပွဲဖြစ်သောကြောင့် နှစ်သင်းစလုံးအားကုန် ထုတ်ကစားခဲ့ပြီး ဘောလုံးပညာပိုသာသည့် ဂျပန်တက္ကသိုလ်အသင်းက ပွဲပြီးခါနီးဂိုးဖြင့် အနိုင်ရကာ အုပ်စုသုံးပွဲစလုံး အနိုင်ရပြီး ချန်ပီယံဆုရရှိခဲ့သည်။ ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်ရေးကြိုးပမ်းနေသည့် မြန်မာ ယူ-၂၂ အသင်းသည် ယခုထက် ခြေစွမ်းပိုကောင်းလာရန် လိုအပ်နေသည်။

မြန်မာအသင်းသည် ဟောင်ကောင်နှင့် ကစားခဲ့သည့် ပွဲထွက်လူစာရင်းကို နှစ်နေရာသာအပြောင်းအလဲလုပ်ခဲ့ပြီး ဟိန်းသီဟဇော် အစား နန္ဒကျော်၊ ရဲရင့်ထွန်း အစား လှိုင်းဘိုဘိုဝင်ရောက်ကစားခဲ့သည်။ ဂျပန်တက္ကသိုလ်အသင်းတွင် အမာခံ

*စာမျက်နှာ ၁၄ ကော်လံ ၁* ❍

# ကိုရီးယား-မြန်မာယဉ်ကျေးမှုဖလှယ်ပွဲ ငြိမ်းချမ်းရေးခေါင်းစဉ်ဖြင့် ပန်းချီပြပွဲပြသ

**သတင်းနှင့်ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန် ဇူလိုင် ၂**

ကိုရီးယား-မြန်မာယဉ်ကျေးမှုဖလှယ်ပွဲ Platform of the peace ပြပွဲကို ဇူလိုင် ၁ ရက်က ရန်ကုန်မြို့ ဗဟန်းမြို့နယ် အင်းလျားမြိုင်လမ်း New Treasure Art Gallery ၌ ကျင်းပခဲ့သည်။ (**အောက်ပုံ**)

"ကျွန်မတို့ ဒီနှစ်က ကိုရီးယားအာဆီယံယဉ်ကျေးမှုဖလှယ်ပွဲနှစ်ဖြစ်လို့ ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးဌာနအကူအညီနဲ့ လာရောက်ပြသတာဖြစ်ပါတယ်။ ခေါင်းစဉ်က ငြိမ်းချမ်းရေးပါ။ ငြိမ်းချမ်းရေးဆိုတာ တစ်ကမ္ဘာလုံးက တောင့်တနေကြတာဖြစ်ပါတယ်။ ဒီပြပွဲမှာ ငြိမ်းချမ်းရေးဆိုတဲ့ပြကွက်ခံစားမှုပါအောင် ပြသထားတာဖြစ်ပါတယ်။ မြန်မာနိုင်ငံက ငြိမ်းချမ်းရေးရနေတယ်ဆိုတာ ခံစားရတယ်။ ဒီတစ်ခေါက်ပြပွဲက ပြည်သူများတောင့်တနေကြတဲ့ ငြိမ်းချမ်းမှုအတွက်ရည်ရွယ်ပြီး ပန်းချီကားတွေ ရေးဆွဲပြသထားတာဖြစ်ပါတယ်"ဟု ကိုရီးယားသမ္မတနိုင်ငံမှ ပြခန်းတာဝန်ခံ Ms. Kim Yisun က ပြောသည်။

အဆိုပါပြပွဲတွင် ကိုရီးယားသမ္မတနိုင်ငံမှ ပန်းချီပန်းပုဆရာ ၁၀ ဦး၊ မြန်မာနိုင်ငံမှ ပန်းချီပန်းပုဆရာ ၁၀ ဦးတို့က ဆီဆေး၊ ရေဆေး၊ ကြေး၊ သံ၊ သစ်သား ပလာစတာ တို့ဖြင့် ကိုယ်ကြိုက်နှစ်သက်သည့် အတွေးအခေါ်အယူအဆ ပန်းချီ၊ ပန်းပုလက်ရာများကို ရေးဆွဲပြသထားကြပြီး ပြပွဲကို ဇူလိုင် ၆ ရက်အထိ ပြသထားမည်ဖြစ်ကြောင်း သိရသည်။



